
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၀၀၀၃၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၆၆၀၃၀၀
ထုတ်ဝေသူ - ဒေါ်သင်းသင်းမွန် (သင်းစာပေ)
အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဒေါ်နီနီခိုင် (၀၅၁၃၅)
သီရိမေ ရောင်စုံပုံနှိပ်တိုက်
အမှတ်(၁၉)၊ လမ်း(၉၀)၊
ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်၊
ရန်ကုန်မြို့။
တွင်းဖလင် - ဦးထွန်းဆိုင်
ခုပ်ချုပ် - သီရိမေ
ပျူတာစာစီ - (Asia Glory)
ပ်ခြင်း - ၂၀၁၀ ခုနှစ်၊ မေလ
(ပထမအကြိမ်)
အုပ်ရေ - ၅၀၀
တန်ဖိုး - (၁၅၀၀) ကျပ်

၈၉၅ . ၈၃
မှိုင်းနှင်းသီ
နှုံ့ရုပ်/မှိုင်းနှင်းသီ-ရန်ကုန်
သင်းစာပေ၊ ၂၀၁၀
[illegible]
(၁) နှုံ့ရုပ်



မိဘတွေရဲ့ရင်ထဲကို အဆုံးစွန်ထိ ထိုးဖောက်ဝင်ကြည့်ပြီး နားလည်လာတဲ့တစ်နေ့မှာ သားသမီးတိုင်း မိဘကျေးဇူးကို ပြန်ဆပ်နိုင်ဖို့ ရည်ရွယ်ပြီး ဒီ 'နှုံ့ရုပ်'ဆိုတဲ့ စာအုပ်လေးကို အသက်သွင်းရခြင်း ဖြစ်ပါတယ်။

'နှုံ့ရုပ်'ကို ဖတ်ပြီး
ငိုရတယ်. . မျက်ရည်ကျရတယ်ဆိုရင်
ကျွန်မမှာ အပြစ်ရှိပါတယ်
ကျွန်မရဲ့အဖေ မြတ်တင်အောင်မှာလည်း တာဝန်ရှိပါတယ်
ဘာလို့ဆို အဖေက ကျွန်မ Drama ရေးရင်
သိပ်ကျေနပ်တာလေ. .

ဆောင်းညပြာသီတာဃ

www.burmeseclassic.com

www.burmeseclassic.com



Drama တောင်မှ Heavy Drama မှ ကြိုက်တာ. .
အနုပညာဖန်တီးမှုသက်သက်ဆိုပေမယ့်
ဒီကမ္ဘာပေါ်မှာ
သားသမီးမသိအောင် ကြိတ်ပြီး ကျနေတဲ့
မိဘတွေရဲ့မျက်ရည်တွေ
နေရာတိုင်းမှာ ရှိနေမှာပါ. . .
ဆုတောင်းတိုင်းသာ ပြည့်မယ်ဆိုရင်
ကျွန်မတောင်းချင်တဲ့ဆုက တစ်ဆုတည်းပါ
မိဘတိုင်း
**မျက်ရည်မိုးတွေ စဲပါစေလို့. . . .**

မူပိုင်နှင်းဆီ

မူပိုင်နှင်းဆီကို Facebook ပေါ်တွင်လည်း
အားပေးနိုင်ပါသည်။
Find "Mu Paing Rose"on Facebook and
become a fan





မိုးကောင်းကင်မှာ ကြယ်တွေ စုံညီနေသည်။ မြောက်ပြန်လေတိုက်ပြီး ချမ်းချမ်းစီးစီးရှိတဲ့ ဒီလိုလတွေမှာ တောင်သူတွေ လုပ်ငန်းခွင်ထဲက ပြန်ရောက်တာနှင့် ထမင်းစောစောစားပြီး စောစီးစွာ အိပ်တတ်ကြပါသည်။

ခြေတံရှည်တဲ့ လယ်စောင့်တဲကလေးတစ်လုံးမှာ မရင်ငွေ့တို့ မိသားစုခုနစ်ယောက် နေထိုင်ကြပါသည်။

ဘာအဆောင်အယောင်မှမရှိတဲ့ ပကတိ အဖြူထည်ဘဝလေးမှာ မရင်ငွေ့ မက်မောတာဆိုလို့ သားသမီးဆိုတဲ့ ရတနာလေးတွေပါ။

သား ငါးယောက်ရှိတာကို သူမ အလွန်ဂုဏ်ယူသည်။ တစ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကြီး တစ်နှစ်ငယ် နှစ်နှစ်ငယ် သားလေးတွေရှိနေရင်ပဲ သူမဘဝ ပြီးပြည့်စုံနေပြီဟု ထင်သည်။

မရင်ငွေ့ရဲ့ရင်ခွင်ထဲမှာ နို့စို့ပြီး မှေးနေတာက အငယ်ဆုံး သားလေး နီတွတ်. . အမေ့လက်ချောင်းကို သူ့လက်လေးတစ်ဖက် နှင့်ဆုပ်ထားသေးသည်။

နို့ညှာလေး တုံ့တုံ့က အနားမှာထိုင်ပြီး သူ မစို့ရတော့တဲ့ နို့ကို အစားဝင်စို့နေတဲ့ သူ့ညီလေးကို ငေးပြီး ကြည့်နေရှာသည်။ ဒီလိုမြင်ရပြန်တော့လည်း မရင်ငွေ့ စိတ်မကောင်းပါ။

'သားလေး. . ချိုစို့ချင်လို့လား'

တုံ့တုံ့လေးက အံ့သြဝမ်းသာသွားပြီး ခေါင်းလေး ညိတ်ပြသည်။ ခမျာ နှစ်နှစ်ကျော်ကျော်လေးပဲ ရှိသေးတာဆိုတော့ စို့ချင်ရှာမှာပေါ့။ ကလေးနီးလို့သာ ထမင်းရည်တိုက်ပြီး နို့ဖြတ်လိုက်ရတာ။

'လာ. . သား. . ဒီဘက်ကနို့ လာစို့'

သားတွေအတွက်ဆို မေတ္တာတရားက တစ်ပြေးညီရှိသည်။ အာဟာရ မပြည့်လို့ ပိန်လှီနေ့ပေမယ့် သူမရဲ့ နို့ရည်ဟာ မေတ္တာ ဓာတ်တွေ လွှမ်းခြုံနေတဲ့အတွက် ကလေးတွေ အာဟာရဖြစ်စေမည် ဟု သူမ ယုံကြည်ပါသည်။

ငါးနှစ်ကျော်ပြီဖြစ်သော အကြီးဆုံးသားလေး စာဝါက သူ့





အောက် ညီလေးနှစ်ယောက် ဖြစ်တဲ့ စုဘူးနှင့် ဘောလုံးကို ပြတင်း ပေါက်မှတစ်ဆင့် လှမ်းမြင်နေရသော ကြယ်ကလေးတွေကို ခေါ်ပြီး ပြနေသည်။

'ဝါး. . ကြယ်တွေ. . ကြယ်တွေ. . အားကြီးပဲနော် ကိုကို'

စုဘူးက အံ့သြပြီး အထူးအဆန်းဖြစ်ကာ ထ,အော်သည်။ သုံးနှစ်ကျော် ဘောလုံးလေးက သူ့အစ်ကိုနှစ်ယောက် ကြည့်သလို ကြယ်တွေကို လိုက်ကြည့်နေသည်။

စာဝါက သူ့မေမေကို လှမ်းခေါ်ပြီး ကြယ်လေးတွေကို ပြသည်။

'မေမေရေ. . မေမေမြင်လားဟင် ကြယ်လေးတွေ အများကြီးပဲနော်'

မရင်ငွေ့က သားကြီးကို ကြည်နူးစွာ ပြုံးပြီး ကြည့်သည်။ ဒီအရွယ်ဆိုတာမျိုးက စူးစမ်းလေ့လာသင်ယူတဲ့အရွယ်ပေကိုး။ စာဝါ လေးက ဘာမဆို သိချင်တတ်ချင်သည်။

မေးခွန်းတွေကို သူလိုချင်တဲ့အဖြေ မရမချင်း ချက်ကျလက် ကျမေးတတ်သည်။ သူလက်ခံနိုင်အောင် အကျိုးသင့်အကြောင်းသင့် ရှင်းပြမှကျေနပ်သူဖြစ်သည်။

'မိုးကောင်းကင်ဆိုတာ ကြယ်လေးတွေစုံမှ တင့်တယ်တာ



www.burmeseclassic.com

www.burmeseclassic.com



သားရဲ့၊ မွှေးမွှေးလိုပေါ့. . ဟောဒီသားလေးတွေရှိမှ ရမမေ့ဘဲ ပြည့်စုံတာလေ. .'

'ဟင်. . ဒါဆို သားတို့က ကြယ်လေးတွေပေါ့'

မျက်လုံး တောက်တောက်ကလေးတွေနဲ့ မေးလည်း မေးတတ်တဲ့ သားလေး။

'ဒါပေါ့ သားရဲ့'

မရင်ငွေ့က အိပ်ပျော်နေပြီဖြစ်သော နီတွတ်လေးကို သူ့အဖေကိုစံလှအောင်နံဘေးမှာချခဲ့ပြီး တုံတုံလေးကို ချီလာကာ စာဝါတို့နံဘေးမှာ လာထိုင်သည်။

'အဲဒီကြယ်လေးတွေကို မေမေ နာမည်ပေးမယ်နော်၊ ဟောဟိုက ကြယ်လေးက စာဝါတဲ့'

'စုဘူးရေ. . မှတ်ထားနော်၊ အဲဒီကြယ်က ကိုကိုတဲ့'

စာဝါလေး ပျော်နေသည်။

မရင်ငွေ့က ခပ်လှမ်းလှမ်းမှ ကြယ်လေးတွေကို ထိုးပြပြီး

'ဟိုကြယ်လေးက စုဘူး. . နောက်ကြယ်လေးက ဘောလုံး၊ ဟိုဘက်က တုံတုံ. . ဟိုးကြယ်ပိစိလေးက နီတွတ်. . ဟုတ်ပြီနော်'

စုဘူးနှင့် ဘောလုံးက အမေပါးကို ဘယ်တစ်ယောက် ညာတစ်ယောက် နမ်းလေသည်။





စာဝါလေးက မကျေမနပ်ဖြစ်ကာ

'မေမေ. . ညီလေးတွေကို သားအနားမှာ ကပ်ကပ်ကလေး ထားတာမဟုတ်ဘူး၊ ဘာဖြစ်လို့ ဟိုးအဝေးမှာ ထားရတာလဲ'

မရင်ငွေ့က သဘောပေါက်သွားပြီး

'မေ့လို့ပါ သားရယ်၊ သားမကြိုက်ရင် မေမေ ပြန်ရွှေ့ပေးမယ်နော်. . ကဲ. . ကြီးစဉ်ငယ်လိုက် တန်းစီပြီး ပြန်မှည့်ပေးမယ်'

ကပ်လျက်ရှိသော ကြယ်ကလေး ငါးလုံးကို စာဝါ၊ စုဘူး၊ ဘောလုံး၊ တုံတုံ၊ နီတွတ်လို့ ပြောင်းပေးလိုက်မှ စာဝါလေးကျေနပ်သွားသည်။

'ဟိုသားအမိတွေ အိပ်ကြတော့လေ. . ငါတော့ ငါ့သားနီတွတ်လေးကိုဖက်ပြီး အိပ်တော့မယ်၊ သူ့ကိုယ်လေးက နွေးနေတာပဲ'

'ရှင်သာ စောစောအိပ်ပါ ကိုရင်ရယ်. . မနက်စောစောထပြီး ကျွန်မကလေးတွေအတွက် ဟင်းစားငါးလေး သွားရှာပေးစမ်းပါ၊ ဘုရားသိကြားမလို့ လယ်ငါးခူလေးတွေ ရပါစေတော်၊ သူတို့ခမျာ နေ့တိုင်း ငါးပိရည်နဲ့ ကန်စွန်းရွက်ပဲ စားနေရတာ'

ကိုစံလှအောင် အသံတိတ်သွားသည်။ စိတ်မကောင်း ဖြစ်သွားပြီ ထင်သည်။ သက်ပြင်းချသံသဲ့သဲ့ကို ကြားလိုက်ရသည်။

'မင်းမပြောလည်း ငါ့သားတွေကို ငါကျွေးချင်ပါတယ်ကွာ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတ[illegible]ကျတော့ ဖြစ်ချင်ရာဖြစ် ငွေများများရတဲ့အလုပ် လုပ်ချင်လာတယ် ရင်ငွေ့ရယ်. . ဒါမှ ငါ့သားလေးတွေ အူစိုဝမ်းစိုရှိလာမှာ. . ငါတို့ ပညာမတတ်ခဲ့လို့ ရွှံ့တွေ ဗွက်တွေထဲမှာ အခုထိ ရုန်းကန်နေရတုန်း. . ဒါတောင်မှ ငတ်တစ်လှည့်ပြတ်တစ်လှည့်ရယ်. . သားလေးစာဝါကို ရှေ့နှစ်ကျရင် ကျောင်းထားနိုင်အောင် လုပ်ရမယ်'

'သားကို ကျောင်းထားဖို့ ကျွန်မလည်း ငွေကို ခြစ်ခြုတ်ပြီး စုနေပါတယ် ကိုရင်. . ဒီသားလေးက နေတက်ရေတက်မှာ မွေးတဲ့အတွက် ထွန်းထွန်းပေါက်ပေါက် ဖြစ်မှာ ကျွန်မ ယုံတယ်. . . ရှင့်ကို တစ်ခုပဲ ပြောချင်တယ်. . ကျွန်မတို့သားအမိအတွက်နဲ့တော့ ဘုရားမကြိုက် နတ်မကြိုက်တဲ့အလုပ်တွေ လုပ်ပြီး ရှာမကျွေးပါနဲ့ . . အခုရှင်ရှာကျွေးတဲ့ထမင်းက သန့်ရှင်းတော့ ကျွန်မတို့အားလုံး အာဟာရဖြစ်တာပဲ မဟုတ်လား'

မရင်ငွေ့က လင်ဖြစ်သူကို အားပေးတတ်ပြီး ရောင့်ရဲတတ်သောပါရမီဖြည့်ဘက် ဖြစ်သည်။ ဆင်းဆင်းရဲရဲနေရလို့လည်း ဘယ်သောအခါမှ ငြူစူတတ်သူ မဟုတ်ပါ။

'မိအေးပါကွာ. . ငါလည်း စကားအဖြစ် ပြောကြည့်တာပါ၊ ကလေးတွေ သိပ်လိုက်တော့ ရင်ငွေ့'

နီတွတ်ကလွဲပြီး ကျန်ကလေး ရွေးယောက်စလုံးသည် သူ





တို့အမေ၏ သီချင်းသံ မကြားလျှင် မအိပ်တတ်ကြပါ[illegible]ရင်ငွေ့က ကလေးတွေကို သူ့ရင်ခွင်ထဲမှာ ထွေးပွေ့ထားပြီး သူမ ဆိုနေကျ သားချော့တေးကို စပြီး ဆိုပါသည်။

(သားချော့တေး)

♫ လယ်ကွင်းထဲမှာရှိနေတာ
အမေ့ရဲ့အိမ်ကလေး
ခြေတံကလေးရှည်
အမိုးက ယိုလို့ ကြမ်းပေါက်တယ်
အမေ့သားလေးတွေ ရှိနေရင်
ပြီးပြည့်စုံတဲ့ ဘဝလေးပါ
ရှုပ်ပါးမကာတဲ့ လောကဓံတွေ
လာစမ်းပါ့စေလေ. .
ခါးစည်းခံဖို့ ရင်ကိုဖွင့်ကာ
ဘာမှမမှုဘူး
အမေ မကြောက်ဘူးကွယ်
လယ်ကွင်းထဲက
ရွှံ့တွေဟာ



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့မှာတော့
အသွင်ပြောင်းကာ
အမေပုံသွင်းမယ့် ရွှံ့ရုပ်တွေ
ကမ္ဘာကျော်မယ့် ရွှံ့ရုပ်တွေ ♫

တစ်ကျော့ပြီးတစ်ကျော့ ပြန်ပြန်ဆိုသော သီချင်းသံအဆုံးမှာ ကလေးတွေအားလုံး အိပ်မောကျကုန်ပါသည်။ တစ်ယောက်ချင်းစီကို ခြင်ထောင်ထဲသွင်းရင်း သူတို့လေးတွေရဲ့ပါးလေးတွေကို ညင်သာစွာ နမ်းရှိုက်မိသည်။ မရင်ငွေ့အတွက်တော့ ထိုအပြုအမူလေးသည် မနက်ဖြန်အတွက် ခွန်အားဖြစ်စေပါသည်။

အပြစ်ကင်းလိုက်ကြတာ. . ချစ်စရာကလေးတွေ၊ အိပ်နေလိုက်ကြတာလည်း အတုန်းအရုံးပါပဲလား။ ရွှံ့ရုပ်ကလေးငါးရုပ်ကို သူမ ဘယ်လိုပုံသွင်းရမလဲ။

မရင်ငွေ့ နားထဲတွင် ရွာထဲမှ သားဖွားဆရာမ ပြောလိုက်သော စကားတစ်ခွန်းကို ကြားယောင်လာသည်။

'ကလေးတွေကို လူ့ဘဝထဲခေါ်ပြီး တာဝန်မကျေရင် အလကားပဲ မရင်ငွေ့. . သူတို့ကို ညှင်းဆဲသလို ဖြစ်တော့မှာပေါ့. . ရှင်သားဆက်ခြားသင့်ပြီနော်'





ပထမကြားစမှာတော့ နားထဲမှာ ခါးချင်သည်။ ကိုယ့်ဗိုက်နဲ့ကိုယ်မွေးတာပဲ သူ့အပူမှတ်လို့ဟု ကွယ်ရာတွင် ပြောမိသည်။

တစိမ့်စိမ့်ပြန်တွေးကြည့်တော့လည်း ဟုတ်နေသလိုပါပဲ။

မပြည့်စုံတဲ့ဘဝထဲမှာ ပြည့်စုံခြင်းတွေကို ချက်ချင်းဆောင်ကြဉ်းပေးနိုင်မှာမှ မဟုတ်တာ။ ဒါဆို နောင်တစ်ချိန်ကျရင်ကော. . ဟင့်အင်း. . ဝါးတားတားပါပဲ. .

နောက်ထပ် ကလေး ထပ်မယူတော့ဘူးဟု သူမ ဆုံးဖြတ်လိုက်ပါသည်။ ရှိတဲ့ကလေးတွေကိုပဲ ပိုပြီးပြည့်စုံအောင် ထားနိုင်ဖို့၊ ကျွေးမွေးနိုင်ဖို့ ကိုရင်နဲ့အတူ ငွေဝိုင်းရှာဖို့ စိတ်ပိုင်းဖြတ်ပြီးချိန်တွင် သူမ နှစ်ခြိုက်စွာအိပ်ပျော်သွားခဲ့ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



မရင်ငွေ့ ဆုတောင်းပြည့်ပါသည်။ ဘုန်းကြီးတွေ ဆွမ်းခံထွက်သောအချိန်တွင် ကိုစံလှအောင် ပြန်လာသည်။ သူ့လက်ထဲတွင် ဆွဲလာသော လယ်ငါးခူတွဲကို လှမ်းမြင်သောအခါ သားတွေမှာ ပျော်လွန်းလို့ ဆွေ့ဆွေ့ခုန်နေသည်။

'ညီလေးတို့ရေ. . ငါးတွေမှအများကြီးပဲနော်. . ဒီနေ့ ကိုကိုတို့ ငါးဟင်းစားရတော့မယ်ဟေ့'

စာဝါက သူ့အဖေလက်ထဲမှာ ရှိတဲ့ တစ်ထွာကျော်ကျော် လယ်ငါးခူလေးဇတွကို ကြည့်ပြီး ပြောတော့ စုဘူးနှင့် ဘောလုံးက ဆော့နေရာမှ ချက်ချင်းဗိုက်ဆာလာပုံရသည်။

'မေမေရေ. . မေမေ ဗိုက်ဆာပြီ. . ဟင်းမြန်မြန်သွားချက်တော့'





'သားလေးတွေ ဗိုက်ဆာရင် မေမေချက်ကျွေးမှာပေါ့. . . ခဏလေးစောင့်နော်'

ကိုစံလှအောင်က သူ့လက်ထဲမှ ငါးတွေကို မရင်ငွေ့လက်ထဲ ထည့်ပေးပြီး

'ရင်ငွေ့. . ငါသားနီတွတ်လေးရော. . '

'နို့တွေ နင်းကန်စို့ပြီး ပြန်အိပ်နေပြီရှင့်၊ ကိုရင်. . ရှင် တုံတုံလေးကို ခဏကြည့်ပေးထားနော်'

'အေးပါကွာ. . . မင်း ဟင်းချက်ပြီးမှ ငါ အဝတ်တွေ လျှော်လိုက်မယ်'

သွေးနုသားနုဆိုတဲ့ အသိလေးကြောင့် ကိုစံလှအောင်က သူမကို အဝတ်ပင် ပေးမလျှော်ပါ။

သူဟာ ငွေတွေ အများကြီး မရှာတတ်တာက လွဲရင် သူမအတွက်တော့ လင်ယောက်ျားကောင်းတစ်ယောက် ဆိုတာ သေချာသည်။

အနေစုတ်ပေမယ့် စာနာစိတ်အပြည့်ရှိတဲ့အတွက် မရင်ငွေ့ ကျေနပ်ပါသည်။

လယ်ငါးခူလေးတွေ ကြော်ပြီး ကြွပ်ရွလာချိန်တွင် မရင်ငွေ့သည် ထမင်းကို ဇလုံကြီးနှင့် အပြည့် ထည့်ကာ မနက်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ချက်ထားသော ချဉ်ပေါင်ဟင်းရည်ကို ဆမ်းပြီး ငါးပိရည် နည်းနည်း ခပ်ထည့်လိုက်သည်။ ငါးခူကြော်ကို အသားတွေ နွှင်ပြီးသောအခါ အကြီးသုံးယောက်ကို လှမ်းခေါ်သည်။

'စာဝါရေ့ . . သား . . ညီလေးတွေ ခေါ်ခဲ့တော့ဟေ့၊ မေမေ ထမင်းခွံ့ကျွေးမယ်'

'ဟုတ်ကဲ့ပါ မေမေ'

တုံတုံလေးက သူ့အဖေပေါင်ပေါ်မှာ ထိုင်နေရာမှ ထမင်းဇလုံလည်း မြင်ရော အပြေးကလေး ရောက်ချလာသည်။ ဒီကလေးက စကားပြောနှေးပေမယ့် အကင်းပါးသည်။

အနိုပ်ပြလျှင် အကောင်ထင်သည်။

ခုလည်း ကြည့်လေ။ သူ့အစ်ကိုတွေထက် ဦးအောင် အမေ ရှေ့မှာလာထိုင်ပြီး နေရာယူထားသည်။

မရင်ငွေ့လိုအမေမျိုးက ရှားပါသည်။

ကလေးတွေကို ထမင်းကျွေးတဲ့အခါ ဇလုံကြီးတစ်လုံးထဲမှာ မရှိ ရှိတဲ့ ဟင်းနှင့် နယ်ဖတ်ပြီး ကိုယ်တိုင်ကျွေးရမှ ကျေနပ်သူ ဖြစ်သည်။

ရော့ . . ထမင်းစားကြတော့ ဆိုပြီး ပြီးစလွယ်ချကျွေးတတ်တဲ့ အမေမျိုး မဟုတ်ပါ။





သူမစိတ်ထဲမှာ သားတွေကို တစ်ချိန်တည်းအတူတူ ဗိုက်ပြည့်စေချင်သည်။

ကိုစံလှအောင်ကတော့ ဆေးပေါ့လိပ်ကြီးခဲပြီး သူတို့သားအမိတွေကို ကြည်နူးစွာ ပြုံးကြည့်နေသည်။

သူ့ အရင်ခွံ့ပါ . . ငါ့ အရင်ခွံ့ပါနှင့် ငါးခူကြော်တနံ့ခိုးနှင့် ခါတိုင်းနေ့တွေထက် ပိုပြီး ဆူညံနေသည်။

'ရော့ . . စာဝါပြီးရင် စုဘူးအလှည့်'

စာဝါလေးက ထမင်းကို ပလုတ်ပလောင်းဝါးနေရင်းမှ

'မေမေ . . သား ဖေကြီးနဲ့ ဘုန်းကြီးကျောင်းမှာ စားရတဲ့ ထမင်းက သိပ်ကောင်းတာပဲ သိလား၊ ဒီထမင်းနဲ့ ဟိုထမင်းက ဘာကွာလို့လဲဟင်'

သားလေးစာဝါက ဆန်ကြမ်းနှင့်ပေါ်ဆန်းကို ခွဲခြားတတ်နေပြီပဲ။

ခက်တာက ပေါ်ဆန်း ဆိုတာမျိုးက မြင်သာမြင် မကြာင်ရတဲ့အမျိုးလေ . . စပါးဈေးကောင်းနေလို့ ကိုယ့်ဝေစုရတဲ့ ပေါ်ဆန်းတွေကို ရောင်းပြီး သားတွေအတွက် လိုအပ်တာဖြည့်ဆည်းပေးနေရသည်။

တံငါသည် ငါးအကောင်းမစားရသလို တောင်သူတွေ ဆန်



www.burmeseclassic.com

www.burmeseclassic.com



အဆောင်းမစားရတတ်တဲ့ လောကသဘာဝကို သားလေးနားလည် အောင် သူမ ဘယ်လိုရှင်းပြရမှာလဲ။

'မေမေ. . မံမံ ချားမယ်'

တုံတုံလေး အော်မှ သူမ စိတ်တွေ ပြန်ပြီး စုမိသွားသည်။

'ဘုန်းကြီးကျောင်းမှာ အလှူလုပ်လို့ ကျွေးတဲ့ထမင်းက ပို ကောင်းမှာပေါ့ သားရယ်. . မေမေတို့အိမ်နဲ့တော့ ကွာမှာပေါ့ကွယ်'

'ဒါဆို သားတို့ နေ့တိုင်း ဘုန်းကြီးကျောင်းမှာပဲ သွားစား တော့မယ်'

'အို. . ဒီကလေးဟာလေ. . ဟင်း. . ဟင်း. . ကိုရင်·ဒီမှာ ရှင့်သားတွေကို ကြည့်ပြောဦး'

မရင်ငွေ့က သားတွေအပြောကို သဘောကျစွာ ရယ်နေ သည်။

'ဒီအမေနဲ့ ဒီသားတွေ ဟုတ်တော့ နေပါပြီလေ'

ကလေးအဝတ်တွေ၊ အနှီးတွေကို ဇလုံတစ်လုံးထဲထည့်ပြီး အဝတ်လျှော်ဖို့ ပြင်နေသော ကိုစံလှအောင်က

'ရင်ငွေ့ရေ. . ငါ အဝတ်လျှော်ပြီးမှပဲ စားတော့မယ်ကွာ၊ မင်း ဆာရင် စားနှင့်နော်၊ တော်ကြာ နီတွတ်လေး နိုးလာဦးမယ်'

လင့်မယားနှစ်ယောက် ထမင်းလက်ဆုံ မစားရတာ ဘယ်





လောက် ကြာနေပြီလဲ။ ဒီလိုပဲ ကလေးတွေကို အလှည့်ကျထိန်းရင်း ကြုံသလို စားနေရတာ။

စံလှအောင်ဆိုတဲ့ ယောက်ျားက ငွေသာ မရှိတာ၊ မိန်းမကို ခြေမွေး မီးမလောင်၊ လက်မွေး မီးမလောင် ထားချင်သောသူ ဖြစ် သည်။

ချို့တဲ့တာကလွဲပြီး မိန်းမ စိတ်ဆင်းရဲအောင် လုပ်တတ်သူ မဟုတ်ပါ။ ရွှေတွေ၊ ငွေတွေ ပုံပေးထားပြီး မိန်းမကွယ်ရာမှာ ဖောက် ပြန်နေတတ်တဲ့ စာချို့ တချို့သောယောက်ျားတွေနှင့်စာလျှင် ကိုရင် က သစ္စာကတိ တည်ကြည်သူဖြစ်သည်။

ထိုအချက် တစ်ခုတည်းနှင့်တင်. . . မရင်ငွေ့သည် ကိုရင့် အတွက် ဂုဏ်ယူမဆုံးဖြစ်ရသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



သားငါးယောက်မှာ အကြီးသုံးယောက်က တစ်ယောက်ကို စရိုက်တစ်မျိုးစီ ရှိကြသည်။

တစ်ယောက်တစ်မျိုးစီကွဲပြားနေသော ဝါသနာနှင့် အကျင့်စရိုက်လေးတွေကို မရင်ငွေ့ တဖြည်းဖြည်းသတိထားမိလာသည်။

စာဝါလေးက အင်မတန်မှ လိမ္မာပါးနပ်သည်။ သနားကြင်နာတတ်သည်။ အကြီးပိပိ အငယ်တွေကို စာနာပြီး အလျှော့ပေးတတ်သည်။ အမေ့ကိုဆိုလည်း ချစ်လိုက်တာမှ တုန်လို့. . . ဒီအရွယ်ကလေးနှင့် ဘုရားမှန်း တရားမှန်း သိသည်။ ဘုရားစာတွေ စိတ်လိုလက်ရ သင်ယူတတ်သည်။ မိဘကို ကူညီချင်စိတ်ရှိသည်။

စုဘူးလေးက ဘယ်အချိန်ပဲ ဆော့ဆော့ ဆရာဝန်ပဲ လုပ်သည်။ အချိန်တိုင်းမှာ သူက ဆရာဝန်ပဲ. . တစ်ပြားမှ မလျှော့တာ။





ကြီးလာရင် သူ့ဝါသနာအတိုင်း ဆရာဝန်ကြီးဖြစ်စေချင်လိုက်တာလေ. . . ဖေဖေကြီးအိုကြီးမှာ အခမဲ့ဆေးလိုက်ကုပေးတဲ့ မေတ္တာနဲ့ ဆရာဝန်ကြီး ဖြစ်စေချင်တာ။

ဘောလုံးကျတော့ ဝါးသေနတ်တစ်လက်နဲ့ တဗိုင်းဗိုင်း ပစ်ပြီး စစ်သားလုပ်တမ်းဆော့သည်။ စစ်သားအကျီလည်း အချိန်တိုင်းမှာ ပူဆာတတ်သည်။ အမှန်တကယ်လည်း ဒီကလေးက ရဲရင့်သည်။ သတ္တိရှိသည်။

တုံတုံနှင့်နီတွတ်လေးက ငယ်သေးတော့ သူတို့ဝါသနာကို ခန့်မှန်းလို့ မရနိုင်သေးပါ။

နုနယ်တဲ့ ဒီအရွယ်လေးတွေဟာ ပုံသွင်းလို့ အကောင်းဆုံးအရွယ်ပါပဲ။ ကိုယ်လိုချင်တဲ့ ပုံသဏ္ဌာန်အတွင်း ဆွဲသွင်းဖို့ပဲ လိုတာ. . ပမာတင်စားပြီး ပြောရမယ်ဆိုရင် ကလေးတွေဟာ ပုံသွင်းရလွယ်ကူတဲ့ ရွှံ့တုံးလေးတွေနှင့် အလားသဏ္ဌာန်တူသည်။

မရင်ငွေ့အနေနှင့် သားလေးတွေဟာ ရွှံ့ဖြစ်နေရင်လည်း သူမ ကိုယ်တိုင်ပုံသွင်းရသည့် ရွှံ့ရုပ်ကလေးတွေ ဖြစ်စေချင်သည်။

တကယ်လို့ သစ်သားဖြစ်နေခဲ့ရင်လည်း ကိုယ်တိုင်ထုဆစ်ရတဲ့ ပန်းပုရုပ်လေးတွေပဲ ဖြစ်စေချင်တာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေလက်ထဲမှ ဝါးကျည်တောက်စုဘူးလေးကို ကြည့်ပြီး စာဝါ၏မျက်လုံးလေးတွေ ကြယ်ပွင့်လေးတွေလို လင်းပလာ၏။

'တွေ့လား သားကြီး၊ ဟောဒီငွေတွေက ငါ့သားကို ကျောင်းထားဖို့ မေမေစုထားတာ. . . ဒီငွေလေးတွေကို မေမေလက်ဖျားနဲ့တောင် မတို့ရက်ပါဘူးကွယ်'

'တကယ်ပြောတာနော် မေမေ တကယ်ပြောတာနော်. . . သား. . သား ကျောင်းနေရတော့မှာပေါ့၊ ညီလေးတွေလည်း ကျောင်းနေရမှာလား မေမေ'

မရင်ငွေ့သည် အဖြူရောင်တိမ်စိုင်လေးတွေ ရွေ့လျားနေတာကိုကြည့်ပြီး သက်ပြင်းကို ငွေ့ငွေ့လေး ချမိသည်။

'နေချိန်တန်ရင် နေရမှာပေါ့ သားရယ်. . . မေမေလက်နဲ့





ပုံသွင်းလိုက်တဲ့ လယ်ကွင်းထဲက နွံ့ရုပ်ကလေးတွေ ကမ္ဘာမကျော်ဘူးလို့ ဘယ်သူပြောနိုင်မလဲနော်. . သားကြီး ကြိုးစားမယ် မဟုတ်လားဟင်'

စာဝါက မဆိုင်းမတွ ပြန်ဖြေလေသည်။

'ကြိုးစားမှာပေါ့ မေမေရ. . အခုဆို ဘဘုန်းသင်ပေးထားလို့ ကကြီး ခခွေး သင်ပုန်းကြီးဖတ်စာတွေ သား ရနေပြီဗျ၊ မေမေပြောသလို ကမ္ဘာကျော်ကြီးဖြစ်အောင် လုပ်မယ်နော်'

ထို့နောက် စာဝါက စုဘူးနှင့် ဘောလုံးကို သွားခေါ်လာသည်။

'ညီလေးတို့ ကိုကို သင်ပေးထားတဲ့ ကဗျာလေး မေမေ့ကို ဆိုပြရအောင်နော်'

(ကဗျာ)

အဖေ အမေ စကား
နားထောင်မယ်
ရိုသေလို့ ချစ်ပါ့မယ် . . .
ဆရာ. . ဆရာမ စကား
နားထောင်မယ်
ရိုသေလို့ ချစ်ပါ့မယ် . . .



www.burmeseclassic.com

www.burmeseclassic.com



လက်အုပ်ကလေးတွေ ချီကာ သံပြိုင်သီဆိုနေသော သား သုံးယောက်ကို ကြည့်ပြီး ရင်ထဲမှာ ငြိမ်းသွားအောင် ပီတိ ဖြစ်ရပါသည်။

ဘာမှနားမလည်သေးတဲ့ တုံတုံ့လေးက ဘာတွေ သဘော ကျနေမှန်းမသိ. . လက်ကလေးနှစ်ဖက်ဖြင့် လက်ခုပ်တီးကာ စည်း ချက်လိုက်နေလေသည်။

ကဲ. . . ပိုက်ဆံ ချမ်းသာလှချည်ရဲ့ ဆိုတဲ့ သူဌေးကြီးတွေ ကျွန်မတို့သားအမိတွေလို ပျော်နိုင်ကြလို့လား. .

လူကုံထံသူဌေးအိမ်တွေမှာပဲ ပျော်စရာရှိတာ မဟုတ်ပါဘူး . . . မွဲလွန်းလို့ ဖုတ်ဖက်ခါကျနေတဲ့ ကျွန်မတို့ရဲ့လယ်စောင့်တဲက လေးမှာလည်း ပျော်စရာဆိုတာ ရှိပါသေးတယ်. . နေတတ်ရင်တော့ ကျေနပ်စရာကြီးပါပဲ။ မနေတတ်ရင် လူဖြစ်ရှုံးမှာပဲ. . ဒီတော့ ကိုယ် ပိုင်ဆိုင်တဲ့ဘဝလေးမှာ ကြိုးစားပြီး နေတတ်အောင် လေ့ကျင့်ထား ရတာ လွယ်တယ်မှတ်လို့. . .

သားငါးယောက်အတွက် သူမမှာ အားအင်တွေ အပြည့်ရှိ နေသည်။

သားတွေရဲ့ရှေ့မှာ မားမားမတ်မတ်ရပ်ဖို့ သူမမှာ အလိုလို နေရင်း သတ္တိတွေ ရှိနေသည်။





ဒီနေ့ကျမှ ရာသီဥတုကလည်း ကောင်းမှကောင်း. . ကြည် လင်လို့ တလောကလုံး သာယာနေလိုက်တာလေ. . .

သာယာတယ်ဆိုတာက ပစ္စုပ္ပန်မှာ. . ဘယ်အရာမှ တဆုံး အထိ တွေးထားလို့မရပါ. . အနာဂတ်ကို ဘုရားရှင်ကလွဲပြီး မည် သူ သိနိုင်ပါမည်နည်း။

သားလေးနီတွတ်ကလွဲလို့ ကျန်တဲ့ အကြီးလေးယောက်ဟာ တစ်ယောက်တစ်မျိုးစီ. . . ကစားနည်းပေါင်းစုံအောင် ဆော့နေကြ သည်။ ဆော့ရှာမှာပေါ့လေ. . သူတို့အဖေ ပြန်လာရင် ဘွားတင်တို့ ကြက်ခြံက ကြက်ဥ ဆယ်လုံး ရလာမှာကိုး. .

ဘွားတင်က ကိုရင့်ကို ကြက်ခြံရှင်းဖို့ ကြက်ဥဆယ်လုံးနှင့် ငှားထားတာ. . ဒီနေ့တော့ ကလေးတွေ ကြက်ဥဆီပြန်လေး စားရ မယ်ဆိုပြီး မနက်ကတည်းက ပျော်နေကြတာ. .

'မရင်ငွေ. . မရင်ငွေရေ. . ခင်ဗျားယောကျ်ား ဘွားတင် တို့ကြက်ခြံထဲမှာ ပိုးထိလို့ဗျ. . မြန်မြန်လိုက်ခဲ့'

နေပူပူအောက်မှာ ချွေးသံ တရွဲရွဲဖြင့် ပြေးလာခေါ်သူကို မရင်ငွေက ကြောင်ပြီး ကြည့်နေသည်။

ကလေးတွေလည်း ဆော့တာ ရပ်ပြီး ပြူးကြောင်ကြောင် လေးတွေဖြင့် မရင်ငွေဆီ ပြေးလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'နင်. . နင် ဘာပြောလိုက်တာလဲ၊ ကိုရင် ပိုးထိလို့ ဟုတ်လား'

'ဟုတ်ပါတယ်ဆိုမှဗျာ. . မြန်မြန်လာခဲ့လေ. . ဘာလုပ်နေတာလဲ'

'မရင်ငွေ့ခြေထောက်မှာ ဖိနပ်မပါ ပါ။ ရိုးပြတ်လယ်ကွင်းတွေကို ဖြတ်ပြီး ပြေးနေသည်။

မိသားစုကို ဦးဆောင်နေတဲ့ ဦးဆောင်သူ ကိုရင် ဘုရားသိကြား ,မ,လို့ ဘာမှမဖြစ်ပါစေနဲ့။

ကိုရင် တစ်ခုခုဖြစ်လို့ မရဘူး. . . ကလေး ငါးယောက်နဲ့ ကျွန်မ. . အို. . မဖြစ်ရဘူး. . . ဘာမှမဖြစ်ရဘူး။

ရင်ဝမှာ အပူဆို့ပြီးနောက် မျက်ရည်တွေ အလိုလိုစီးကျလာသည်။ ပြေးသာ ပြေးနေရသည်။ ဘွားတစ်တို့ခြံက ပို့ပိုဝေးသွားသလို ထင်ရသည်။ ပြေးနေရင်း ခလုတ်တိုက်ပြီး လဲကျသည်။ ပြန်ထပြီး ပြေးတော့ ထဘီမှာ နှစ်ခြမ်းပြဲနေပြီဖြစ်သည်။ မရင်ငွေ့မှာ ထဘီကို ဂရုမပြုအားပါ။

သွေးနု သားနုဖြင့် သူမမှာ ကမ္ဘာပျက်နေသည်။ စိတ်သာ မခိုင်လျှင် ပြိုလဲသွားနိုင်သည်။

ဘွားတင်တို့ကြက်ခြံထဲမှာ လူတွေ ပြုံခဲနေသည်။





တစ်ယောက် တစ်မျိုး ထင်မြင်ချက်တွေ အမျိုးမျိုး ပေးပြီး အကယ်တမ်းကျတော့ ဘယ်သူတစ်ဦးတစ်ယောက်ကမှ အကူအညီ မပေးနိုင်ကြပါ။

ကိုရင်ကတော့ မြေပြင်ပေါ်မှာ ခွေခွေကလေး လဲပြီး သတိလစ်နေရှာသည်။

အသက်မှရှိသေးရဲ့လား. . . .

'အမယ်လေး. . ကိုရင်ရဲ့. . အဖြစ်ဆိုးလှချည်လားရှင်. . ကျွန်မယောက်ျားကို ကယ်ကြပါဦး. . ဒီအတိုင်းပဲ ကြည့်နေကြတော့မှာလား. . ဆေးမှုးသွားခေါ်ပေးကြပါရှင်. . တောင်းပန်ပါတယ်'

ငိုယိုပြီး အော်ဟစ်နေသော မရင်ငွေ့ကို ဘွားတင်က

'သွားခေါ်ပြီးပြီ သမီးရယ်. . ဆေးမှူး မရှိဘူးတဲ့၊ တစ်နေ့ကမှ မြို့တက်သွားတယ်တဲ့ကွယ်. . တို့လည်း ဘာလုပ်ရမှန်း မသိတော့ဘူး'

မရင်ငွေ့ဦးနှောက်ထဲမှာ သားဖွားဆရာမလေးကို ပြေးပြီး သတိရလိုက်သည်။

'ဒါဖြင့် ဟိုသားဖွားဆရာမလေးရော. . ကျေးဇူးပြုပြီး ခေါ်ပေးကြပါရှင်'

ဘွားတင် မျက်နှာမကောင်းပါ။ ခေါင်းကို ရမ်းပြရင်း



www.burmeseclassic.com

www.burmeseclassic.com



'သူလည်း မရှိဘူး. . . ဟိုဘက်ရွာက လာပင့်လို့ ကလေး သွားမွေးပေးနေတယ်'

'ရှင်တို့ ကျွန်မယောက်ျားကို ဒီလိုပဲ ကြည့်နေတော့မှာလား သူ သေသွားလိမ့်မယ်. . ကယ်ကြပါဦး'

လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုမရှိသောအချိန် ကျေးလက်လူထုတို့ ကျန်းမာရေးအသိချို့တဲ့မှုကြောင့် ကိုစံလှအောင်မှာ ကြက်ခြံထဲတွင် အချိန်များစွာ ကြာသွားသည်။

တိုက်နယ်ဆေးရုံကို ပို့ဖို့အတွက် လှည်းဖြင့်သွားလျှင် နှစ်နာရီခန့် ကြာမည် ဆိုပြီး ရွာထဲမှာ ထော်လာဂျီ လိုက်ငှားကြသည်။ တစ်ရွာလုံးမှာ နှစ်စီးသာ ရှိသော ထော်လာဂျီက ဒီနေ့ကျမှ မြို့တက်သွားပြီမို့ တစ်စီးမှ ရှိမနေပါ။

ကိုစံလှအောင် ကံဆိုးရှာသည်။ လူတွေက ဝိုင်းကြည့်ရုံပဲ တတ်နိုင်ကြသည်။ မြွေဆိပ်တွေ မပျံ့မီ မြွေဆိပ် ကုတ်ဖို့လည်း နားမလည်ကြပါ။ မြွေဆိပ်က လျှင်မြန်စွာပင် တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားလေသည်။ ကိုစံလှအောင် တစ်ကိုယ်လုံး ပြာနှမ်းပြီး ညိုမည်းလာသည်။ မရင်ငွေ့မျက်နှာမှာ သွေးမရှိတော့ပါ။

'ကိုရင်တော့ လုံးပါး ပါးပြီ ထင်တယ်. . သူ့ကို ဘယ်သူမှ မကယ်နိုင်တော့ဘူးလား'





ကိုစံလှအောင်သည် သေမင်းလက်ဟွင်းသို့ တဖြည်းဖြည်း သက်ဆင်းနေပြီဖြစ်သည်။

ရွာထဲမှလှည်းတစ်စီးက ကိုစံလှအောင်ကို တိုက်နယ်ဆေးရုံပို့ဖို့ ရောက်လာပါသည်။

'တဲ့. . တဲ့. . ကျုပ်တို့ ကြိုးစားကြည့်ရအောင်. . ကျန်တာက သူ့ကံပေါ့ဗျာ'

သူ့မှာ ကံ မရှိတော့ပါ. . သူ့ကံက ကုန်သွားပါပြီ။ အချိန်လည်း နှောင်းခဲ့ပြီကိုး။ လှည်းပေါ် ဝိုင်းမ,တင်ကြတော့ သူ့ဇက်ကျိုးကျသွားတာကို သတိထားမိသည်။

သို့သော် မရင်ငွေ့မှာ လက်ကျန်မျှော်လင့်ချက်လေးဟစ်ခုကို မဝံ့မရဲဖြင့် ဖက်တွယ်ထားဆဲပင်။ ငါ့ယောက်ျား မသေသေးဘူး၊ ကိုရင်က ငါ့ကို ကလေးငါးယောက်နဲ့ ထားခဲ့မှာ မဟုတ်ပါဘူးဆိုပြီး အားတင်းထားသည်။

သူမပါ လှည်းပေါ်တက်လိုက်ခဲ့သည်။ ယောက်ျားဘေးကပ်ပြီး သတိလက်လွတ် ဖြစ်နေပေမယ့် သူမ သားတွေကို သတိက ရသေးသည်။

'မယ်ရွှေ. . ငါ့သားလေးတွေ ခဏကြည့်ပေးထားပါနော်၊ ကလေးတွေ ထမင်းမစားရသေးဘူး. . ငါ့ကို ကူပါဦးဟယ်'



www.burmeseclassic.com

www.burmeseclassic.com



လူတွေက မရင်ငွေ့ကို သနားကရုဏာသက်သော မျက်လုံးများဖြင့် ကြည့်ကြသည်။ သွေးနုသားနု မဟုတ်လား။ မပဋ္ဌာ မြေလူးတာ မျက်မြင်ကိုယ်တွေ့မဟုတ်ပေမယ့် ယခု မရင်ငွေ့ဖြစ်နေပုံနှင့်တော့ တူနိုင်ပါသည်။

'မကြီးရင်ငွေ့ရေ. . စိတ်ဖြောင့်ဖြောင့်သာ သွားပါရှင်. . . ကျုပ် ခုပဲ ထမင်းသွားကျွေးလိုက်ပါ့မယ်'

လှည်းလေးက တအိအိထွက်ခွာသွားသည်။ နောက် နှစ်နာရီအထိ ခံပါဦးမလား။ အမှန်တကယ်က ကိုစံလှအောင် အသက်ထွက်သွားပြီ ဖြစ်သည်။

ယောက်ျားလက်ကလေးကို ကိုင်ပြီး ဘုရားစာတွေ ရွတ်ကာဆုတောင်းပေးနေသော မရင်ငွေ့မှာ မျက်ရည်တွေ ရွှဲရွှဲစိုနေသည်။ သူ့ယောက်ျား အသက်မရှိတော့တာ သူ မသိပါ။

* * *





အနှီးထုပ်လေးထဲမှ စူးစူးဝါးဝါး အော်ငိုနေသော နီတွတ်လေးကို မချိတတ် ချိတတ်ဖြင့် ချီထားသည့် စာဝါလေးခမျာ သူပါ ရောပြီး ငိုချင်နေပြီဖြစ်သည်။

'တိတ်ပါ ညီလေးရယ်. . . မေမေ ပြန်လာတော့မှာပါ. . . ကျွတ်. . ကျွတ်. . . ကျွတ်'

စုဘူးနှင့် ဘောလုံးက ဗိုက်ဆာလို့ တဂျီဂျီလုပ်နေကြသည်။

'ကိုကို. . . မေမေ မလာသေးဘူးလားဟင်. . . ဖေကြီးကလည်း ကြက်ဥယူလာမယ်ဆိုပြီး ကြာလိုက်တာနော်. . သားတို့ ဗိုက်ဆာနေပြီ'

ဘဝပေးအသိကြောင့် အရွယ်နှင့်မမျှအောင် ရင့်ကျက်နားလည်သော စာဝါလေးက လက်ထဲမှကလေးကို အသာချပြီး

'စုဘူးရေ. . ညီလေးကို ခဏကြည့်ထားပေးနော်. . . ကိုကို ထမင်းသွားခူးလိုက်ဦးမယ်'

ဇလုံတစ်လုံး ယူပြီး ထမင်းတွေ ထည့်သည်။

မနေ့ကကျန်တဲ့ ငါးပိရည်နှင့် ငါးခြောက်ဟင်းကလေးကို ထည့်ပြီး စာဝါသည် သူ့ညီကလေးတွေ၏ ရှေ့ကို ပြန်ရောက်လာသည်။

နီတွတ်လေးကတော့ စူးဝါးစွာ အော်ငိုမြဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'နီတွတ်လေး ဗိုက်ဆာနေပြီထင်တယ်၊ စုဘူးတို့လို ထမင်းကျွေးလို့ရရင် သိပ်ကောင်းမှာပဲ'

စုဘူးနှင့် ဘောလုံးက လိမ္မာကြပါသည်။

တုံတုံကလေးကလည်း လိမ္မာတာပဲ။ သူတို့ဘာသာ ထမင်းစားနေကြသည်။

စာဂါက နီတွတ်လေးကို ပွေ့ချီကာ အမေ့ကို မျှော်နေမိသည်။ သူမျှော်နေသော အမေက ပေါ်မလာဘဲ မယ်ရွှေလို့ အမေခေါ်တဲ့ အဒေါ်ကြီးသာ ရောက်လာပါသည်။

'ဟယ်. . . ကလေးက တအားငိုနေတာကိုး. . နို့ဆာနေပြီထင်တယ်၊ နေဦး. . . ဘယ်သူ့နို့ သွားတိုက်ရင် ကောင်းမလဲမသိဘူး'

မယ်ရွှေက စာဂါလက်ထဲမှကလေးကို လှမ်းယူပြီး နို့ထွက်နိုင်တဲ့ မိခင်တွေကို အပြေးအလွှားစဉ်းစားနေသည်။

'ဟုတ်ပြီ. . မသန်းရင်မှာ နို့ထွက်နိုင်တယ်၊ စာဂါလေး. . အငယ်ကောင်တွေ သေချာကြည့်ထားနော်၊ ကြီးဒေါ် ပြန်လာခဲ့မယ်သိလား'

ကလေးပိုက်ပြီး ထွက်သွားသော မယ်ရွှေကိုကြည့်ပြီး စာဂါနားမလည်နိုင်ဖြစ်နေသည်။

အဖေနဲ့အမေ ဘာလို့ပြန်မလာကာလဲ။





သူ့စိတ်တွေ ရှုပ်ထွေးလာသည်။ ဗိုက်လည်း မဆာသလို ထမင်းစားချင်စိတ်လည်း မရှိပါ။

အဖေက ဘာဖြစ်လို့ ပိုးထိရတာလဲ. . . ပိုးထိရင် ဘာဖြစ်နိုင်သလဲဆိုတာ သူ မသိပေမယ့် အမေက ဖိနပ်တောင် မစီးနိုင်ဘဲ ဘာဖြစ်လို့ ပြေးထွက်သွားရတာလဲ. . .

အချိန်တွေ တဖြည်းဖြည်းကုန်သွားပြီး ညနေစောင်းတော့မှ အမေ ပြန်ရောက်လာသည်။ အမေ ဘာဖြစ်လာတာလဲ. . အမေ့မျက်နှာမှာ ဝမ်းနည်းပြီး မှိုင်တွေနေသည်။ စကားလည်း တစ်ခွန်းမှ မပြောပါ။

ကြီးမယ်ရွှေလက်ထဲမှ နီတွတ်ကလေးကို စိုက်ပြီး ကြည့်နေသည်။ ထို့နောက် မျက်ရည်တွေ အဆက်မပြတ်စီးကျလာလေသည်။

'ဘာ. . ဘာဖြစ်လို့လဲဟင် မကြီးရင်ငွေ၊ မထိတ်သာမလန့်သာ ရှိလိုက်တာရှင်'

'ငါ. . ငါကလေးတွေမှာ အဖေမရှိတော့ဘူး မယ်ရွှေရဲ့. . ကိုရင် ဆုံးသွားပြီဟဲ့၊ ကိုရင်က ငါတို့သားအမိကို စိတ်ချလက်ချထားခဲ့ပြီ'

မရင်ငွေ့သည် စိတ်ထဲတွင် ရှိသည့်အတိုင်း စိတ်ရှိလက်ရှိ အော်ငိုပြီး ပေါက်ကွဲလိုက်ချင်သည်။ ကလေးတွေရှေ့မှာ သူမ ထိန်း



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ထားသည်။ စိတ်ကိုသာ ဖွံ့ဖွံ့ချလိုက်ပါက သူမ ပြိုလဲသွားပါလိမ့်မည်။ ဒါမှမဟုတ် သွက်သွက်ခါအောင် ရူးသွားနိုင်သည်။

လုပ်စရာရှိတာကို ပြီးပြတ်အောင်၊အကောင်းဆုံးဖြစ်အောင် သူမ တည်ငြိမ်စွာဖြင့် လုပ်ခဲ့ပြီးပေမယ့် ရင်ထဲတွင် နာသည်။ သေရာပါမယ့် နာကျင်ခြင်းတွေပေါ့. . .

ကိုရင့်အလောင်းကို ရွာထဲ ပြန်မသွင်းရဘူးဆိုပဲ. . ရွာဖြင့်မှာ ဆုံးတဲ့အတွက် ရွာပြင်မှာပဲ ထားရမယ်တဲ့. . တိုက်နယ်ဆေးရုံက ဆရာဝန်လေးပြောတာကတော့ ကိုရင်ဆုံးတာ နှစ်နာရီကျော်ပြီတဲ့ ဒါဆို ရွာထဲမှာကတည်းက ကိုရင် အသက်မရှိတော့တူးပေါ့. . .

မရင်ငွေ့သည် ကိုရင့် အလောင်းကို ပြန်တင်လာသော လှည်းပေါ်တွင် နာရီဝက်လောက်ထိုင်ပြီး ဝ,အောင် ငိုသည်။ အားရအောင် ငိုသည်။

လှည်းသမားလည်း မရင်ငွေ့ကို ဘယ်လို နှစ်သိမ့်ရမှန်း မသိ။

မရင်ငွေ့သည် ကိုရင့်နဖူးကလေးကို နောက်ဆုံးအနေဖြင့် ညင်သာစွာ နမ်းရှိုက်လိုက်သည်။

ထိုနောက် မျက်ရည်များကို လက်ခုံနှစ်ဖက်ဖြင့် ဆွဲ၍ ပွတ်ပစ်လိုက်ပြီး လှည်းသမားလေးကို တည်ငြိမ်စွာ ပြောလိုက်ပါသည်။





'သချိုင်းကို မောင်းတော့ မောင်လေး'

'ဘာဖြစ်လို့လဲ အစ်မ. . . ရွာပြင်မှာ အသုဘ ပြင်ရဦးမယ်လေ. . .'

'မပြင်ဘူး. . ဘယ်တော့မှမပြင်ဘူး၊ ငါ့ယောက်ျားရဲ့နောက်ဆုံးခရီးကို ငါလိုက်ပို့ရင် တော်ပြီ၊ ဘယ်သူမှပို့စရာမလိုဘူး၊ ရွာပြင်မှာလည်း ထားစရာမလိုပါဘူး. . . ကိုရင့်ကို ငါ့လက်နဲ့ ငါကိုယ်တိုင် သင်္ဂြိုဟ်မယ်'

လှည်းသမားလေးက မရင်ငွေ့၏ ဗလာသက်သက်မျက်နှာကြီးကို တုန်လှုပ်စွာကြည့်မိသည်။

ပြောရင် ပြောသလို လုပ်တော့မည့်ပုံမို့ သူ့ဆန္ဒကို မဆန့်ကျင်တော့ဘဲ ရွာပြင်က သချိုင်းကို မောင်းပို့ပြီး ချထားခဲ့ရပါသည်။ သွေးနုသားနုမိန်းမတစ်ယောက်က သုဘရာဇာတစ်ယောက်ရဲ့အကူအညီနှင့် သူ့ယောက်ျားကို သူကိုယ်တိုင် မြေမြှုပ်ပြီး သင်္ဂြိုဟ်လိုက်တဲ့အကြောင်း ရွာထဲမှာ ပွက်လောရိုက်သွားသည်။

တကယ်တမ်းကျတော့ မရင်ငွေ့ရဲ့စိတ်ထဲက ခံစားမှုအတိမ်အနက်ကို ဘယ်သူက သိနိုင်လို့လဲ. . .

သူတို့အတွက် ကြက်ဥယူခဲ့မယ်ဆိုတဲ့ အဖေကို မျှော်လင့်စောင့်စားနေတဲ့ လူမမယ် ကလေးလေးတွေကို အသက်ဝိညာဉ် မဲ့နေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အဖေရဲ့ရုပ်အလောင်းကို မမြင်စေချင်တာက အဓိက ဖြစ်လေသည်။

သူတို့ရင်ထဲမှာ သူတို့ရဲ့အဖေ ထာဝရရှင်သန်နေစေရမယ်၊ ဘယ်တော့မှ မသေစေရဘူး။

ကျွန်မရင်ထဲမှာလည်း ကိုရင် အမြဲရှိနေမှာပါ. . .

ဒီလိုအခြေအနေမျိုးမှာ စိတ်ဓာတ်သာ ခိုင်မာမှု မရှိလျှင် သည်းခြေပျက်ပြီး သွက်သွက်ခါအောင် ရူးသွပ်သွားနိုင်ပါသည်။

* * *

(ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊
ဓမ္မဇ္ဇာရောင်ပြန်ရုပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)





အဖေ မရှိသောညဉ့်သည် ပိုပြီး တိတ်ဆိတ်နေသည်။

အမေ့အရိပ်အကဲကို နားလည်သော စာဝါက သူ့ညီလေးတွေကို ချော့ပြီး သူတတ်သလောက်မှတ်သလောက်လေး ချော့သိပ်နေရှာသည်။

ကလေးတွေက အကျင့်ဖြစ်နေပြီမို့ မရင်ငွေ၏ သားချော့တေးကိုသာ တမ်းတနေကြသည်။

နီတွတ်လေးကို နို့တိုက်နေသောမရင်ငွေ့က သားတွေကို လှမ်းပြီးခေါ်သည်။

'သားတို့ မေမေ့ဆီ လာကြပါဦး'

အမေ့အခေါ်ကိုစောင့်နေသော ကလေးတွေက တန်းစီပြီး ပြေးလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သားလေးတွေကို ရှင်ပြုပေးချင်လိုက်တာဆိုတဲ့ ကိုရင်. . . ခုတော့ ကျွန်မတို့နဲ့ အဝေးဆုံးကို ထွက်သွားပြီနော်. . .

မရင်ငွေ့သည် ကိုရင် အိပ်နေကျ နေရာလေးကို ကြည့်ပြီး ဆက်ကြည့်ဖို့ အင်အားမရှိသည့်အတွက် မျက်နှာလွှဲလိုက်စဉ်မှာ မျက်ရည်က ပေါက်ကနဲကျသွားသည်။

'မေမေ. . ဘာလို့ ငိုတာလဲဟင်'

စာဝါလေးက မျက်ရည်တွေ ဝဲလာပြီး မေးသလို စုဘုန်းကလည်း. .

'မေမေ ဗိုက်ဆာလို့လား'

ဟု သူနားလည်သလို မေးလေသည်။ အဖေကို ချစ်သော ဘောလုံးလေးက

'ဖေကြီးရော မေမေ. . ဘာလို့ ပြန်မလာသေးတာလဲ'

တဲ့. . ။

ရှင့်သားတွေ မေးနေကြပြီ ကိုရင်။ သူတို့ နားလည်အောင် ကျွန်မ ဘယ်လို ဖြေရမှာလဲ။ သူတို့ရင်ထဲမှာ နာကျင်ဝမ်းနည်းခြင်း မဖြစ်စေမယ့် အမှန်တရားတစ်ခုကို ကျွန်မ ချပြရတော့မယ် ကိုရင်. . . အဲဒီအတွက် ရှင် ကျွန်မကို ခွင့်လွှတ်ပါနော်. . .

'သားကြီး စာဝါ. . ကောင်းကင်မှာ ကြယ်တွေစုံပြီလား'





'စုံနေပြီ မေမေ'

'မေမေ ပြောမယ်. . သားတို့ သေချာနားထောင်ကြနော်၊ သားတို့ဖေကြီးက တခြားကမ္ဘာကို သွားပြီကွယ်. . ဟုတ်တယ် သူက ဟိုးကောင်းကင်ပေါ်မှာ. . နောက်ဆို ဖေကြီးကို ခဏခဏ မမေးရဘူးနော်'

'ဒါဆို ဖေကြီးက သားတို့ကြယ်လေးတွေကို သွားယူနေတာလား မေမေ'

'ဒါပေါ့ သားရယ်'

ကလေးတွေက ကောင်းကင်ကြီးကို ငေးမောပြီး ကြည့်နေကြသည်။ ပူပူနွေးနွေး မုဆိုးမ ဖြစ်ခဲ့ရသည့် မရင်ငွေ့ခမျာ ရင်ထဲမှာ မချိပါ။

သားတွေကို အာရုံပြောင်းပေးရမည်။

အိပ်နေတာပဲ ကောင်းပါတယ် သားတို့ရယ်. .

မေမေ သီချင်းဆိုပြမယ်. . အိပ်ကြတော့နော်. . ဒီအချိန်ဆို သားတို့အဖေက သူ့သားလေးတွေကို သိပ်ခိုင်းနေကျလေ. . .

(သားချော့တေး)

♫ လယ်ကွင်းထဲမှာ ရှိနေတာ

အမေ့ရဲ့အိမ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ခြေတံကလေးက ရှည်
အမိုးက ယိုလို့ ကြွမ်းပေါက်တယ်. .
အမေ့သားလေးတွေ ရှိနေရင်
ပြီးပြည့်စုံတဲ့ ဘဝလေးပါ. .
ရှစ်ပါးမကတဲ့ လောကဓံတွေ
လာစမ်းပါစေလေ
ခါးစည်းခံဖို့ ရင်ကိုဖွင့်ကာ
ဘာမှမမှုဘူး
အမေ မကြောက်ဘူးကွယ် ♫

မရင်ငွေ၏ရှိုက်သံလေး မသိမသာနှင့် ရောပါသွားသည်။ သီချင်းသံကို နားထောင်ပြီး သားတွေမှာ မျက်လုံးလေးတွေ မှေးစင်းပြီး အိပ်ဖို့ အရှိန်ယူနေပြီဖြစ်သည်။

ညမှာထွက်တဲ့ ပိုးကောင်ကလေးတွေရဲ့ အော်မြည်သံလေးတွေ ကြားရလေ သူမ တစ်ယောက်တည်း ပိုပြီး အထီးကျန်လေဖြစ်သည်။ လောကဓံတရားတဲ့လား. . .

ခါးစည်းပြီး ခံမယ်ဆိုတဲ့ သူမအတွက် အရင်းအနှီးသိပ်ကြီးတဲ့ စိန်ခေါ်မှုတစ်ရပ်ကို လက်ရှိခံနေရပြီဖြစ်သည်။





♫ လယ်ကွင်းထဲက နွံ့တွေဟာ
တစ်နေ့နေ့မှာတော့
အသွင်ပြောင်းကာ
အမေ ပုံသွင်းမယ့် နွံ့ရုပ်တွေ
ကမ္ဘာကျော်မယ့် နွံ့ရုပ်တွေ ♫

ကမ္ဘာကျော်အောင် ပုံသွင်းနိုင်ပါဦးမလား။

အိုး. . ငါမှမသေသေးတာ။ ကြိုးစားရမှာပေါ့. . ကိုရင် မရှိပေမယ့် သားတွေအတွက် ငါ တစ်ယောက်လုံးရှိနေသေးတာပဲလေ။ တစ်နေ့နေ့မှာ ဖြစ်လာရမှာပေါ့. . .

* * *



www.burmeseclassic.com

www.burmeseclassic.com



မရင်ငွေ့သည် စာဝါလေးကို ဘဘုန်းဆီမှာ ဝေယျာဝစ္စတွေ ကူလုပ်ရင်း လိမ္မာရေးခြားရှိအောင် အပ်နှံထားသည်။

ဆွမ်းခံထွက်ချိန်ဆို စာဝါလေး၏ 'ဆွမ်းတော်ဗျို့'ဟူသော ပီသကြည်မြသည့်အသံလေးက ကျက်သရေရှိလှသည်။

ရုပ်ရည်အခံကလေးကလည်း ကောင်းတော့ တစ်ရွာလုံးက သူ့ကို ချစ်ကြသည်။ မုန့်လိုမျိုး၊ ချိုချဉ်လိုမျိုး ပေးလိုက်သည့်အခါ အိတ်ကလေးထဲ ထည့်ပြီး ကျစ်ကျစ်ပါအောင် ဆုပ်ထားတတ်သည်။

အဖမဲ့သားမို့ လူတွေက သနားပြီး မုန့်ဖိုးလေးများ ပေးသော အခါမှာလည်း သေသေချာချာသိမ်းထားလေသည်။

စာဝါက လိမ္မာရေးခြားရှိပြီး အလိုက်သိတော့ ဘုန်းကြီးတွေ က ချစ်ခင်ကြသည်။ ဘုန်းကြီးတွေ ဆွမ်းစားပြီး ကပ္ပိယနှင့် ဘုန်းကြီး





ကျောင်းသားတွေ ထမင်းစားရသည်။ ထိုအချိန်မျိုးမှာ စာဝါက သူ့ အတွက်ရသော ဝေစုကို မစားဘဲ အိတ်ကလေးတစ်လုံးနှင့်ထည့်ထား တတ်သည်။

ဘဘုန်းက မြင်၍ မေးသောအခါ စာဝါက

'တပည့်တော် တစ်ယောက်တည်း ဟင်းကောင်း ထမင်း ကောင်းနဲ့စားနေရတာ မျိုမကျလို့ပါ ဘုရား၊ အိမ်ရောက်မှပဲ အမေ နဲ့ညီလေးတွေနဲ့ အတူတူစားပါရစေ ဘုရား'

ဟု လျှောက်တင်သောကြောင့် ဘဘုန်းက စာဝါအား အိမ်ပြန်ပြီး ထမင်းစားခွင့်ပေးလေသည်။

စာဝါက ဘဘုန်း၏ ခြေအစုံကို သူ့ဦးခေါင်းဖြင့် ဦးတိုက် ကန်တော့ကာ အိမ်သို့ပြန်ခဲ့ပါသည်။

အိမ်အပြန် သူ့ခြေလှမ်းတွေက ပေါ့ပါးသွက်လက်နေသည်။ လက်ထဲမှာ သူရရှိလာသည့် မုန့်ပဲသွားရည်စာနှင့် ထမင်းဟင်းများ ကို ဆွဲလာပြီး ရိုးပြတ်လယ်ကွင်းများကိုဖြတ်ကာ ပြေးလာနေသော ကလေးငယ်လေး. . .

ဒီအချိန်ဆို ညီလေးတွေ သူ့ကို မျှော်နေလောက်ပြီ။ ဒီလို တွေးလိုက်တာနှင့် ခန္ဓာကိုယ်သည် လေထဲတွင် ဝဲပျံနေသည့် ငှက် ကလေးလို ပေါ့ပါးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟော. . ဟိုရှေ့မှာ အမေ့အိမ်ကလေးကို မြင်နေရပြီ။

စာဝါသည် အသံကို မြှင့်ကာ အော်ခေါ်လိုက်သည်။

'စုဘူးရေ. . ဘောလုံးရေ. . တုံတုံရေ. .'

သူ့အသံကို ကြားတော့ ညီလေးတွေ ပြေးထွက်လာပြီး

'ကိုကို ပြန်လာပြီဟေ့. . ကိုကို ပြန်လာပြီ'

သူ့ကိုယ်ကို ဝမ်းသာအားရဝိုင်းဖက်ထားကြတာများ မတွေ့ရတာကြာပြီဖြစ်သည့် ခရီးဝေးက ပြန်လာသူကို ကြိုနေသည်နှင့်တူသည်။

'မေမေနဲ့ ညီလေးနီတွတ်ရော'

'မေမေ နေမကောင်းဘူး ကိုကို. . ဖျားနေတယ်၊ ညီလေးလည်း ကိုယ်တွေ ပူနေတယ်'

မေမေတို့ကို စိတ်ပူပြီး စာဝါ အိမ်ပေါ် ပြေးတက်လာသည်။ ညီလေးနီတွတ်ကို ဖက်ပြီး မျက်ရည်ကျနေသော မေမေ့ကို တွေ့ရသည်။

'သား. . ပြန်လာပြီလား'

'မေမေ. . ညီလေး ဖျားနေတယ်ဆို'

'ဟုတ်တယ် သား. . ရွာထဲက ဆရာလှနဲ့ပြပြီးပြီ၊ ကိုယ်ပူက မကျသေးဘူး'





'မေမေ ညီလေးကို ဒီအတိုင်းမထားပါနဲ့ တိုက်နယ်ဆေးရုံသွားပြရအောင်လေ. . လာပါ မေမေရဲ့. . ဒီအချိန်ဆို ဦးလေးဟုတ်ဝမ် ထော်လာဂျီနဲ့မီနိုင်ပါသေးတယ်၊ မေမေလည်း နေမကောင်းဘူး မဟုတ်လား. . . တစ်ပါတည်း ပြလိုက်နော်'

အားတက်သရော ပြောနေသော သားလေး စာဝါ။

သူ့မျက်လုံးမှာ စိုးရိမ်ပူပန်မှုတွေက အတိုင်းသားပေါ်နေသည်။ သားရယ်. . သားအဖေလည်း အဲဒီဆေးရုံကို ခေါ်သွားတုန်းမှာ ဆုံးခဲ့တာလေ. . အခု သားညီလေး။ အို. . အစွဲကြီးတယ်ပဲ ပြောပြော မေမေ ကြောက်တယ် သား. . မေမေ ကြောက်နေတယ်. . . မသွားရဲတော့ဘူး. . .

'မေမေ ဘာဖြစ်လို့လဲဟင်. . . စိုက်ဆံ မရှိလို့လား၊ ဟိုမှာ သား ဝါးကျည်တောက်လေးရှိတယ်လေ. . လာပါ မေမေရဲ့ နောက်ကျနေပြီ'

သူ့ညီလေးကို စိုးရိမ်ပြီး ပျာပျာသလဲဖြစ်နေသော စာဝါ။ မေမေ့လက်ကို အတင်းဆွဲပြီး ခေါ်နေသည်။

သားတွေအတွက် အားတင်းပြီး ဟန်ဆောင်နေသော မရင်ငွေ့ပုံစံမှာ ယဲ့ယဲ့လေးသာ ကျန်တော့သည်။ စိတ်သာ လျှော့ချလိုက်လျှင် ပုံလဲသွားပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



'သား ကျောင်းတက်ဖို့စုထားတာ မထိပါနဲ့ သားရယ်'

'မေမေ. . ကျောင်းက ဘယ်အချိန်တက်တက် ရပါတယ်၊ ညီလေး တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ. . ဖေဖေ့လိုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ'

စာဝါလေး မျက်ရည်ကျနေသည်။

သူ သိသွားပြီပဲ. . .

သူ့အဖေ ဆုံးတာ သူသိသွားပြီပေါ့. . .

'မေမေ မပြောပေမယ့် ဖေဖေ သေသွားတာ သားသိတယ်၊ ရွာထဲမှာ ပြောနေကြတယ်မေမေ'

'သားရယ်. . .'

* * *





နောက်ဆုံးတော့. . မရင်ငွေ့သည် စာဝါလေးကို သနားပြီး နီတွတ်လေးကို ချီကာ စာဝါနှင့်အတူ ကိုဟုတ်ဝမ်တို့အိမ်သို့ လိုက်ခဲ့ပါသည်။ ကိုဟုတ်ဝမ်တို့ထော်လာဂျီက သူ့အိမ်ရှေ့မှာ ရပ်ထားတာ တွေ့ရပါသည်။ စာဝါလေးက ပြေးသွားပြီး အကျိုးအကြောင်း မေးသည်။

'ဦးဦးဟုတ်ဝမ်. . မြို့တက်ရဦးမယ် မဟုတ်လားဟင်၊ ညီလေး အဖျားတွေ တက်နေလို့ သားတို့လိုက်ခဲ့ချင်လို့ပါနော်'

'တော်တော်ဖျားနေလို့လား မရင်ငွေ့၊ ကလေးတွေ သတိထားနော်၊ ခုတလော သွေးလွန်တုပ်ကွေးဖြစ်တဲ့ကလေးတွေ အများကြီးပဲတဲ့'

'ရှင်'

ကိုဟုတ်ဝမ်က ထမင်းစားနေရာမှလှမ်းပြောသည်။ စားနိုင်သောက်နိုင်ဆိုတော့ သူတို့ထမင်းဝိုင်းမှာ ဖွယ်ဖွယ်ရာရာရှိလှသည်။ ကြက်သားကာလသားချက်နှင့် ငါးပိကြော်၊ တို့စရာအစုံအလင်. . .

စာဝါသည် တံတွေးကို အသံမမြည်အောင် ကြိတ်ပြီး မျိုချလိုက်သည်။

'ခင်ဗျားတို့သားအမိ ထမင်းရော စားပြီးကြရဲ့လား၊ တစ်ခါတည်း ဝင်စားလိုက်ကြပါလား၊ ပြီးတော့ သွားကြတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'မစားတော့ပါဘူးရှင်၊ ကျွန်မတို့ ဒီမှာ ခဏထိုင်စောင့်မယ်နော်'

'ထိုင်ပါ. . ထိုင်. . ထိုင်'

မရင်ငွေ့ ရင်တွေ ပိုပူလာသည်။ သားလေးနီတွတ် ဘာမှမဖြစ်ပါစေနဲ့၊ နောက်ထပ် သွေးသားတစ်ယောက်ကို ထပ်ပြီး မဆုံးရှုံးပါရစေနဲ့တော့. . ကိုရင် မရှိတဲ့ဘဝက သေမထူး နေမထူးဘဝပါ။ ယုံကြည်ချက်တွေ ပြန်လည်မွေးဖွားပြီး ရှင်သန်နေရတာ သား ငါးယောက်အတွက်ပါ။

စာဝါက သူ့ရဲ့ဝါးကျည်တောက်လေးကိုခွဲပြီး ပိုက်ဆံတွေကို အိတ်တစ်လုံးထဲ ထည့်နေသည်။

အဲဒီလောက် ပိုက်ဆံလေးနဲ့ လောက်မှ လောက်ပါ့မလား။ အရွယ်နှင့်မမျှအောင် ရင်ထဲမှာ အပူလုံးကြွနေသော ကလေးလေး။

တစ်ကိုယ်ကောင်းစိတ် မရှိဘဲ သူ့ညီလေးအတွက် သူကျောင်းနေဖို့စုထားတဲ့ ငွေတွေကို တွန့်တိုခြင်းမရှိ ပေးသုံးတာကိုက သူ့ရဲ့အကြီးပီသတဲ့ စိတ်ဓာတ်လေးကို ပြလိုက်တာပါပဲ။

တိုက်နယ်ဆေးရုံရောက်တော့ နီတွတ်လေးက သွေးလွန်တုပ်ကွေးဖြစ်နေတာတဲ့. .

အရောက်မြန်ပေလို့သာပေါ့။





ဆရာ၊ ဆရာမတွေက ကူသပေးလို့ အသက်အန္တရာယ်မစိုးရိမ်ရပေမယ့် နီတွတ်လေးကို ဆေးရုံတင်လိုက်ရပါသည်။

မရင်ငွေ့နှင့် စာဝါ လူချင်းခွဲလိုက်ရသည်။ စာဝါက အိမ်ပြန်ပြီး သူ့အောက်အငယ်သုံးယောက်ကို စောင့်ရှောက်ရပါသည်။

စားတာသောက်တာကျတော့ ဘုန်းကြီးကျောင်းက ဆွမ်းကျန်တွေပဲပေါ့။ ဘယ်လိုပဲ စားရစားရ၊ ဘာပဲ စားရစားရ၊ သူတို့အားလုံး ကျေနပ်ပါသည်။ အဓိက,က နီတွတ်လေး အမေနဲ့အတူ အိမ်အမြန်ပြန်လာဖို့ ဖြစ်သည်။ တစ်ခါမှ မခွဲဖူးတဲ့ သားအမိတွေ တကွဲတပြားစီနေရသောအခါ ဝမ်းနည်းစိတ်နှင့်အတူ အားငယ်ရပါသည်။

စုဘူး၊ ဘောလုံးနှင့်တုံတုံတို့က အမေ ဘယ်တော့အိမ်ပြန်လာမလဲလို့ တမေးတည်း မေးနေကြသည်။

စာဝါက အမေ့ကို သနားတာပဲ သိသည်။

အဖေ ဆုံးပြီးနောက်ပိုင်း အမေ့မှာ စိတ်ရောကိုယ်ပါ နွမ်းကြေခဲ့ရသည်။ သားတွေအတွက် ကြိုးစားပြီး ရုန်းကန်နေရသည်။ ပျိုးနုတ် ကောက်စိုက်ချိန်မို့ မနက်အစောကြီး အငှားလိုက်ရသည်။

အမေက နီတွတ်လေးကို မြန်မြန်ကြီးစေချင်ပြီတဲ့။ ကံကြမ္မာဆိုတာကြီးကို အမေတို့ မရှုံးနိုင်ပါဘူး သားရယ်ဆိုပြီး ခဏခဏပြောဖူးသည်။ လောကလမ်းတွေက ဘယ်လောက်တောင်ကြမ်းနိုင်မှာမို့



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ . . အမေတို့ ရအောင် ဖောက်ထွက်ကြမယ်တဲ့ . . အမေပေးတဲ့ အားအင်တွေက သူ့သွေးတွေထဲမှာ စိမ့်ဝင်နေသည်။

ညီအစ်ကို လေးယောက် အမေ့ကိုတမ်းတရင်း အိပ်ပျော်သွားကြသည်။ တစ်ယောက်ကိုတစ်ယောက် ဖက်ပြီး အိပ်နေသော ကလေး လေးယောက်။ သူတို့ရဲ့သံယောဇဉ်က တခြားသူတွေထက် ပိုတာ သေချာသည်။

တွယ်တာစရာက ဒါပဲရှိတာလေ . . မက်မောလောက်စရာ ဘာမှမရှိတဲ့ ဘဝကြီးမှာ အလိမ်အညာမပါတဲ့ အတွယ်အတာအစစ်က မိသားစုပဲပေါ့။

* * *





တိုက်နယ်ဆေးရုံက လက်ထောက် ဆရာဝန်ကလေးက သဘောကောင်းသလောက် စိတ်ထားလည်း ဖြူစင်သည်။

ပြုံးနေတဲ့ သူ့မျက်နှာလေးက လူနာတွေအတွက် အားဆေးတစ်လက်ဖြစ်သလို သူ့လေသံအေးအေးလေးက ဝေဒနာသည်တွေ ရောဂါတစ်ဝက် လျော့စေပါသည်။ သူ့နာမည်က ဒေါက်တာသန့်စင်တဲ့။ ရှမ်းပြည်နယ်ဘက်ကလို့ ပြောကြတာပဲ။

ဒေါက်တာသန့်စင်က စာဝါကလေးကို စတွေ့ကတည်းက သနားပြီး ချစ်ခင်သံယောဇဉ်ဖြစ်နေသည်။ သူ့ညီလေးအတွက် စိုးရိမ်ပြီး သူ့ကို လက်အုပ်လေးချီကာ တောင်းပန်နေတဲ့ ပုံစံလေးကို သူ့မျက်စိထဲမှာ အမြဲမြင်နေသည်။

'ဦးဦး သားမှာပါတဲ့ငွေက ဒါအကုန်ပဲ၊သားညီလေးအသက်ကို ကယ်ပါနော်၊ ငွေမလောက်ရင် သား ဦးဦးခိုင်းတာ လုပ်ပေးပါ့မယ်၊ ရှိကြိုးခိုးပါတယ် ဦးဦးရယ်'

အရွယ်နှင့်မမျှတဲ့သိတတ်နားလည်မှုတွေက သူ့ရင်ကို လာထိသည်။

'စိတ်ချပါ သားရယ်၊ သားညီလေး ဘာမှမဖြစ်စေရဘူး . . ငွေမလောက်လည်း ဦးဦး ရအောင် ကုပေးမှာပေါ့၊ တိတ် . . တိတ်၊ မငိုနဲ့တော့နော်'



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကတည်းက ဒီကလေးကို သူ သနားနေသည်။ ကလေးအမေမှာ တော်တော်ကြီးကို ချို့တဲ့ပုံရသည်။ ကလေးတွေလည်း များသေး၊ မုဆိုးမလည်း မုဆိုးမ ဆိုတော့ ကလေးတွေကို ဘယ်လိုများ ရှန်းကန်ကျွေးမွေးမှာလဲ. . သူ ရင်မောရပါသည်။

စာဝါ ဆိုတဲ့ကလေးက ကောင်းကောင်းပျိုးထောင်ပေးရင် တော်တော်ထွန်းပေါက်မယ့် ကလေး။ ရုပ်ရည်ကလေးကလည်း ရည်မွန်သည်။

ရှေးရေစက်ဆိုတာ ဒါမျိုးပဲလား။ ဒီကလေးကို ခဏလေး တွေ့ဖူးပေမယ့် နောင်ရေးအထိတဆုံးလိုက်တွေးနေတာ ဘာအတွက်မှန်း သူ့ဟာသူ မပိုင်းခြားတတ်တော့။

Round လှည့်ပြီး နားနေသောသူ့စားပွဲရှေ့သို့ မရင်ငွေ့တို့ သားအမိရောက်လာပါသည်။

'ဆရာ. . သားလေး ဒီနေ့ ဆေးရုံက ဆင်းလို့ရပြီတဲ့၊ ဆရာ့ကို လာကန်တော့တာပါ၊ ကျွန်မသားလေးမှာ ဆရာကယ်တဲ့အသက်ပဲ ရှိပါတော့တယ်'

ကျုံ့ကျုံ့လေးထိုင်ပြီး ကန်တော့ဖို့ ပြင်နေသော မရင်ငွေ့ကြောင့် သူ အနေရကျပ်လာသည်။

'ဟာ. . မဟုတ်တာ၊ ခင်ဗျားက ကျွန်တော့်ထက် ကြီးတာပဲ မလုပ်ပါနဲ့ဗျာ. . ကျွန်တော် ငရဲကြီးနေဦးမယ်. . ကျေးဇူးတင်တာ ပါးစပ်နဲ့တင်လည်း ရပါတယ် အစ်မကြီး. . ထပါဗျာ'

'တကယ့်ကို ကျေးဇူးတင်လို့ပါ ဆရာ၊ ကျွန်မကန်တော့တာ လက်ခံပေးပါ'

အတင်းကန်တော့ဖို့လုပ်နေသော မရင်ငွေ့ကို သူက ထ,စေပြီး စကားလမ်းကြောင်း ပြောင်းပေးလိုက်ရသည်။

'ကလေးက ဘယ်နှယောက်တောင်ရှိလဲဗျ'

'ငါးယောက်ပါ ဆရာ၊ ဒီကလေးက အငယ်ဆုံးလေ၊ အားလုံး သားတွေချည်းပါပဲ'

'ဆေးရုံပါလာတဲ့ ကလေးလေးက ကျောင်းနေပြီလား'

မရင်ငွေ့ မျက်နှာပျက်သွားသည်။ ရှိရင်းစွဲ အသက်ထက်လည်း ပိုပြီး အိုစာသွားပုံရသည်။

'မနေရသေးပါဘူး ဆရာ၊ သူကျောင်းနေဖို့ စုထားတဲ့ငွေလေးနဲ့ သူ့ညီလေးကို ကုပေးရတာ၊ ကျွန်မသားကြီး စာဝါလေးက အရမ်းကို လိမ္မာတဲ့ ကလေးပါရှင်'

ဒေါက်တာသန့်စင်၏ရင်ထဲတွင် စာဝါလေးကို ပိုပြီး ကရုဏာသက်သွားသည်။

ကျောင်းပျော်ပြီး စာသင်နေရမယ့်အရွယ်မှာ အငယ်လေး







www.burmeseclassic.com

www.burmeseclassic.com



တွေကိုထိန်းရင်း လယ်ကွင်းထဲက ရွှံ့ဗွက်တွေထဲမှာပဲ တစ်သက်လုံး နစ်သွားတော့မှာလား။

သူ့မှာလည်း ဘယ်ဘဝက ဝဋ်ကြွေးကြောင့် ဒီကလေးလေး ကျမှ လာပြီး သံယောဇဉ်တွယ်နေသလဲ မဆိုနိုင်ပါ။

'အစ်မကြီးသားလေးစာဝါကို ကျွန်တော် တာဝန်ယူပါရစေ တစ်သက်လုံးအတွက် ပျိုးထောင်ပေးသွားမှာပါ၊ သူထူးချွန်ရင် ထူးချွန်သလို ကျွန်တော် ဖြည့်ဆည်းပေးပါ့မယ်'

ငယ်ငယ်ရွယ်ရွယ်နှင့် ကံအကြောင်းမလှလို့ တစ်ခုလပ်ဖြစ်ခဲ့ရသော ဒေါက်တာသန့်စင်သည် သားသမီး မရှိသဖြင့် ဘဝတွင် အထီးကျန်ဆန်လွန်းနေသည်။ ဒီကလေးလေးကို မြင်ပြီးမှ ကိုယ့်သားလေးအရင်းလို စောင့်ရှောက်ချင်လာသည်။

'ဆရာ. . ဆရာ ဘာပြောလိုက်တာလဲဟင်'

'အစ်မကြီး စိတ်မကောင်းဖြစ်သွားရင် ခွင့်လွှတ်ပါဗျာ'

မရင်ငွေ့မျက်လုံးထဲတွင် မျက်ရည်တွေ ဝဲတက်လာသည်။

'ဘယ့်နှယ်ပြောလိုက်ပါလိမ့် ဆရာရယ်. . ကျွန်မရင်ထဲက ကလီစာတွေ အရှင်လတ်လတ်ခွဲပြီး ယူထုတ်လိုက်သလိုပဲရှင်၊ ကျွန်မ သားလေးတွေနဲ့ ရှင်ကွဲတော့ မကွဲပါရစေနဲ့ ဆရာရယ်'

'ရှုတ်တရက်ဆိုတော့ အစ်မကြီး ခံစားရမှာပေါ့လေ၊ ဒါပေ





မယ့် ကျွန်တော်က ချက်ချင်းဆုံးဖြတ်ခိုင်းတာ မဟုတ်ပါဘူး၊ အစ်မကြီး စဉ်းစားပေါ့ဗျာ၊ ဒီကလေးတွေရဲ့ဘဝကို တစ်သက်လုံး ရွှံ့ဗွက်တွေထဲမှာ နှစ်ထားတော့မလို့လား၊ ကျွန်တော်တို့လို နားကြပ်လေးတိုင်၊ ဂျူတီကုတ်လေးဝတ်ပြီး အနယ်နယ်အရပ်ရပ်က လူနာတွေကို လိုက်ကုပေးနေတဲ့ ဆရာဝန်ဘဝကို ခင်ဗျားသားလေး မရစေချင်ဘူးလား. . ကျွန်တော် ဒီမှာပဲဆက်ရှိနေရင် ခင်ဗျားတို့သားအမိကို မခွဲပါဘူး၊ အခုဟာက ကျွန်တော် ရန်ကုန်ပြန်ပြောင်းရတော့မယ်လေ၊ ဒါကြောင့် တစ်ခါတည်းခေါ်သွားချင်တာပါ။ အစ်မကြီး သေသေချာချာဆုံးဖြတ်ပြီးမှ အကြောင်းပြန်ပါဗျာ. . ကဲ. . ကဲ. . နောက်ကျနေပြီ၊ ပြန်ကြတော့လေ'

နီတွတ်လေးကို ပိုက်ပြီး ကျောက်ရုပ်တစ်ရုပ်လို လှည့်ထွက်သွားသော မရင်ငွေ့၏ရင်ထဲတွင် မချိအောင် နာနေသည်။ စိတ်နှင့်ကိုယ်က တခြားစီဖြစ်သွားသည်။ တောင်းရက်လိုက်တာ ဆရာရယ်။ ကျေးဇူးဆပ်ရမယ်ဆိုလည်း တခြားနည်းနဲ့ပဲ ဆပ်ပါရစေ. . ကျွန်မသားလေးကို မတောင်းပါနဲ့လားရှင်. . .။

* * *



www.burmeseclassic.com

www.burmeseclassic.com



ညနေခင်း၏ လေပြည်လေးတွေနှင့် လိမ္မော်ရောင်ပြေပြေ လေးဖြန့်ခင်းထားသော မိုးကုပ်စက်ဝိုင်းသည် လယ်ကွင်းတွေကို ရွှေဝါရောင် လွှမ်းပြီး အလှဆင်ထားသလို အရာအားလုံးသည် တည် တည်ငြိမ်ငြိမ်ဖြင့် ကျက်သရေရှိလှသည်။

လယ်ကွင်းတွေကို ဖြတ်ပြီး တရွေ့ရွေ့ လှမ်းလာနေသော မိန်းမတစ်ယောက်. . . ကလေးချီပြီး စိတ်တွေက လေနှင်ရာ လွင့် မျောနေသလို သူ့ခန္ဓာမှာ သတိဆိုသောအရာ ကင်းကွာနေသည်။

♫ လယ်ကွင်းထဲမှာ ရှိနေတာ
အမေ့ရဲ့အိမ်ကလေး
ခြေတံကလေးရှည်
အမိုးက ယိုလို့ ကြမ်းပေါက်တယ် ♫





သားချော့တေးဆိုနေတဲ့ မရင်ငွေ့ပုံစံမှာ အသက်မပါသော ကျောက်ရုပ်တစ်ရုပ်လို၊ သူ့ကိုယ်သူ အနိုင်နိုင်အားယူပြီး လျှောက် လှမ်းနေရသည်။ ရုတ်တရက်ကြည့်လျှင် စိတ်မနှံ့သော အရူးမတစ် ယောက် ကလေးချီပြီး သီချင်းဆိုနေသည်နှင့်တူသည်။

♫ လယ်ကွင်းထဲက ရွှံ့တွေဟာ
တစ်နေ့နေ့မှာတော့ အသွင်ပြောင်းကာ
အမေ ပုံသွင်းမယ့် ရွှံ့ရုပ်တွေ
ကမ္ဘာကျော်မယ့် ရွှံ့ရုပ်တွေ ♫

သူမ ကလေးတွေကို လှမ်းတွေ့နေရပါပြီ။ သူတို့အဖေ လုပ် ပေးခဲ့တဲ့ ဝါးသေနတ်ကလေးနှင့် ဆော့နေကြသည်။

တုံတုံကလေးက ကြိုးဝိုင်းထဲမှာ ဟန်ရေးပြသလို လက်ခ မောင်း ခတ်ပြီး ခုန်ဆွခုန်ဆွလုပ်နေသည်။

ကိုယ့်ရင်ထဲက သွေးစက်တွေနဲ့ ဖြစ်တည်ပြီး ကိုးလလွယ်၊ ဆယ်လဖွားခဲ့ရတဲ့ သားလေးကို သူများတောင်းတိုင်း ပေးလိုက်ရမှာ လား။ ခေတ်သစ်ဝေဿန္တရာမမှ မဟုတ်တာ။ မပေးနိုင်ဘူး. . မပေး နိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီလယ်ကွင်းတွေရှိနေသရွေ့ ငါ့သားတွေ ငါ့အနားမှာပဲ ရှိစေရမယ်။

'ခင်ဗျားသားကို တစ်သက်လုံး ရွှံ့တွေဗွက်တွေထဲမှာပဲ နှစ်ထားတော့မှာလား'

ဒေါက်တာသန့်စင်၏စကားသံများက နားစည်ထဲတွင် မြည်ဟည်းကာ ပဲ့တင်ထပ်နေသည်။

မရင်ငွေ့သည် ကျန်လက်တစ်ဖက်ဖြင့် နားကို ယောင်ယမ်းကာ ပိတ်မိသည်။

'ကိုရင်ရေ. . ရှင့်သားကို လာတောင်းနေပြီ ကိုရင်၊ ကျွန်မရင်တွေ ပြန်းပြန်းကွဲတော့မယ်တော့်၊ ရှင် မြင်တယ် မဟုတ်လား. . မြင်နေတယ် မဟုတ်လား ကိုရင်. . ကျွန်မ ဘာဆက်လုပ်ရမလဲဟင်၊ ရှုံးသွားရင် သိပ်ကောင်းမှာပဲ ကိုရင်ရယ်'

ကျောက်သင်ပုန်းတစ်ချပ်ပေါ်တွင် စာအရေးကျင့်နေသော စာဝါက သူ့အမေနှင့်ညီလေးကို မြင်သွားပြီး ပြေးလာပါသည်။

'မေမေ ပြန်လာပြီ. . မေမေ ပြန်လာပြီ. . ဟေး. . '

အမေ့ပုံစံ မရွှင်မပျဖြစ်နေတာကို စာဝါ ရိပ်စားမိသည်။

အရင်လို သားတွေကို ထွေးပွေ့ပြီး ပြန်လည်နှုတ်မဆက်နိုင်တာကိုက တစ်ခုခုပဲဆိုတာ သူနားလည်နေသည်။





'မေမေ. . မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လို့လဲဟင်၊ ညီလေးရော နေကောင်းသွားပြီလား'

'ကောင်းပါတယ် သားရယ်. . . ဟောဒီအိတ်ထဲမှာ သားတို့အတွက် ချိုချဉ်လေးတွေ၊ ဘီစကစ်လေးတွေ ပါတယ်၊ သွားစားကြချည်. . သွား'

'ဟေး. . ချိုချဉ်စားရမယ်ဟေ့'

ပျော်နေသော သားတို့မျက်နှာလေးတွေသည် ကောင်းကင်က လမင်းထက် ပိုလင်းပါသည်။ လွတ်လပ်စွာ ပျော်နေနိုင်ပါစေ. . တစ်သက်လုံး အပျော်တွေနဲ့ပဲ နေနိုင်ဖို့ အမေ ဆုတောင်းပါတယ် သားတို့ရယ်. .

ထိုနေ့ညက မရင်ငွေ့ အိပ်မပျော်ပါ။ စဉ်းစားရင်း. . . ရင်မောခြင်း၊ တွေးတောရင်း. . . စိတ်ကယောက်ကယက်ဖြစ်ခြင်းတွေဖြင့် မိုးစင်စင်လင်းခဲ့ရသည်။

လင်းကြက်တွေ တွန်နေပြီ။ သိပ်မကြာတော့သော အချိန်တွင် အရှေ့အရပ်ဆီမှ ရောင်နီတွေ ပျို့လာတော့မည်။ ပုံစံခွက်ထဲက ပုံသေဘဝနှင့် သူတို့မိသားစုတွေ မငတ်ရုံတမယ် မရှိ ရှိတာလေးနှင့် စားသောက်ရဦးမည်။ ကလေးတွေလည်း သူတို့ဆော့နေကျ မရိုးနိုင်သည့် ကစားနည်းပေါင်းစုံဖြင့် ဆော့ကြဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ရော. . . ထုံးစံအတိုင်း နေလုံးကြီးက အနောက်အရပ်ဆီ ခရီးနှင်ဦးမှာပေါ့။

မိုးချုပ်လို့ နေဝင်သွားတာလား. . နေဝင်လို့ပဲ မိုးချုပ်သွားသလား မဆိုနိုင်ပါ။

ည ဆိုတဲ့အချိန်ရောက်ရင်တော့ တစ်နေ့ ကုန်ဆုံးသွားပြန်ရောပေါ့. . .

ဒါဆို ဘဝရဲ့တိုးတက်မှုဆိုတာ ဘယ်မှာလဲ။ ရွေ့လျားနေတဲ့အချိန်တွေနောက်ကို အမီမလိုက်နိုင်ရင် ကျန်ခဲ့မှာပေါ့. .

စာဝါလေး ကြီးလာရင် အမေ့နောက်လိုက်ပြီး အမေလုပ်သလို ပျိုးနှုတ်၊ ကောက်စိုက်လုပ်မှာလား. .

နွံ့ဗွက်တွေထဲမှာ ဘဝနစ်ပြီး ပျော်သွားမှာလား. .

ဒါကို သူမ လက်ခံနိုင်မလား. . .

ဟင့်အင်း. . သားလေး ဒီလိုဘဝမျိုးနဲ့ ဘဝမဆုံးစေရဘူး။

အမေ့ထက်မြင့်တဲ့ ဘဝမှာ သားလေး ရှင်သန်စေရမယ်။

ကိုယ့်ထက်မြင့်တဲ့သားလေးကို မော့ကြည့်ချင်တဲ့အမေပါ။

ဒါဆို နင်ဘာကို တွေဝေနေတာလဲ ရင်ငွေ့။ နင့်ထက်မြင့်တဲ့ဘဝကို နင်ပို့ပေးနိုင်လို့လား၊ နင့်ကိုယ်နင်ရော ယုံကြည်ချက်ရှိရဲ့လား။





နင့်သားလေး ကောင်းစားဖို့အတွက်ပဲ. . နင့်ရင်တွေ အကွဲခံလိုက်လည်း တန်ပါတယ်. . နင့်လက်နဲ့ နင်ကိုယ်တိုင် ပုံသွင်းချင်ပေမယ့် နင်ပုံသွင်းလိုက်တဲ့ အရုပ်ကလေးဟာ အများအမြင်မှာ တင့်တယ်ဖို့ လိုအပ်သေးတယ်လေ. . .

စာဝါလေးကို ပုံသွင်းပေးမယ့် နင် မဟုတ်တဲ့ တခြားတစ်ယောက်ဟာ ဘဝမှာ ငွေကြေးဂုဏ်ရော၊ ပညာဂုဏ်ပါ အဘက်ဘက်က ပြည့်စုံနေတဲ့သူ၊ နင့်လို ပညာ မတတ်တဲ့ တောကြိုအုံကြားက အညတရမှ မဟုတ်တာ. . အခွင့်အရေးဆိုတာ နှစ်ခါမလာဘူး ရင်ငွေ့ရေ. . နင် တစ်ခုခုကို ဆုံးဖြတ်ချက်ချဖို့ အချိန်တန်နေပြီ။

မျက်နှာသစ်ဖို့ ရေခွက်ကိုင်ပြီး တွေဝေနေသော မရင်ငွေ့။ လူက နုံးချိပြီး အားမရှိတော့ ပျော့ဖတ်နေပြီ။ ဘာမှလည်း လုပ်ချင်ကိုင်ချင်စိတ်မရှိ။

ဟိုးခပ်လှမ်းလှမ်းက ကိုထွန်းလူတို့လယ်တဲမှာ ထမင်း စ, ချက်နေပြီ ထင်သည်။ မီးခိုးငွေ့တွေ အူပြီးထွက်နေသည်။

အချိန်မစောတော့ဘူးပဲ။ ကိုရင့်ကို နှိုးဦးမှပါပဲ. .

'ကိုရင်ရေ. . ကိုရင်. . ထတော့ရှင်၊ ဟိုမှာ ကိုထွန်းလူတို့တဲမှာ ထမင်းတောင် ချက်နေပြီ၊ ကလေးတွေ မနိုးခင် ထမင်း ချက်ရအောင်'



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်း ကိုရင့်ကို နိူးရင် တစ်ခွန်းပဲ။ ဒီနေ့ကျမှ ကိုရင်က အိပ်နေလိုက်တာ. . . မရင်ငွေ့သည် ကိုရင် အိပ်နေသော နေရာကို လှမ်းကြည့်ပြီးမှ သတိပြန်ဝင်လာသည်။ ကိုရင်မှ မရှိတော့တာ။ ငါ့ဘဝထဲမှာ ကိုရင်မှမရှိတော့တာ။ ကိုရင်က သေသွားပြီပဲ. . .

သားတွေ အိပ်နေတုန်း စိတ်လွတ်လက်လွတ် သူမ အားရအောင် ငိုသည်။ ကိုရင်ရှိတုန်းမှာ တစ်စက်မှ မကျခဲ့ဖူးသော မျက်ရည်တွေ. . ခုကျတော့ တာကျိုးသလို ဒလဟောစီးကျပါရောလား။

ဇောစောစီးစီး မျက်ရည်တွေနဲ့ မျက်နှာသစ်နေရသော. . မရင်ငွေ့။

* * *





မရင်ငွေ့သည် နီတွတ်လေးကို ကျောမှာ ပုဆိုးနှင့်စလွယ်သိုင်းချည်ပြီး ထမင်းထုပ်နှင့်ရေဘူးကို ယူကာ ဖက်ဦးထုပ်ကို ခေါင်းမှာ ဆောင်းလိုက်သည်။ သူ့ရဲ့ညာလက်ရုံး သားကြီးစာဝါကို မှာစရာရှိတာတွေ မှာရသည်။

'သား. . မေမေပြန်မရောက်ခင် ညီလေးတွေ သေချာကြည့်ထားနော်. . နိုးလာရင် ထမင်းဆီဆမ်းနဲ့ မြေပဲဆံကြော်လေး ကျွေးလိုက်ပါ သားရယ်၊ ဘယ်မှလျှောက်သွားမနေကြနဲ့နော်. . ကြားလား'

'ကြားပါတယ် မေမေ'

'ဒါဆို မေမေ သွားပြီနော်'

စာဝါသည် တရွေ့ရွေ့ထွက်သွားသော မေမေ့နောက်ကျောကိုကြည့်ပြီး ဝမ်းနည်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေမရှိတဲ့နောက် မေမေတစ်ယောက်တည်း ပင်ပင်ပန်းပန်းရှာကျွေးနေရတာ။

သူ မြန်မြန်ကြီးချင်လာသည်။ မေမေနှင့် ညီလေးတွေကို လုပ်ကျွေးချင်သည်။ ပညာလည်း တတ်ချင်သည်။

မေမေက ရှေ့နှစ်ကျရင် သူ့ကို ကျောင်းထားပေးမယ်လို့ ပြောသည်။ မေမေ မကုန်သင့်တာ မကုန်ရအောင် ရွာထဲက အိမ်တွေမှာ အဖြူအစိမ်းအကျလေးတွေ သူတောင်းထားသည်။ ရွာထဲက လူတွေက ပေးမယ်လို့ ကတိခံထားသည်။

ဘဘုန်းက စာအုပ်ဖိုး၊ ခဲတံဖိုး စွန့်ကြမည်ဟု ပြောဖူးသည်။ ဒါဆို မေမေ တော်တော်သက်သာသွားမှာ။

ခုဆို ဘဘုန်းသင်ပေးထားလို့ သူငယ်တန်းဖတ်စာကို စာဝါတို့ တရျောင်းရျောင်းမြည်အောင် ရွတ်ဆိုထတ်နေပြီဖြစ်သည်။

ပညာတတ်ကြီးဖြစ်မှ မေမေတို့ကို လုပ်ကျွေးနိုင်မှာ။ တစ်ခါတလေ ဖေကြီးကို သတိရသည်။ လွမ်းသည်။ မေမေ့ကိုကျတော့ သနားတာပဲ သိသည်။

လယ်ကန်သင်းပေါ်မှာ ပါလာသည့် ထမင်းထုပ်လေးတွေ ဖွင့်ပြီး သူ့ဟင်းကိုယ့်ဟင်း ဖလှယ်နေကြသော ကောက်စိုက်သမတွေက မရင်ငွေ့ကို ထမင်းစားဖို့ ခေါ်သည်။





'မကြီးရင်ငွေ့ . . တစ်ခါတည်း အတူစားရအောင် လာလေ'

'ငါ့သားလေး နို့တိုက်နေလို့၊ ညည်းတို့ အရင်စားကြပါအေ၊ ငါ့ထမင်းထုပ်ထဲမှာ မြေပဲဆံကြော် ပါတယ် . . ယူစားကြ၊ ခုတလော ငါ ထမင်းစားချင်စိတ်မရှိဘူး'

'စိတ်ထောင်းတော့ ကိုယ်ကျေ တဲ့ . . . မကြီးရင်ငွေ့မှာက ကလေးတွေ ရှိသေးတယ် အားတင်းထားမှပေါ့ . . ဒါနဲ့ နီတွတ်လေး မြင်မှသတိရတယ် . . သူ့ကိုကုပေးတဲ့ ဆရာဝန်လေးက ပြောင်းတော့မယ်တဲ့'

မရင်ငွေ့ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

'ဘယ်တော့ ပြောင်းမှာတဲ့လဲ'

'ရှေ့အပတ်ထဲဆိုလား မသိပါဘူး၊ ရွာထဲက အရိုးမြဲ ဆေးရုံ ရောက်တုန်း ကြားလာတာတဲ့'

သိပ်မလိုတော့ပါလား . . ဒေါက်တာသန့်စင် ပြောင်းတော့မယ်တဲ့ . . ငါ ဘာလုပ်ရမလဲ၊ သူတောင်းသလို သားကြီးကို ပေးလိုက်ရမှာလား . . .

မရင်ငွေ့သည် အလုပ်ထဲမှာ စိတ်မပါတော့ပါ။ သားလေး စာဝါ၏မျက်နှာလေးကို တစ်ချိန်လုံး မြင်ယောင်နေသည်။ ဆရာဝန်လေးနဲ့ ထည့်ပေးလိုက်ရင် သားလေး ကောင်းစားမှာ၊ ထွန်းပေါက်



www.burmeseclassic.com

www.burmeseclassic.com



မှာ သေချာပေမယ့် သူမမှာတော့ သားကို လွမ်းတဲ့စိတ်နဲ့ ဆက်ပြီး အသက်ရှင်နိုင်ပါ့မလား။

မရင်ငွေ့သည် နောက်ဆုံးမှာ ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်ပါသည်။ သားလေး စာဝါကို ထည့်ပေးလိုက်တော့မယ်။ သေခြင်းတရားက လက်တစ်ကမ်းအကွာမှာရှိနေတာ. . ငါသေသွားရင် သားတွေ ခိုကိုးရာမဲ့ဖြစ်ကြမယ်။

ကျွန်မကို ခွင့်လွှတ်ပါတော့ ကိုရင်. . . သားလေး စာဝါကို ကမ္ဘာကျော်အရုပ်ကလေးဖြစ်အောင် အကောင်းဆုံးပုံသွင်းနိုင်မယ့် ပွဲကိုင်ရှင်လက်ထဲကို ထည့်ပေးလိုက်ပါရစေ. . .

'မိဝါ. . ညည်းဆီမှာ ငွေတစ်ထောင်လောက် ပါလား။ ငါ့ကို ခဏချေးစမ်းပါဟယ်'

အလောသုံးဆယ်ဖြစ်နေသော မရင်ငွေ့ကို ကြည့်ပြီး မိဝါ အံ့သြနေသည်။

'အဲလောက်အများကြီးတော့ ကျွန်မမှာ ဘယ်ပါမလဲ. . နေဦး. . ဟိုကောင်မတွေဆီမှာ ပါမလား မသိဘူး၊ စုကြည့်လိုက်ဦးမယ်'

အားလုံးပေါင်းပြီး ရလာသော ငွေတွေကို ယူပြီး မရင်ငွေ့သည် ရွာထဲသို့ အလျင်စလိုသွားလေသည်။

သားလေးစာဝါ ကျောင်းသွားရင် လွယ်ဖို့ရန် လွယ်အိတ်





လေး ဝယ်ပေးလိုက်ချင်သည်။ သားလေး ဒီလွယ်အိတ်ကလေး လွယ်တိုင်း သားအနားမှာ မေမေ အမြဲရှိနေမှာပါ။

လွယ်အိတ်ကလေး ထည့်ထားသောအိတ်ကလေးကို လက်ထဲမှာ တင်းတင်းဆုပ်ကိုင်ပြီး လေးကန်သောခြေလှမ်းများဖြင့် အိမ်သို့ပြန်လာလေသည်။

မရင်ငွေ့သည် စာဝါကလေးကိုသာ မျက်တောင် မခတ်ဘဲ ကြည့်နေသည်။ မျက်စိမှိတ်လိုက်လျှင် သားရဲ့ပုံရိပ်ကလေး ပျောက်ကွယ်သွားမှာ စိုးကြောက်နေသည်။

'သားလေး စာဝါ၊ ဒီမှာ သားကြိုက်တဲ့ ကောက်ညှင်းကျည်တောက် မေမေဝယ်လာတယ်'

'အဲဒါကြောင့် သားက မေမေ့ကိုချစ်တာ'

စာဝါက သူ့အမေရဲ့ ပါးကို ရွှတ်ခနဲ နမ်းရင်း ဆိုတော့. . မရင်ငွေ့ရင်ထဲမှာ ဆို့နင့်လာသည်။ သားရဲ့ဒီလိုအယုအယလေးတွေ နောက်ထပ် ရပိုင်ခွင့် သူမမှာ မရှိတော့ပါ။ တင်းထားသည့်ကြားက မျက်ရည်က ကျချင်လာသည်။

'ညကျရင် မေမေ သားကို ဖက်ပြီး အိပ်မယ်နော်'

'သား မေမေ့ကို ဖက်မအိပ်ရတာ ကြာနေပြီနော်'

ဖက်အိပ်ရမှာပါ သားရယ်. . ဒါပေမယ့် ဒါနောက်ဆုံးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ထိုညက မရင်ငွေ့သည် သူမရင်ခွင်ထဲမှာ အိပ်မောကျနေသော သားလေးစာဝါကို အားရအောင် နမ်းရှိုက်နေသည်။ မေမေ့ရင်တွေ ကွဲကုန်ပြီ သားရယ်. . သားရဲ့ပါးပြင်လေးကို သူမပါးနှင့်ထိကပ်ထားပြီး မျက်ရည်သွင်သွင်စီးကျလာသည်။

ဘဝအဆက်ဆက်၊ သံသရာအဆက်ဆက်မှာ သားတွေနဲ့ ရှင့်ကွဲ ကွဲရခြင်း ဝဋ်ဒုက္ခက ကင်းဝေးပါရစေ ဘုရား. .

သားလေးကို တင်းကျပ်နေအောင် ဖက်ထားမိသည့်ရှုနှစ်တွေအကြာကြီး အမေ့ရင်ငွေ့နဲ့ သား ဝေးရတော့မှာ. . .

သူမရင်တွေ မီးစနှင့် ထိုးထားသလို ပူပြင်းလောင်မြိုက်နေသည်။ သားမျက်နှာကို ဝ,အောင် ကြည့်ပြီး ဘုရားပုံတော်ရှေ့တွင် ရှိခိုးဦးချကာ စိတ်သက်သာလိုသက်သာရငြား ဖြေကြည့်သော်လည်း မရပါ။

သိပ်မများလှတဲ့ သားရဲ့ အင်္ကျီလေးတွေ၊ ဘောင်းဘီလေးတွေ၊ မျက်နှာသုတ်ပဝါ၊ သွားပွတ်တံမှအစ ဘီးအဆုံး အိတ်ကလေးတစ်လုံးထဲထည့်ပြီး ငိုရပြန်သည်။

မနေ့က ဝယ်လာသော လွယ်အိတ်လေးကို ထည့်ပေးသောအခါ ရင်ထဲတွင် တင်းကျပ်လာသည်။ နှလုံးရောဂါ ဆိုတာ ဒါမျိုးကိုပြောတာလား။





နားပါးသော စာဝါလေးက ချွတ်ချွတ်အသံတွေ ကြားပြီး နိုးလာသည်။

'မေမေ. . မအိပ်သေးဘူးလားဟင်'

'သားလေး နိုးလာပြီလား၊ ပြန်အိပ်ပါဦး သားရယ်၊ အစောကြီး ရှိသေးတာ၊ မအိပ်နဲ့တော့ သား. . မအိပ်နဲ့. . မေမေ့ကို စကားတွေ အများကြီးပြောသွားပါဦး'

စာဝါက အိပ်ချင်မူးတူးလေးဖြင့် သူ့အမေကို ထူးဆန်းစွာကြည့်နေသည်။ သားအမိနှစ်ယောက် စကားတွေ ဖောင်ဖွဲ့အောင် ပြောကြသည်။

မရင်ငွေ့က သားဆံပင်လေးတွေ သပ်တင်ပေးပြီး

'သား. . ကြီးလာရင် မေမေ ဆိုပြတဲ့ သားချော့တေးလေး မေ့သွားမှာလားဟင်'

'မမေ့ပါဘူး မေမေရယ်. . . သားက အားလို့ရှိရင် မေမေ့သီချင်းလေး အမြဲဆိုနေတာ'

'နေ့တိုင်းဆိုနော် သား. . ဘယ်တော့မှ မေ့မသွားပါဘူးလို့ မေမေ့ကို ကတိပေးနော်'

'မေမေ. . ဒီနေ့ ဦးဦးဆရာဝန်ကြီးဆီ သွားမယ်ဆို'

မရင်ငွေ့မျက်လုံးတွေက ဟိုးအဝေးကို ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် သား၊ သူက သားကို တွေ့ချင်လို့တဲ့'

'သားကို သနားလို့ မုန့်ဖိုးပေးမလို့ထင်တယ်နော်၊ ဒီတစ်ခါ ညီလေးတွေပါ ခေါ်သွားရအောင် မေမေရာ. . လှည်းစီးပြီး သွားရအောင်နော် မေမေ. . ညီလေးတွေ မြို့ရောက်ဖူးသွားတာပေါ့၊ ပျော်စရာကြီး. . ယေး. .'

သူ့အတွေးနှင့်သူ ပျော်နေသော သားကို သူမ မတားဆီးရက်ပါ။

'နောက်တစ်ခါကျမှ ခေါ်ရအောင် သားရယ်၊ ဆရာဝန်ဆိုတာ အလုပ်များတော့ ကလေးတွေနဲ့ အားနာစရာကောင်းပါတယ်'

အမေပြောရင် တစ်ခွန်းပဲ. . ဘယ်တော့မှ စောဒကမတက်တတ်တဲ့ သားလိမ္မာလေး စာဝါ။

သူ့ကိုအပြီးထည့်ပေးလိုက်မှာ မသိဘဲ ပျော်နေသောစာဝါ။

ကလေးက တက်တက်ကြွကြွဖြစ်နေပေမယ့် မရင်ငွေ့မှာတော့ အချိန်နီးလာလေ. . နှလုံးခုန်မြန်လေပင်။

စိတ်တွေက ကယောင်ချောက်ချား ဖြစ်ပြီး ပူလောင်နေသည်။

* * *





ဒေါက်တာသန့်စင် မပြောမဆိုဘဲ ပေါက်ချလာသော သူတို့သားအမိကိုတွေ့တော့ အံ့ဩနေသည်။

'အစ်မကြီး. . ခင်ဗျား တကယ်ဆုံးဖြတ်ပြီးပြီလား'

'ဆရာ. . . ကျွန်မသားကလေးကို ဆရာ့လိုဘဝမျိုး ရောက်အောင် ပျိုးထောင်ပေးမယ် မဟုတ်လား ဆရာ'

'ကျွန်တော့်ဘက်က တာဝန်ကျေစေရမယ် အစ်မကြီး၊ စိတ်ချပါ. . ကျွန်တော့်ရန်ကုန်က လိပ်စာ အစ်မကြီးကို ပေးခဲ့မှာပါ. . . အရေးအကြောင်းရှိရင် ဆက်သွယ်လို့ ရအောင်ပေါ့. . သူ့ကို အခုတစ်ခါတည်းထားခဲ့မယ် မဟုတ်လား'

စာဝါ နည်းနည်းသဘောပေါက်သလို ရှိလာသည်။

သူ့အမေလက်ကို အတင်းဆွဲပြီး

'မေမေ. . သားကိုထားခဲ့မလို့လား၊ ဟင့်အင်း. . သား မနေခဲ့ဘူးနော်. . မေမေနဲ့ပဲ ပြန်လိုက်ခဲ့မယ်'

မရင်ငွေ့ ပြတ်သားဖို့ လိုလာပါပြီ။ စာဝါဆွဲထားသောလက်ကို ဆောင့်ဆွဲပြီး ဖယ်ပစ်လိုက်သည်။

'ဒီမယ် စာဝါ. . မင်းကို ငါ မကျွေးနိုင်လို့ ဆရာနဲ့ထည့်လိုက်ရမှာ၊ ဆရာက မင်းကို သားလိုသဘောထားပြီး ကျောင်းလည်း ထားပေးမယ်၊ မြို့မှာလည်း နေရမယ်၊ လိုက်သွားပါ သားရယ်'



www.burmeseclassic.com

www.burmeseclassic.com



မငိုမိအောင် မနည်းတင်းထားရသည်။

● 'သား ထမင်းမစားနဲ့ဆို မစားပါဘူး မေမေ. . သားညီလေး တွေနဲ့ မခွဲနိုင်လို့. . သားကို ပြန်ခေါ်သွားပါနော်'

စာဝါက မရင်ငွေ့ခြေသလုံးကို ဖက်ပြီး တောင်းပန်နေ၏။ ဘေးမှ ကြည့်နေရသော ဒေါက်တာသန့်စင်ပင် မျက်ရည်တွေ ဝဲလာ ရသည်။ သူက စာဝါလေးကို ချော့ခေါ်ပြီး နားဝင်အောင် ပြောပြ သည်။

'သားလေး. . . ဦးဦးဆီ လာပါဦးကွာ. . . အခု သားဖေဖေ မရှိတော့ သားညီလေးတွေအတွက် သားမှာ တာဝန်ရှိတယ်. . ဦးဦး ပြောတာ နားလည်တယ်နော်၊ သားက စာမတတ် ပေမတတ် ဆိုရင် ညီလေးတွေကို ဘယ်လို စောင့်ရှောက်မှာလဲ. . သား ညီလေးတွေကို တကယ်ချစ်တယ်ဆိုရင် သားကြိုးစားရမယ်ကွ. . ယောကျ်ားလေးဆို တာ မပျော့ညံ့ရဘူး. . မငိုရဘူးလေ. . သားညီလေးတွေနဲ့တွေ့ချင် ရင် ကျောင်းပိတ်တိုင်း ဦးဦး ပြန်ပို့ပေးမှာပေါ့'

စာဝါလေး ရှိုက်ပြီး ငိုနေသည်။

'မေမေက သားကို လိုက်သွားစေချင်ရင် သားလိုက်သွားပါ့ မယ် မေမေ'

အမေကို ထိုင်ကန်တော့ရင်း ငိုနေသော ကလေးကို ဒေါက်





တာသန့်စင် သနားနေမိသည်။ အရွယ်နှင့်မလိုက်အောင် လိမ္မာလွန်း လိုက်တာ။

'အစ်မကြီးကို ကျွန်တော် ဒီငွေလေးနဲ့ ကန်တော့ခဲ့ပါရစေ'

'ကျွန်မကို ငွေတစ်ပြားမှမပေးပါနဲ့ဆရာ၊ ဒီငွေတွေကြည့်ပြီး ကျွန်မ ရူးသွားနိုင်လို့ပါ၊ သားသမီးကို ရောင်းစားတဲ့မိဘထဲမှာ ကျွန်မ မပါ,ပါရစေနဲ့ရှင်၊ ကျွန်မအနေနဲ့မထုဆစ်နိုင်တဲ့ အရုပ်လေးမို့ အခြေ အနေမပေးလို့. . ဆရာ့လက်ထဲ ထည့်လိုက်ရတာပါ၊ သား ကျောင်း တက်တဲ့နေ့မှာလွယ်ဖို့ လွယ်အိတ်လေး ထည့်ပေးလိုက်တယ် ဆရာ၊ ဒါလေးတစ်ခုတော့ ကျွန်မကိုလိုက်လျောပေးပါနော်. . ကျွန်မ သွား တော့မယ်. . သားလေး လိမ်လိမ်မာမာနေနော်. . ဦးဦးစကား နား ထောင်ပြီး စာကြိုးစားနော် သား. . မေမေ သွားတော့မယ်နော်'

မရင်ငွေ့ ငိုပြီး ထွက်ပြေးသွားသည်။ စာဝါလေး ပြေးလိုက် လာတာ သူမ သိသည်။

'မေမေ. . တာ့. . တာ. . မေမေ ပေးလိုက်တဲ့ လွယ်အိတ် လေးကို သားကျောင်းသွားရင် လွယ်သွားမယ်နော်၊ ညဘက်ရောက် ရင် မေမေ့သီချင်းလေးဆိုပြီး အိပ်မယ်နော်. . ညီလေးတွေကို သိပ် ချစ်တယ်လို့ ပြောပေးပါ မေမေ. . မေမေ့ကို သား အရမ်းချစ်တယ် သိလား. . မေမေ'



www.burmeseclassic.com

www.burmeseclassic.com



သားရယ် သားလေးရယ် . . ၊ မေမေ့နားတွေ ကန်းကုန်ရင် မကြားရတော့ရင် ဘယ်လောက်ကောင်းမလဲကွယ် . . မငိုပါနဲ့ သားလေးရယ် . . မေမေ တောင်းပန်ပါတယ် . . မေမေ့ကို ချစ်တယ် တဲ့လား . . မေမေသွားစေချင်လို့ သွားမှာတဲ့လား သားရယ်၊ တကယ်ဆို သားက မေမေ့ကို မုန်းလိုက်ရမှာ . . တစ်သက်လုံးနာကြည်းသွားရမှာ . . .

အသုံးမကျတဲ့ မေမေ့ကို ခွင့်မလွှတ်ပါနဲ့ . . . မုန်းလိုက်ပါ သားရယ် . . မေမေ့ကို မေ့သွားမှ ပတ်ဝန်းကျင်အသစ်မှာ သားလေး နေသားတကျဖြစ်မှာ . . .

မေမေ့သား ဆရာဝန်ကြီးဖြစ်ပြီး ပြန်လာတဲ့နေ့ကို မေမေ လယ်ကွင်းထဲက စောင့်နေမယ်နော် . .

အဲဒီအတွက် မေမေ အားတင်းပြီး အသက်ရှင်နေဦးမှာပါ သားရယ် . . .

* * *





စာဝါ မရှိတော့တဲ့နောက် မရင်ငွေ့တို့ အိမ်ကလေး ပိုပြီး ခြောက်သွေ့သွားသည်။ ဘဘုန်းကျောင်းမှာ စာဝါအစား စုဘူးက 'ဆွမ်းတော်ဖျို့'ဟုအော်နေရပြီ။ ဘောလုံးလေးက သူ့အောက်အငယ် နှစ်ယောက်ကို ထိန်းတတ်နေပြီ။ သူတို့အစ်ကိုကြီးကိုတော့ တစ်နေ့ မပြတ် မေးမြဲ . . သတိရမြဲ . .

မရင်ငွေ့မှာတော့ ဗလာသက်သက် မျက်နှာနှင့် ပျော်တာလည်း မပြတော့သလို ဝမ်းနည်းတာလည်း ထုတ်ဖော် မပြတော့ဘဲ ရင်ထဲမှာ အကုန်သိမ်းထားလိုက်ပုံရသည်။ လောကဓံလှိုင်းတံပိုးတွေက ရိုက်ချက်ပြင်းတော့ ကျောက်ဆောင်ကျောက်သားတွေလို ခိုင်မာတယ်ဆိုတဲ့ စိတ်ဓာတ်တွေ တဖြည်းဖြည်း ယိုင်နဲ့လာရသည်။

ကိုရင် မရှိတဲ့နောက်မှာ . . . အကြွေးရှင်တွေက ဟောတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်၊ ဟောတစ်ယောက် ပေါ်ထွက်လာကြသည်။ ဘုမသိ ဘမ သိနှင့် သူတို့တောင်းတိုင်း ဖွဲ့ ဖွဲ့ပြီး ဆပ်နေရသည်။

ကွယ်လွန်သူအတွက် သံသရာအကြွေးမပါစေချင်ပေ။ ငွေ ရှာ စုမိတယ်လို့ကို မရှိပါ။

အလုပ်ကို ပင်ပင်ပန်းပန်း နှစ်ဆတိုး လုပ်လည်း. . ကိုယ့် အတွက် ကျန်တယ်ဆိုတာ မရှိ။ စားလောက်ရုံသာ။ ကြာတော့. . . ဘဝကို အရှုံးပေးချင်လာသည်။

ဒါပေမယ့် သူမ ပြိုလဲလို့ မဖြစ်သေးပါ။ လူမမယ် ကလေး လေးတွေ မျက်စိသူငယ် နားသူငယ်နှင့် မာယာများတဲ့ လောကကြီး ထဲမှာ အားကိုးစရာမရှိတဲ့ဘဝနှင့် လွင့်ချင်ရာလွင့်ပြီး ရေမျောကမ်း တင် လမ်းမှားရောက်သွားမှာ သူမ သိပ်ကြောက်နေသည်။

သို့သော် ကျန်းမာရေးချို့တဲ့ပြီး ချူချာလာတာ သူမဘာသာ အသိဆုံး ဖြစ်လေသည်။ အေးစက်နေတဲ့ ညဘက်တွေမှာ ခေါင်းပိုင်း ပဲ ကွက်ပြီး ဇောချွေးတွေပြန်နေတတ်သည်။ ခန္ဓာကိုယ်က ငွေ့ငွေ့ ကလေး ပူပြီး ချောင်းတဟွတ်ဟွတ်ဆိုးသည်။

ပထမထင်တာက အဆုတ်အအေးပတ်သလားပေါ့။ အိပ် ရေးပျက်တာလည်း များလှပြီကိုးလေ။ ကိုရင့်ကိုသတိရတဲ့အခါ၊ သား လေးစာဝါကို လွမ်းတဲ့အခါ တစ်ညလုံးငုတ်တုတ်ထိုင်နေတတ်သည်။





အငယ်ကောင်လေးတွေက ကောင်းကင်မှာ ကြယ်တွေ စုံ ရင် စာဝါလို့. . သူမ အမည်ပေးခဲ့ဖူးသော မူဝံကြယ်ကလေးကို မြင် တိုင်း သူတို့အစ်ကိုကြီးကို လွမ်းဆွတ်စွာ တမ်းတစွာ မေးတတ်ကြ ပါသည်။

ထိုအခါမျိုးတွင် သူမ ပိုပြီးကြေကွဲရသည်။

စုဘူးလေး ပြေးလာတာမြင်နေရပေမယ့် ထကြိုဖို့ကို အင် အားက မရှိဖြစ်နေသည်။ လူက နုံးချိနေပြီ။ ငြိမ်ပြီးပဲ နေချင်သည်။

'မေမေရေ. . မေမေ. . ဘဘုန်းက အားရင် ခဏလောက် လိုက်ခဲ့ပါတဲ့'

မခေါ်စဖူး အခေါ်ထူးတော့ မရင်ငွေ့ လန့်သွားသည်။

'သားလေး ဘာအမှားလုပ်ခဲ့လို့လဲကွယ်. . မေမေ့ရင်တွေ ထိတ်လိုက်တာ'

'သား ဘာမှမလုပ်ပါဘူး မေမေ၊ ဧည့်သည်တွေက မေမေ့ ကို တွေ့ချင်လို့တဲ့'

'ဘယ်သူတွေများလဲ သားရယ်'

'သားလည်း မသိဘူး မေမေ၊ အရာရှိဆိုလား၊ ဘာလား. . မြို့က လာတာတဲ့'

'အေးလေ. . ဘဘုန်းခေါ်တော့လည်း မေမေ သွားရတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့. . လောလောဆယ် မေမေ့ကို သွေးဆေးလေးယူပေးပါဦး သားရယ်. . မေမေ မော,မောနေလို့'

စုဘူး မျက်နှာလေး ညှိုးရော်သွားသည်။ သူတို့ဘဝထဲမှာ အမေ့ကိုပဲ အားကိုးစရာရှိတာမို့ စိတ်ပူသွားပြီး သွေးဆေးနှင့်ရေတစ်ခွက်ပြေးယူလာပေးသည်။ မရင်ငွေ့က သွေးဆေးသောက်ပြီး အမောဖြေကာ စုဘူးနှင့်အတူ ဘဘုန်းကျောင်းသို့ လိုက်ခဲ့ပါသည်။ နီတွတ်နှင့်တုံတုံလေးကိုပါ ခေါ်ခဲ့ပြီး ဘောလုံးက အိမ်စောင့်ပြီး နေခဲ့သည်။

ဘုန်းကြီးကျောင်းရောက်သောအခါ ဥပမိရုပ်ခန့်ညားသော အသက်လေးဆယ်လောက်ရှိမည့် ယောက်ျားတစ်ယောက်နှင့် ခေတ်မီစွာ ဝတ်စားထားပြီး ကတော်ရုပ်ပေါက်နေသောမိန်းမတစ်ယောက်ကို တွေ့ရပါသည်။ ဘဘုန်းနှင့် ရှေးဟောင်းနှောင်းဖြစ်များ ပြောနေပုံရသည်။ ဒီလိုအဆင့်အတန်းမြင့်မားသည့်လူတွေက သူမကို ဘာကြောင့်တွေ့ချင်ရတာလဲ. . မဟုတ်မှလွဲရော သားကြီးစာဝါလို့. . .

မရင်ငွေ့ ဆက်မတွေးရဲပါ။ ရင်ဘတ်နားတစ်ဝိုက်တွင် ချက်ချင်းကို ပူလောင်လာသည်။ ရင်ပူတာနှင့် ချောင်းက ဆိုးချင်လာ၏။ စိတ်ကို ထိန်းထားသော်လည်း မအောင့်နိုင်သဖြင့် ချောင်းဆိုးသံက ထွက်သွားပါသည်။

ဘဘုန်းက အသံကြား၍ လှမ်းကြည့်ပြီးခေါ်သည်။





'ဒကာမကြီး ရောက်လာပြီလား. . လာလေ. . . ဒီမှာ ဧည့်သည်တွေနဲ့ မိတ်ဆက်ပေးမလို့'

သဘောကောင်းပုံရသော လင်မယားနှစ်ယောက်က မရင်ငွေ့ကို ပြုံးပြလေသည်။ မိန်းမဖြစ်သူက မရင်ငွေ့ကို ရင်းနှီးစွာပင် မေးသည်။

'ဪ. . ဒါ စုဘူးလေးအမေလား'

'ဟုတ်ပါတယ်ရှင့်'

'စုဘူးလေးက ချစ်စရာကောင်းလွန်းလို့ ဘုန်းဘုန်းကို မေးနေရတာ. . အငယ်လေးတွေလည်း ပါလာတာကိုး၊ အားလုံး ဘယ်နှယောက်ရှိလဲ ညီမ'

'ငါးယောက် ရှိပါတယ် အစ်မ၊ ဒါပေမယ့် ကျွန်မအနားမှာ လေးယောက်ပဲ ရှိပါတယ်၊ သားကြီးက အဝေးကိုရောက်နေလို့ပါရှင်'

မရင်ငွေ့က ယဉ်ယဉ်ကျေးကျေးပင် ပြန်ဖြေသည်။ ဘဘုန်းက မရင်ငွေ့ကို မိန့်သင့် မမိန့်သင့် စဉ်းစားပြီးမှ စိတ်ကိုပိုင်းဖြတ်ကာ မိန့်တော်မူလေသည်။

'ဒီလိုပါ ဒကာမကြီး. . ဟောဒီက ဒကာကြီးက (. . .)ရုံးက အရာရှိတစ်ယောက်ပဲ၊ နာမည်က ဦးခင်မောင်လွင်တဲ့. . ဒီဘက်က သူ့မိန်းမ ဒေါ်နုနုတင်တဲ့၊ သူတို့လင်မယားက စုဘူးလေးကိုတွေ့



www.burmeseclassic.com

www.burmeseclassic.com



ပြီး ချစ်နေကြတာ၊ သားသမီးမရှိတော့ နှင့်သားလေးကို မွေးစားချင်လို့တဲ့၊ နှင့်သဘောထားကို မေးကြည့်ချင်တယ်ဆိုလို့ ခေါ်ခိုင်းလိုက်ရတာ. . နှင့်သား စုဘူးက သူတို့စီးလာတဲ့မော်တော်ကားကို ကြည့်ပြီး သဘောတွေကျလို့'

မရှိလို့ ဆင်းရဲတဲ့ လူတွေဆီမှာ တောင်းစရာဆိုလို့ သားသမီးပဲ ရှိသလား မဆိုနိုင်ဖါ။ လာပြန်ပြီ. . သားတောင်းဖို့တဲ့။ မရင်ငွေ့ ငိုင်ကျသွားတာကို ဒေါ်နုနုတင်က ရိပ်မိလေသည်။

'ချက်ချင်းကြီး ဆုံးဖြတ်ခိုင်းတာ မဟုတ်ပါဘူး ညီမရယ်. . အစ်မတို့ ရွှေလထဲမှာ သိမ်ရေစက်ချဖို့ ပြန်လာဦးမှာပါ၊ ဒီကြားထဲ အချိန်ယူပြီး စဉ်းစားပေါ့. . အစ်မတို့ကို မွေးစားခွင့် ပေးရင်တော့ ညီမ စိတ်သာချပါကွယ်. . ကိုယ့်သားသမီးအရင်းလို ပြုစုပျိုးထောင်ပေးမှာပါ. . အဓိကက ပညာရေးပေါ့. . ညီမ ကလေးကို တကယ်ချစ်တယ်ဆိုရင် သူ့ဘဝ ရှေ့ရေးအတွက် ထည့်စဉ်းစားဖို့ လိုတယ်နော်'

သူတို့ပြောတာတွေ မရင်ငွေ့နားထဲ ဝင်တစ်ချက် မဝင်တစ်ချက်. . ကိုယ့်ရင်ထဲက သွေးသားကို ရော့ယူလို့ မပေးရက်နိုင်တာ သူမ အပြစ်မဟုတ်ပါ။

'ကျွန်မ စဉ်းစားပါရစေ အစ်မကြီး'





မရင်ငွေ့သည် ဘဘုန်းကို ဦးသုံးကြိမ်ချ. . ကန်တော့ပြီးနောက် ကျောင်းဝင်းထဲမှာ ဆော့နေကြသော သားများကို ခေါ်ကာ အသက်မပါသောခြေလှမ်းများဖြင့် ပြန်ခဲ့ပါသည်။

ထိုနေ့ညက စုဘူးလေးကို မရင်ငွေ့က မေးသည်။

'သား. . မော်တော်ကား စီးချင်တယ်ဆိုတာ ဟုတ်လား'

'သား စီးဖူးပြီးပြီ မေမေရဲ့၊ ဘဘုန်းဆီလာတဲ့ဘဘက သားကိုပေးစီးတာ'

'ဟင်'

'ဟိုဒေါ်ဒေါ်က ပြောတယ် မေမေ၊ သားကို သူတို့အိမ်မှာ လိုက်နေမလားတဲ့. . အဲဒီမော်တော်ကားနဲ့ နေ့တိုင်းကျောင်းပို့ပေးမယ်တဲ့၊ နောက်ပြီး စားသောက်ဆိုင်တွေမှာ ကျွေးမယ်တဲ့၊ ရေခဲမုန့်လည်း ကျွေးမှာတဲ့၊ အခုပေါ်နေတဲ့ ဂျင်းဘောင်းဘီလည်း ဝယ်ပေးမယ်တဲ့၊ ရုပ်ရှင်လည်း လိုက်ပြမှာ တဲ့. . ကစားကွင်းတွေ၊ တိရစ္ဆာန်ဥယျာဉ်တွေလည်း ပို့ဦးမှာတဲ့'

'တော်တော့'

အကျယ်ကြီးအော်လိုက်သော မရင်ငွေ့အသံကြောင့် စုဘူးလေး လန့်သွားသည်။

'သား လိုက်သွားချင်လို့လား'



www.burmeseclassic.com

www.burmeseclassic.com



စုဘူးက တွေဝေခြင်း၊ တုန့်ဆိုင်းခြင်းမရှိဘဲ သွက်လက်စွာ ပင် ပြန်ဖြေသည်။

'ခဏပဲ သွားလည်ချင်တယ် မေမေ၊ ညီလေးတွေပါ ခေါ် သွားချင်တာ. . သူတို့တွေ သိပ်ပျော်ကြမှာ သားသိတယ်'

ခဏပဲ သွားချင်တာ သေချာလို့လား သားရယ်. . မေမေ့ မှာ သားကိုဆွဲထားဖို့ မေတ္တာတွေပဲ ရှိတာ. . . စည်းစိမ်ဥစ္စာ ဆိုတဲ့ သာယာမှုနောက်ကို သားလေး မက်မက်မောမောပါသွားခဲ့ရင် မေမေ နေခဲ့ရမှာ ခုကတည်းက ကြိုပြီးသိနေပါပြီ။

လိုက်သွားချင်ရင်တောင် သားမှာ အပြစ်မှမရှိတာ။ မေမေ မှ မဖန်တီးပေးနိုင်တာပဲ. . ဒီလောကမှာ ကိုယ်မွေးထားတဲ့ ကိုယ်ပိုင် ဆိုင်တဲ့ သားသမီးတွေကို လိုသလိုပုံသွင်းဖို့ဆိုတာ မေတ္တာတရားတစ် ခုတည်းနဲ့ မလုံလောက်ဘူးဆိုတာ မေမေ သိသွားပါပြီ။ ငွေကြေးဆို တဲ့ အရာက ပိုပြီး အရေးပါနေသလိုပဲ. . လိုအပ်တဲ့အရာ မှန်သမျှ ကို သူက ပံ့ပိုးပေးနိုင်တယ်လေ. . .

ဒီတော့ မေမေ ဘာလုပ်ရမလဲ သား. .

သားတို့ဖေဖေသာ စောင့်ကြည့်နေရင် မေမေ့ကို ဘယ်လို ပြောမှာလဲ. . .

အသည်းနှလုံးမရှိတဲ့ ရက်စက်တဲ့မိန်းမလို့ ပြောမှာလား





ငါမရှိတာနဲ့ သားတွေကို တစ်ယောက်ပြီး တစ်ယောက် ပေးပစ်နေ တဲ့ ခေတ်သစ်ဝေဿန္တရာမကြီးလို့ ပြောမှာပဲလား။

ရှင်ပြောချင်သလို ပြောပါတော့ ကိုရင်။ ကျွန်မ ကျေကျေ နပ်နပ်ကြီး ခံယူမှာပါ။ ကျွန်မသားလေးတွေ ဘဝအနေမြင့်မယ်၊ တင့် တယ်မယ်ဆိုလို့ ရင်အကွဲခံပြီး သူများတွေချစ်ဖို့ ပေးနေရတာပါရှင်။

သားတွေကို ချစ်လွန်းလို့၊ ကျွန်မလက်နဲ့ ထုဆစ်လိုက်ရင် မသေမသပ် မလှမပတဲ့ အရုပ်ကလေးတွေ ဖြစ်သွားမှာစိုးလို့၊ လယ် ကွင်းထဲက နွံ့ရုပ်တွေလို အမြင်မလှမှာစိုးလို့ သေသပ်လှပပြီး အဆင့် အတန်းရှိအောင် ထုဆစ်နိုင်မယ့် လူတွေလက်ထဲကို ထည့်ပေးလိုက် ရတဲ့အတွက် ကျွန်မ ရင်ထဲမှာ နာလွန်းမက နာနေတာ ဘယ်သူတွေ ကများ စာနာပေးနိုင်လို့လဲ. . .

နှစ်သိမ့်မယ့်သူ မရှိ၊ ဖေးမကူညီမယ့် ဆွေမျိုးသားချင်းမရှိ တဲ့ ကျွန်မဘဝမှာ ကိုရင်မရှိတဲ့အချိန်ကစပြီး တက်ကျိုးသွားပြီရှင်။

စာဝါ ပြီးတော့ စုဘူးကလေးကို အဖေသစ် အမေသစ်တွေ လက်ထဲ ထည့်ပေးဖို့ ကျွန်မ ဆုံးဖြတ်လိုက်ပါပြီ။

ဒီသားကလေးက အကောင်း ကြိုက်ပြီး အသန့် ကြိုက်တာ ကျွန်မ သိထားလို့ပါပဲ။

သားကိုခေါ် သွားမယ့် အရာရှိတွေက ဘဘုန်းရဲ့ ဒကာရင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်သလို အဆင့်အတန်းလည်း ရှိတော့ ကျွန်မ စိတ်ချရတာ ပေါ့။

အရေးအကြီးဆုံးက ကျွန်မရဲ့မျက်ကွယ်မှာ သားလေးတွေ အဆင်ပြေပြေရှိဖို့ပဲ။ အဘက်ဘက်က စဉ်းစားချင့်ချိန်ပြီးမှ ဆုံးဖြတ်တာပါ။

တစ်နေ့နေ့မှာ. . ဘယ်တော့မှန်းမသိတဲ့ တစ်နေ့နေ့မှာ. . သားလေးတွေ ကျွန်မရင်ခွင်ထဲ ပြန်ရောက်လာဖို့ နေ့တိုင်း ကျွန်မ ဆုတောင်းနေမှာပါရှင်. . .

* * *





တုံတုံလေးကိုထိန်းရင်း ဘောလုံးလေးက သေနတ်ပစ်တမ်း ဆော့နေသည်။အမေက နီတွတ်လေးကို ခေါ်ပြီး မနက်ကတည်းက ထွက်သွားပြီဖြစ်သည်။

ဘောလုံးက သေနတ်ကို အကျအနချိန်ပြီး ဗီဒီယိုကားတွေထဲကလို ပစ်ကွင်းကို ရွေးပြီး မျက်စိတစ်ဖက်မှိတ်ကာ ချိန်ထား၏။

သူ့ပစ်မှတ်ထဲ ဝင်လာတာက လွယ်အိတ်ကြီး လွယ်ထားသော လူကြီးတစ်ယောက်. . . ထိုလူကြီးက အန္တရာယ်ကို မမြင်ဘဲ ကွမ်းတဝါးဝါးဖြင့် ရိုးပြတ်လယ်ကွင်းများကို ဖြတ်ပြီး လာနေသည်။ ဘောလုံးက သူ့ညီကို တိတ်တိတ်လေးနေရန် အချက်ပြလိုက်သည်။

ထိုလူကြီး သူတို့အနားရောက်လာသောအခါ ဘောလုံးက ပုန်းနေရာမှခုန်ထွက်လိုက်ပြီး သေနတ်ဖြင့် လှမ်းပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒိုင်း . . ဒိုင်း . . ဒိုင်း'

'အား . . '

ဟု အော်ပြီး လူကြီးလဲကျသွားသည်။ လူကြီး အကြောက်လွန်သွားပြီ . . တကယ်သေသွားတာလား၊ ဘောလုံးမှာ ကြောက်စိတ်တွေဖြင့် လူကြီးလက်ကို ကိုင်ကာ မနားတမ်းအော်ခေါ်နေမိသည်။

'ဦးဦးရေ . . ဦးဦး . . ဦးဦး ဘာဖြစ်သွားတာလဲ . . ထတော့လေ . . ဦးဦး သေသွားပြီလား၊ ဒါဆို သားတော့ အဖမ်းခံရတော့မှာပဲ၊ မေမေက ပြောတယ် . . လူသတ်ရင် အဖမ်းခံရတယ်တဲ့ . . ဦးဦးမြန်မြန် ထပါတော့'

ဦးပန်းလှ ရယ်ချင်လှပြီ။ ကလေးလေးက သူ့ကို သေသွားပြီထင်ပြီး ကြောက်နေပုံရသည်။ သူ့ကို ခြောက်လှန့်သောကလေးကို သူက ပြန်စ,လိုသဖြင့် လဲ့ချပြီး မေ့ချင်ယောင်ဆောင်နေခြင်းသာ။

သမီးချည်း သုံးယောက် ရှိသော ဦးပန်းလှက ယောက်ျားလေးတွေ မြင်လျှင် ချစ်ရှာသည်။ သူ့အလုပ်က စပါးအဝယ်တော်ပဲအဝယ်တော်မို့ နယ်စုံသွားနေရသည်။ ဦးပန်းလှက ဘောလုံးလက်ကလေးကို ဆွဲပြီး ထထိုင်လိုက်သည်။

'ဦးဦး မသေပါဘူး သားရယ်၊ ဟား . . ဟား . . တော်တော်လန့်သွားသလားကွ ဟေ . . '





'ဟာဗျာ . . ဦးဦးက တော်တော်ဆိုးတာပဲ၊ သားက တကယ်သေပြီမှတ်လို့'

သူ့ကိုယ်သူ သားလို့ သုံးနှုန်းလိုက်တဲ့ ကလေးကို ဦးပန်းလှက သေသေချာချာကြည့်မိသည်။ ပါးစုန့်ကလေး နှစ်ဖက် ထွက်ကာ မျက်လုံးမျက်ဖန်လှလှ၊ နှာတံပေါ်ပေါ်ကလေးနှင့် အတော်ပဲ ချစ်ဖို့ကောင်းပါသည်။

'သားတို့က ဘယ်မှာနေတာလဲကွ'

'ဟိုးလယ်ကွက်ကိုကျော်လိုက်ရင် တိုက်အိမ်လေး တစ်လုံးရှိတယ်လေ . . အိမ်က လှလှကလေး၊ ဦး တွေ့တယ် မဟုတ်လား . . ဟီး . . ဟီး'

ကလေးက သူ့ဟာသူ ပြောပြီး သဘောတွေ ကျနေသည်။ သူပြောတဲ့ အိမ်လှလှတိုက်အိမ်ဆိုတာ တကယ်တော့ လယ်စောင့်တဲကလေးတစ်လုံးကို ပြောခြင်းဖြစ်သည်။ အမိုးတွေတောင် လန်နေပြီ၊ ထရံကလည်း အပေါက်တွေ ဗလပွနှင့်။ တော်တော်ကြီးကို ဆင်းရဲပုံရပါသည်။

'သားတို့မိဘတွေကော'

'ဖေဖေက မရှိတော့ပါဘူး၊ မေမေတော့ ရှိတယ်၊ ခဏနေပြန်လာလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ထမင်းကော စားပြီးကြပြီလား'

'ခါတိုင်းနေ့တွေတော့ ငါးပိရည်နဲ့စားရတာ များတယ်၊ ဒီနေ့ သားတို့ ဘဲဥဟင်းလေး စားရတယ်ဗျ၊ ဘဘုန်းကျောင်းက ဟင်းကျန်လို့ကျွေးလိုက်တာ၊ ဘာလဲ. . ဦးဦးက ဗိုက်ဆာလို့လား'

သွက်သွက်လက်လက်ရှိတဲ့ကလေးကို ကြည့်ရင်း ပိုလို့ပိုလို့ ချစ်လာမိသည်။ မောင်လေး လိုချင်လှချည်ရဲ့ဆိုတဲ့ သမီးသုံးယောက်အတွက် ဒီကလေးလေး ခေါ်သွားပေးရင် အဆင်ပြေမှာပဲ. . .

သမီးတွေရဲ့အမေကအစ သားကလေးပဲ လိုချင်တာ။ မရတော့လည်း ဘုရားပေးတဲ့သမီးတွေနဲ့ပဲ ကျေနပ်နေရတာပေါ့။

'သားလေး. . အသက် ဘယ်နှနှစ်ရှိပြီလဲ'

'လေးနှစ်လို့ မေမေပြောတာပဲ'

'သားနာမည်ကရော'

'ဘောလုံး တဲ့'

'ဟား. . ဟား. . ဘောလုံး ဟုတ်လား၊ လူနဲ့နာမည်နဲ့တော့ လိုက်နေတာပဲ. . လူကလည်း ပုပုလုံးလုံး၊ ဗိုက်ကလေးပူပူနဲ့ ဘောလုံးလေးအတိုင်းပါပဲကွာ'

'မိုးပေါ်က ကြယ်ကလေးတောင် သားနာမည်နဲ့အတူတူပဲ ဘောလုံးတဲ့၊ ဦးဦးက ဘယ်ကနေလာတာလဲဟင်'





'ဦးဦး နေတဲ့ နေရာက သားတို့နေတဲ့ နေရာနဲ့ မိုင်တစ်ရာကျော်ဝေးတယ်ကွ၊ ဦးဦးပြန်ရင် လိုက်ခဲ့ပါလား သား'

'လိုက်တော့ လည်ချင်ပါတယ်. . ဒါပေမယ့်. . သားမေမေလာရင် ခွင့်တောင်းရဦးမှာ'

'ဦးတို့အိမ်မှာ သားနဲ့ အတူတူဆော့ဖို့ အစ်မ သုံးယောက်တောင် ရှိတာ၊ ကစားစရာတွေလည်း အများကြီးပဲ သိလား'

ခုမြင် ခုတွေ့ပြီး ခုပဲ သူ့ကလေးကို တောင်းရင် စိတ်များဆိုးသွားမလား။ ကလေးလေး နေထိုင်ရတဲ့ ဘဝက သနားစရာ ဆိုတော့ ခေါ်သွားပြီး မြေတောင်မြှောက်ပေးချင်လာသည်။

'ဦးဦးရေ. . မေမေ ပြန်လာပြီ'

ဘောလုံးပြတဲ့နေရာကို ကြည့်မိတော့ ကလေးတစ်ဖက်ချီပြီး ကျန်လက်တစ်ဖက်က အိတ်ဆွဲထားသော မိန်းမတစ်ယောက်ကို တွေ့ရသည်။ အသက်သုံးဆယ်လောက်လို့ မှန်းရပေမယ့် အသက်ထက် အရွယ်က ပိုပြီး အိုစာနေပါသည်။ နေလောင်လို့ နီကြင်ကြင်ဖြစ်နေသောဆံပင်တွေနှင့် အသက်မပါသောမျက်လုံးနှင့် ထိုမိန်းမသည် ရုတ်တရက်ကြည့်လျှင် စိတ်မှန့်ရဲ့လားဟု ထင်ရသည်။

'မေမေ. . ဦးဦးက မေမေ့ကိုစောင့်နေတာ'

'ကျွန်မကို ဘာများခိုင်းစရာရှိလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'မရှိပါဘူး ညီမ ဒီလိုပါ. . ကျွန်တော်က အောင်သုခစပါး အဝယ်ဒိုင်က ဦးပန်းလှပါ၊ ဒီကလေးလေးကိုတွေ့ပြီး သံယောဇဉ်ဖြစ်မိလို့ ညီမဆီမှာ တောင်းပြီး မွေးစားမလို့ စောင့်နေတာ'

အောင်သုခအဝယ်ဒိုင်ဆိုတာ သူမ ကောင်းကောင်းသိပါသည်။

'ရှင်က အဝယ်တော်လား၊ သားသမီးရော ရှိလား'

'သမီး သုံးယောက်တော့ ရှိပါတယ်၊ အဝယ်တော် ဟုတ်ပါတယ်'

'ဒါဆို ရှင်ပြန်လို့ရပြီ. . ကျွန်မ မပေးနိုင်ဘူး'

မရင်ငွေ့က ခပ်ပြတ်ပြတ်ပင်ဆိုပြီး နှင်လေပြီ။ ဟုတ်တယ်လေ. . သူ့မှာ သမီးသုံးယောက်တောင် ရှိနေမှတော့ ကိုယ့်သားလေးကို ဘယ်လိုလုပ်ပြီး နှစ်နှစ်ကာကာ ချစ်နိုင်မှာလဲ။ သူများလက်ထဲ ဝ,ကွက်အပ်လိုက်ရတယ် ဆိုပေမယ့် နောက်ကြောင်းရာဇဝင်လည်း ကြည့်ရသေးတာပဲ။ ရင်ငွေ့ စာမတတ်ပေမယ့် ဒီလောက်တော့ ချင့်ချိန်နိုင်ပါသေးတယ်။

'မဟုတ်သေးဘူး ညီမ. . သမီးတွေရှိတာ သတ်သတ်ပဲ. . ကျွန်တော်တို့လင်မယားနှစ်ယောက်လုံးက သားယောကျ်ားလေးပဲလိုချင်တာ၊ သမီးတွေ ဆိုလည်း မောင်လေးလိုချင်တာမှ တစ်ပိုင်းကို





သေနေတာပဲ၊ စိတ်ချပါဗျာ. . သားလေးဘောလုံးကို ကျွန်တော်တို့သားအရင်းလေးလို ချစ်မှာပါ။ ညီမ မယုံရင် အိမ်လိုက်ကြည့်လို့ရပါတယ်'

ဒါလည်း ကောင်းတာပဲ။ လေ့လာလို့ရတာပေါ့။ တဆုံးထိကြည့်ပြီးမှ ဆုံးဖြတ်ရမှာပဲ. . .

'ကောင်းပြီလေ. . ကျွန်မ လိုက်ခဲ့မယ်. . . ရှင် ဒီနေ့ ပြန်မှာလား'

'တော်ကြာ ပြန်တော့မှာ၊ ခင်ဗျားတို့သားအမိ တစ်ညအိပ်ပြီးမှပဲ ပြန်ကြပေါ့'

မရင်ငွေ့သည် ဘောလုံး အဝတ်အစားများနှင့် သူ့အကျီတစ်စုံကို သိမ်းကာ ဦးပန်းလှနှင့်အတူ လိုက်လာခဲ့ပါသည်။ အဝယ်နှစ်ကောင်ကို ကိုထွန်းလူတို့တဲမှာ တစ်ညအပ်ထားခဲ့ရသည်။

ကံကြမ္မာ လောက လူ့ဘဝထဲမှာ တူညီလှပဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ရှိလည်း မရှိနိုင်ဘူးလေ။ အနိမ့်ရှိလို့ အမြင့်ဆိုတာ ရှိလာတာပေါ့။ အတက်ရှိလို့ အကျဆိုတာလည်း ရှိလာတာပဲလေ. .

တောင့်ပြီးခံလိုက်စမ်းပါ ရင်ငွေ့ရယ်. . နင့်သားတွေ နင့်ရင်ခွင်ထဲ ပြန်လာမယ့်တစ်နေ့ကို ပြုံးပြုံးကြီး စောင့်နေလိုက်စမ်းပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



'မေမေရေ. . ဖေကြီး ပြန်လာပြီ'

သမီးကြီးက အဖေကို တွေ့တာနှင့် ဝမ်းသာပြီး သူ့အမေကို အော်ခေါ်နေသည်။ ဦးပန်းလှတို့အိမ်က တစ်ထပ်တိုက်ပုကလေးဖြစ်ပြီး ခြံဝင်းထဲမယ် သီးပင်၊ စားပင် စုံစုံလင်လင်စိုက်ပျိုးထားသည်။

မရင်ငွေ့က သူတို့မိသားစုရဲ့လူနေမှုစရိုက်ကို ရသလောက် အကဲခတ်နေရသည်။ ခဏကြာတော့ အမေနှင့် သမီး နှစ်ယောက် ပြေးထွက်လာပြီး သူ့အဖေကို ပွေ့ဖက်ကာဆီးကြိုကြသည်။ ဒီမိသား စုဝင်တွေ သိပ်ချစ်ကြတာ အမူအရာကြည့်ရုံနှင့်တင် သိသာနေပါပြီ။

'သမီးတို့ ဒီမှာကြည့်စမ်း. . သမီးတို့အတွက် ဖေဖေ မောင်လေးတစ်ယောက် ခေါ်လာပေးတယ်'

မရင်ငွေ့သည် ဦးပန်းလှ၏ဇနီး မျက်နှာကို မလွှတ်တမ်း





အကဲဖမ်းနေလေသည်။ တောနယ်က ပြန်ရောက်လာတဲ့ ယောက်ျားနောက်မှာ သူစိမ်းမိန်းမတစ်ယောက်နှင့် ကလေးလေးတစ်ယောက် ပါလာပုံက သာမန်မိန်းမတစ်ယောက်အနေနှင့် သို့လော သို့လော ထင်ချင်စရာပါ။

'ရှင် ဘာတွေ ရှုပ်လာတာလဲ' ဆိုပြီး သဝန်တိုချင်စရာ အထင်မှားချင်စရာပါ။

သို့သော် ဦးပန်းလှမိန်းမက ထိုအစားထဲတွင် လုံးဝမပါပါ။ မျက်နှာမှာ အပြောင်းအလဲဖြစ်သွားတာလည်း မတွေ့လိုက်ရတဲ့ သူ့ယောက်ျားကို ယုံကြည်တန်ဖိုးထားတာ သိသာလှသည်။

'ချစ်စရာလေးပါလား၊ သားလေးနာမည် ဘယ်လိုခေါ်လဲ ကွဲ့'

'ဘောလုံး. . ပါ ခင်ဗျာ'

'ဘောလုံး. . နာမည်လေးကပါ ချစ်စရာကောင်းနေပြီ'

သားတွေကို မရင်ငွေ့ ဂုဏ်ယူတာ ယဉ်ကျေးလိမ္မာကြလို့ ပါပဲ။ ဒါဟာလည်း ဘဘုန်းရဲ့ ကျေးဇူးတွေပါပဲ။ တောကြိုအုံကြား လယ်ကွင်းထဲမှာ နေရပေမယ့် အရိုင်းအစိုင်းတစ်ယောက်မှ မပါပါ။

'ဒီက ညီမက ဘောလုံးအမေလေ၊ သူ့သားကို မပေးဘူး လုပ်နေလို့ ဝိုင်းပြောကြပါဦးကွာ'



www.burmeseclassic.com

www.burmeseclassic.com



သမီးကြီးဖြစ်တဲ့ ကောင်မလေးက ဘောလုံးလက်ကလေးကို ဆွဲပြီး အတင်းခေါ်ထားသည်။

'အန်တီ. . မောင်လေးကို ပြန်ခေါ်မသွားပါနဲ့၊ သမီးတို့နဲ့ ထားခဲ့ပါနော်. . နော်'

'ဟုတ်ပါတယ် အန်တီရယ်. . သမီးတို့မှာ မောင်လေး မရှိလို့ သမီးတို့ကို ပေးပါနော်၊ သူ့ကို ကျောင်းလည်း ထားပေးပါ့မယ်'

သမီးတွေက ဘောလုံးလေးကို အလုအယက် တောင်းနေကြပြီမို့ ဒေါ်လတ်လတ်မှာ မနေသာတော့ဘဲ

'အစ်မတို့ဆီမှာ ညီမသားလေး မှဲ့တစ်ပေါက် မစွန်းစေရပါဘူးကွယ်. . ကိုယ့်သားသမီးနဲ့တန်းတူထားပြီး လူတစ်လုံးသူတစ်လုံးဖြစ်တဲ့အထိ တာဝန်ယူမှာပါ။ ညီမတို့ရွာနဲ့လည်း ဘယ်လောက်မှ မဝေးတာ၊ သတိရရင် လာကြည့်လို့ရပါတယ်ဟယ်'

ဒေါ်လတ်လတ်စကားတစ်ခွန်းနဲ့တင် မရင်ငွေ့ စိတ်ကျေနပ်သွားသည်။ သူများတွေကျတော့ ကလေး မွေးစားပြီ ဆိုတာနှင့် ကလေးမိဘတွေကို ပေးမလာတော့ဘဲ လာတွေ့မှာ သေမလောက်ကြောက်ကြသည်။ အခုဟာက ကိုယ့်ကလေးကို လိုလိုချင်ချင်ဖြင့် တန်ဖိုးထားသည့်အပြင် တွေ့ဖို့အခွင့်အရေးပါရတာဆိုတော့ အဆင်ပြေမည် ထင်သည်။





ဘာပဲဖြစ်ဖြစ်လေ ကိုယ့်ဆီမှာနေတာထက်စာရင် ထမင်းကောင်း၊ ဟင်းကောင်း စားရပြီး ကျောင်းကောင်းကောင်းမှာ နေရဦးမည်။ ဒါနဲ့တင် ကျေနပ်စရာကောင်းနေပါပြီ။

ဘောလုံးလေးက အမေ ခဏခဏလာမည်ဆိုတာနှင့်တင် ကျေနပ်ပြီး အသာတကြည်ပင် နေခဲ့ပါသည်။

အိမ်အပြန်လမ်းမှာ သားလေးပြန်ပါမလာလို့ မျက်ရည်ကျရပေမယ့် သူတို့လေးတွေ ဘဝမြင့်မားသွားပြီဆိုတဲ့စိတ်ကို သွင်းပြီး ဖြေယူရပါသည်။ လူခုနစ်ယောက်နေခဲ့တဲ့ လယ်စောင့်တဲကလေးမှာ ခုတော့ သုံးယောက်တည်းသာ ကျန်ပါတော့သည်။ တဖြည်းဖြည်း လျော့နည်းသွားပြီပဲ။

စိတ်ဓာတ်မကျလိုက်နဲ့ ရင်ငွေ့ရေ. . နင့်သားကလေးတွေ အရွယ်ရောက်လာရင်၊ သူတို့ အိမ်ထောင်ရက်သား ကျသွားရင် နင့်မြေးလေးတွေ ချီရဦးမှာ. . နင် အသက်ရှည်မှဖြစ်မှာနော်. .

စိတ်ကို ပြန်တင်းထားရပေမယ့် လူက ခွေချင်လာသည်။ သားတစ်ယောက်ကို ပေးလိုက်ရတိုင်း ကိုယ့်ရင်ထဲက ကလီစာတွေကိုထုတ်ယူသွားသလို ခံစားရသည်။ မခွဲရက်တာ အမှန်ပါ။ မသေခင်နောက်ဆုံးအချိန်ထိ ကိုယ့်သားသမီး ကိုယ့်အနားမှာပဲ ရှိစေချင်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့ ကိုယ့်ဝမ်းနဲ့ လွယ်မွေးပြီး သူများ ချစ်ဖို့ ပေးလိုက်ရတဲ့အမေတွေဟာ ဒီကမ္ဘာပေါ်မှာ ကုသိုလ်ကံအဆိုး ဆုံးလူတွေပါ။

မရင်ငွေ့၏မျက်နှာမှာ အပျော်တွေ ပျောက်ဆုံးနေသည်။ အပြုံးတွေ ပျောက်ကွယ်နေသည်။ ဒီထက်ပိုဆိုးတာက လောကဓံရဲ့ အထုအထောင်းတွေ ခံရဖန်များတော့ ရင့်ရော်ကာ မာကျောခက် ထန်နေသောအရိပ်တွေ ပြည့်နေတာပဲ ဖြစ်သည်။

* * *





နီတွတ်လေးကို ချီပြီး ရွာထဲသို့ လာသော မရင်ငွေ့သည် သူမကို မြင်သည်နှင့် လက်ကုတ်အတင်းတုပ်နေကြသောလူတွေကို မြင်ပါသည်။ မသိကျိုးကျွင်ပြုပြီး လျစ်လျူရှုကာ ဆက်လျှောက်လာ ခဲ့သည်။ သူတို့ဘာတွေပြောနေကြသလဲဆိုတာ သိလည်း မသိချင် တော့ပါ။ ကြားလည်း မကြားချင်တော့ပါ။

'တွေ့လား. . . ကောင်မကိုက. . မွေးထုတ်၊ မွေးထုတ်ပြီး ကလေးတွေကို တစ်ယောက်ပြီး တစ်ယောက် ပေးပစ်နေတာ. . . အလကားပါအေ. . အသည်းနှလုံးမရှိတဲ့ မိန်းမ၊ ပုံစံကိုကြည့်ပါလား နောက် အငယ်နှစ်ကောင်လည်း ဘယ်တော့ပေးပစ်ဦးမလဲ မသိဘူး'

'ပေးတယ်ဆိုကတည်းက အကြောင်းတော့ရှိမှာပေါ့အေ. . နောက်လင်ယူမှာမို့လို့ ကြိုပြီးရှင်းထားတာ ဖြစ်မှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



နားမထောင်ပေမယ့် မရင်ငွေ့ နားက ကြားနေရပါသည်။ ပြောရက်လိုက်ကြတာ၊ ရက်ရက်စက်စက်စွပ်စွဲရက်လိုက်ကြတာ. . ဝင့်လည်မှာ မကြောက်ကြဘူးလားရှင်။

သားသမီးကို မချစ်တဲ့မိဘဆိုတာ ရှိရော ရှိရဲ့လား။ သားသမီးကို ပေးပစ်တယ်ဆိုတာ မချစ်လို့မှမဟုတ်ဘဲ။ ချစ်လွန်းလို့ ပေးလိုက်တာဆိုရင် ဘာများပြောကြဦးမှာလဲ။ သူတို့ နားလည်အောင် ဘယ်လိုများ ရှင်းပြရမှာလဲ။

ဘယ်သူတွေဘာပဲပြောပြော မရင်ငွေ့သည် သူ၏ခံယူချက်အတိုင်း သားတွေကို အဆုံးထိတွေးပြီး အမြင့်ဆုံးရောက်ဖို့ ရည်ရွယ်မျှော်ကိုးပြီး တုံတုံကလေးကို စီးပွားရေးကုန်သည်တစ်ယောက်ဆီသို့လည်းကောင်း၊ နီတွတ်လေးကို တက္ကသိုလ်က ကျောင်းဆရာမ ပညာတတ်တစ်ယောက်ဆီသို့လည်းကောင်း အသီးသီး ပေးလိုက်ရပြန်ပါသည်။

သား ငါးယောက်လုံးကို မပေးရက်ချင်ပေမယ့်. . ကိုယ့်ရင်ခွင်ထဲမှာ ထားခဲ့ချင်ပေမယ့် သူမဆီမှာ တီဘီရောဂါစွဲကပ်နေသဖြင့် အလုပ်ကို အရင်ကလို မလုပ်နိုင်တော့ဘဲ ငတ်တစ်လှည့် ပြတ်တစ်လှည့်ဘဝမှာ သားလေး နှစ်ယောက်ကို သနားလွန်းလို့ ပေးလိုက်ရခြင်း ဖြစ်ပါသည်။





အခု သူမနံဘေးမှာ သားလေးတွေ တစ်ယောက်မှမရှိကြတော့ပါ။ ကြယ်တွေ စုံတဲ့ ညမှာတော့ ကောင်းကင်ထက်မှာ လင်းလက်တောက်ပနေတဲ့ သားလေးတွေကို ကိုယ်စားပြုတဲ့ ကြယ်လေးငါးလုံးကတော့ သူမကို ငုံ့ကြည့်ပြီး ပြုံးပြနေလေသည်။

မရင်ငွေ့သည် ကြယ်တွေ စုံမယ့်ညကို စိုးကြောက်နေလေသည်။

သူမ ရင်မဆိုင်ရဲပါ။ ထို့ကြောင့် လမိုက်ညတွေ ညတိုင်းရှိပါစေလို့သာ ဆုတောင်းနေမိတော့သည်။

* * *

(ဝေဖန်စာ၊ အကြံပြုစာများ
ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရုပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



## “နောက် အနှစ် နှစ်ဆယ်ကျော် ကြာသောအခါ”

ဘဝတွေ၊ ဘဝတွေ ဝေးကွာနေလည်း အမေ့ရင်ခွင်ထဲက ထွက်လာကတည်းက ကိုယ်ပိုင်ဆိုလို့ စာဝါဆိုတဲ့ နာမည်လေးတစ်ခုသာ အမွေရထားသည်။

သူ့မွေးစားအဖေ ဒေါက်တာသန့်စင်သည် သူ့အပေါ်မှာ တာဝန်ကျေခဲ့သော်လည်း လူလွတ် အရွယ်ရှိသောယောက်ျားမို့. . မိန်းမတစ်ယောက်၏မာယာနှင့်လှည့်ဖျားမှုကိုတော့ ရှောင်လွှဲဖို့ မကြိုးစားခဲ့ပါ။

ဒယ်ဒီ့မိန်းမ ဒေါ်ကေသီသည် လူတစ်ဖက်သားကို နာလိုခံခက်ဖြစ်အောင် ပြောတတ်သူဖြစ်သည်။





အကောင်းမြင်စိတ် နည်းပြီး အတ္တများသူဖြစ်သည်။

ဒယ်ဒီ့မျက်နှာကြောင့် စာဝါက တတ်နိုင်သလောက် ဒေါ်ကေသီနှင့်ထိပ်တိုက်မတွေ့အောင် ရှောင်သည်။

သို့သော် ဒေါ်ကေသီကတော့ သူနှင့် ပြဿနာမဖြစ် ဖြစ်အောင် တမင်ဇာကာလိုက်ရှာနေသူ ဖြစ်သည်။ ဒယ်ဒီ့မျက်ကွယ်မှာဆို ယုတ်မာတာက ကမ်းကုန်သည်။

ဒယ်ဒီ့အရှေ့မှာကျတော့ သူ ဘာမှ မသိသလို၊ ရိုးသားချင်ယောင်ဆောင်လေသည်။ ဒီနေ့ကျတော့ ဒေါ်ကေသီနှင့် စာဝါ ထိပ်တိုက်တွေ့ခဲ့လေပြီ။ ဘယ်လိုမှရှောင်လို့မရတော့။ အိမ်ရှေ့ဝရန်တာမှာ ဂီတာထိုင်တီးနေသော စာဝါရှေ့သို့ ဒေါ်ကေသီက ပါဆယ်ထုတ်ထားသော အထုပ်လေးထုပ်ကို ပစ်ချလိုက်ပြီး ရန်တွေ့သည်။

‘ဟဲ့. . ပေါက်လွှတ်ပဲစား မျိုးမစစ်ကောင်၊ ဒီအထုပ်တွေက နင့်ညီတွေအတွက် မဟုတ်လား၊ ဘာလဲ နင်က ငါ့ယောက်ျားလုပ်စာတွေ တိုပြီး နင့်ညီတွေကို ကျွဲနေတာလား’

စာဝါက တီးနေသောဂီတာကို ဘေးချလိုက်ပြီး ဒေါ်ကေသီနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် ရပ်လိုက်သည်။ ထိုနောက်

‘ခင်ဗျား ဘာစကားပြောတာလဲ၊ လူမှန်ရင် လူစကားထွက်ရမှာပေါ့. . ကျုပ်က ပေါက်လွှတ်ပဲစားဆိုရင် ခင်ဗျားက ဆန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



မြေလေး အပေါ်စားမိန်းမပဲ. . ဟုက်တယ် မဟုတ်လား၊ ဒါကြောင့် ကျုပ်အဖေ လူရိုး လူအကြီးကို အပိုင် ထောင်ဖမ်းလိုက်တာပေါ့. . တစ်လက်စတည်းပြောထားရဦးမယ်. . ဒယ်ဒီ့မျက်နှာကြောင့် သည်းခံနေတာ၊ ကျုပ်ကို လျှော့မတွက်နဲ့၊ ကျုပ်မှာလည်း ပါးစပ် ပါတယ်၊ ပြောတတ်တယ် နားလည်လား'

ဆေးရုံမှ ပြန်လာသော ဒေါက်တာသန့်စင်က သူတို့ နှစ်ယောက် ပြဿနာတက်နေတာကို တွေ့သွားသည်။ ဒေါ်ကေသီက ယောက်ျားဖြစ်သူကို တွေ့မှ ငိုယိုပြီး ပြေးတိုင်လေသည်။

'ကိုကိုရေ. . ရှင့်သား အဲလိမ္မာတုံးကြီးက ကျွန်မကို မိန်းမပျက်လို့ ပြောတယ်လေ. . ရုပ်ကလေးကြည့်တော့ ဒီလောက်ရိုင်းမယ် ထင်မထားဘူး'

'သား. . မင်း လူကြီးကို ဒီလိုပဲ ပြောရသလားကွ၊ တောင်းပန်လိုက်၊ ခုချက်ချင်း တောင်းပန်လိုက်စမ်း'

သူ့မိန်းမ ပြောတိုင်း ယုံတဲ့ ဒယ်ဒီ့ကိုပါ စာဝါ ရွံ့ချင်လာသည်။ တကယ်ဆို အကျိုးသင့်အကြောင်းသင့် မေးပါဦးတော့လား။

'မတောင်းပန်နိုင်ဘူး ဒယ်ဒီ၊ သားမှ မမှားတာ'

'မှားမှား. . မမှားမှားကွာ၊ အဖေက တောင်းပန်ဆို တောင်းပန်လိုက်ပေါ့'





စာဝါကလည်း မြဲဖြဲသည်။ လုံးဝကို ဂရု မစိုက်ဘဲ လှည့်ထွက်လာခဲ့သည်။ ဒေါက်တာသန့်စင်က စာဝါပခုံးကို ဆွဲလှည့်လိုက်သည်။

'ဟေ့ကောင်. . လူကြီးပြောနေတာ ပမာမခန့်နဲ့'

'သား ပြောပြီးပြီလေ၊ မတောင်းပန်နိုင်ဘူးလို့'

'မတောင်းပန်နိုင်ဘူး ဟုတ်လား. . ကဲကွာ'

မယုံပါဘူး။ လုံးဝကို မယုံလိုက်ပါဘူး။

ဒယ်ဒီက သူ့မျက်နှာကို ဆွဲထိုးလိုက်တာ တဲ့. .

သံယောဇဉ် မရှိတော့ဘူးလား ဒယ်ဒီ. . . အနှစ် နှစ်ဆယ်လောက် ဒယ်ဒီ့အရိပ်ကို ခိုလာရတဲ့ ကောင်ပါ ဒယ်ဒီ။ မိန်းမတစ်ယောက်ရဲ့ မျက်ရည်အတုတွေကြောင့် သားအပေါ် မှာ ရက်စက်နိုင်ပြီပေါ့. .

စာဝါ ဘာမှမတုံ့ပြန်တော့ပါ။ စိတ်၏ထွက်ပေါက်အဖြစ် သစ်ရွက်ကလေးတစ်ရွက်လို လေနှင်ရာကို လွင့်ပါပြီး ခြေဦးတည့်ရာ လျှောက်သွားနေမိသည်။

မေမေက သားကို ဘာဖြစ်စေချင်တာလဲ။

ဆရာဝန်တဲ့. . ဟုတ်လား. .

ဒါပေမယ့် မေမေ လိုချင်တဲ့ ဆရာဝန် သား မလုပ်ချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အရင်က မေမေ့ကို သိပ်ချစ်ခဲ့တဲ့ သားပါ။ စာကလေး မတောက်တခေါက် ရေးတတ်တာနဲ့ မေမေ့ဆီကို စာတွေ ထည့်ခဲ့ရတာ. . ခဲတံနဲ့ ရေးခဲ့တဲ့စာတွေ မဟုတ်ပါဘူး၊ မျက်ရည်နဲ့ရေးခဲ့တယ်ဆိုတာ ဘုရားသိပါတယ် မေမေ။

ခုချိန်မှာ လာမေးရင်တော့ မေမေ ဆိုတာ သားဘဝထဲမှာ မရှိတော့ဘူး။ မေမေ့ရုပ်သွင် ဘယ်လိုရှိတယ်ဆိုတာလည်း မသိချင်တော့ဘူး။

မေမေ့ကို သား သိပ်မုန်းသွားပြီ. .

ဒါကြောင့်မေမေ ဖြစ်စေချင်တဲ့ဘဝနဲ့ ဆန့်ကျင်ဘက်လမ်းကို သား ရွေးပြီးလျှောက်ခဲ့တာ။

ဒယ်ဒီက သားကို သနားလို့ ရွာကို အလည် ခေါ်လာတဲ့အချိန်မှာ မေမေက ညီလေးတွေကို တစ်ယောက်မကျန် သူများလက်ထဲ ပေးပစ်လိုက်ပြီလေ. .

နေ့နေ့ညည ကိုယ့်ညီလေးတွေကိုလွမ်းလို့ ငိုနေရတဲ့ကောင်ကို ရင်ဝ ဆောင့်ကန်လိုက်သလို ခံစားခဲ့ရတာ။

မေမေ သိပ်ရက်စက်တယ်ဗျာ. .

မရင့်ကျက်သေးတဲ့ နှလုံးသားနုနုလေးကို ဓားထက်ထက်နဲ့ မွှန်းလိုက်သလိုပါပဲ မေမေ. . .

ဆောင်းညပြာသိုစာပေ



အဲဒီအချိန်ကစပြီး စာဝါ ရွာကို မပြန်တော့သလို သူ့အမေဆီ စာလည်းမရေးတော့ပါ။

တစ်စစီပြန့်ကျဲနေတဲ့ဘဝတွေမှာ အောင်မြင်မှုဆိုတာ ဘာလုပ်ရမှာလဲ. . နေ့တွေ ညတွေ တိုက်စားသွားတဲ့ အချိန်တွေက ကွဲအက်သွားသော နာရီနှင့်အတူ စာဝါသည် လူ့တကာကို အရွဲ့တိုက်ကာ အပေအတေလေးတစ်ယောက် ဖြစ်ခဲ့ပါသည်။

သို့သော်. . ကလေကချေတစ်ယောက်တော့ မဟုတ်ပါ။

* * *

(ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်–၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရုပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ငါ ဘယ်သွားမလဲ၊ ဘာလုပ်မလဲလို့ စိတ်ပူပြီး စိုးရိမ်နေမယ့် သူ ဒီလောကကြီးထဲမှာ ရှိသေးရဲ့လား။ ငါပြန်လာမယ့်အချိန်ကိုရော စောင့်မျှော်နေမယ့်သူ ရှိလို့လား. .

ပုထုဇဉ်. . မင်းတစ်ယောက်တော့ ငါ့ကို နားလည်ပေးနိုင်မယ် ထင်တယ်။ ရင်းနှီးခဲ့တဲ့ တို့ဘဝတွေကို ရပ်တန့်မပစ်လိုက်ပါနဲ့။ ပြန်ပြီး အစပြုခွင့်လေးတော့ ပေးပါကွာ. . အပြင်မှာ မိုးတွေ မှောင်မည်းလို့နေပြီပဲ. . သွားစရာမြေမရှိတဲ့ကောင်က မင်းတို့အိမ်ရှေ့မှာ ရောက်နေပြီ ပုထုဇဉ်. . မင်းအရိပ်ကလေးပဲ ဖြစ်ဖြစ် တွေ့မြင်ချင်လွန်းလို့ပါ။

Calling your name,ကြားရဲ့လား ပုထုဇဉ်၊ ရင်မှာ မောပန်းလွန်းတဲ့အချစ်တွေကို နည်းနည်းလောက် ဖွဲ့ယူပေးပါလားကွာ။





ရေမျောကမ်းတင် ကိုယ့်ဘဝကို စိတ်ကုန်လွန်းလို့ ထွက်ပြေးချင်ပြီကွာ. . မင်းလက်ကို ဆွဲပြီး သွားချင်တဲ့ကောင်ပါ။

မင်းရှေ့မှာ ပိတ်ဆီးကာရံထားတဲ့ ခလုတ်တွေကြောင့် မင်းနဲ့ကိုယ် ပို့ပို့ပြီး ဝေးနေရပြီ။ ကြေမွနေတဲ့ ဒဏ်ရာဒဏ်ချက်တွေနဲ့ မင်းကို အမြဲချစ်နေတဲ့ ကိုယ့်အချစ်တွေအတွက် ကျေနပ်တယ်။

ဆောင်းတွေ၊ မိုးတွေလည်း ပြောင်းနေဦးမှာပဲ. . မင်းသာ ကိုယ့်အနားမှာနေနိုင်အောင် သတ္တိတွေ မွေးလိုက်စမ်းပါ။

ရှူးရှသော ကားမီးရောင်နှင့်အတူ ဆူညံစွာ ဖွင့်လာသော သီချင်းသံကြောင့် စာဝါက ဂျာကင်အကျီမှခေါင်းဆောင်းကို ခေါင်းမှာ ဆောင်းလိုက်သည်။ သူသိလိုက်ပါသည်။ ပုထုဇဉ်ရဲ့အစ်ကိုတွေ ပြန်လာကြပြီ။ ကျိုင်တွေ ပူပြီး ရှော့ရိုက်တော့မယ် ထင်တယ်။

'ငမင်း. . ဟိုမှာ ဟိုကောင် မဟုတ်လား'

ငမင်းက အငယ်ကောင်၊ ကိုပေါက်က အကြီးကောင်၊ ပုထုဇဉ်က အငယ်ဆုံး။ သူတို့ညီမလေးကို ဘယ်သူနဲ့မှတူတယ်တန်တယ်လို့မထင်တဲ့ အစ်ကိုတွေပေါ့စာဝါနှင့်ထိပ်တိုက်တွေ့ပြီးထိုးကြ၊ ကြိတ်ကြ၊ သတ်ပုတ်ရတဲ့အကြိမ်ပေါင်းလည်း မနည်းတော့ပါ။

'ဟေ့ကောင်. . မင်း ငါတို့အိမ်ရှေ့မှာ ဘာလာလုပ်တာလဲ၊ ဘာလဲ. . ဟိုတစ်ခါ သုံးချက်ချုပ်ရတာ နည်းသေးလို့လား'



www.burmeseclassic.com

www.burmeseclassic.com



ပုထုဇဉ်မျက်နှာကြောင့် အရာရာ သည်းခံခဲ့ပါသည်။ လူဆိုတာက. . မျိုးသိပ်တာတွေ သိပ်များသွားရင် ပေါက်ကွဲတတ်တာ သဘာဝပါပဲ။ နဂိုကမှ လောကကြီးကို ရွံ့ချင်နေသောစာဝါက ပြဿနာကို ထိပ်တိုက်ရင်ဆိုင်လိုက်ပါသည်။

'အခု ငါရပ်နေတဲ့လမ်းက ပြည်သူပိုင်လမ်းလေ. . မင်းတို့ညီအစ်ကို ခင်းထားတဲ့လမ်းမှ မဟုတ်တာ၊ ဒါကြောင့် ငါ့မှာ ရပ်ခွင့်ရှိတယ်ကွ'

'ဘယ်ဥက ပေါက်မှန်းမသိတဲ့ Slum dog (ခွေးဝဲစား)က ငါတို့အိမ်ရှေ့မှာ လာဟောင်နေတာကိုး၊ မင်းမှာ ဦးနှောက်ရှိတယ်ဆိုရင် ငါ့ညီမကို လာပြီး မြူဆွယ်စရာ ဘာအကြောင်းမှမရှိဘူး ဟောကောင်. . ရှင်းတယ်နော်၊ ကိုယ့်ဘဝ ကိုယ်သိ'

သူတို့ရဲ့နိုင်ကွက်က ဒါပဲလေ။ စာဝါရဲ့ပျော့ကွက်ကို ရှာပြီး မနာ နာအောင်ပြောမည်။ စာဝါ အသားတွေ တဆတ်ဆတ် တုန်လာသည်။ အမေ့ကို ဘယ်လိုပဲ မုန်းမုန်း၊ သူများက ထိပါးပြီး စော်ကားလာတာမျိုးတော့ သူ လက်မခံနိုင်ပါ။

'ငါ့ဟာငါဘယ်ဥက ပေါက်ပေါက်. . အကြောင်းမဟုတ်ပါဘူး၊ မင်းတို့ သိထားဖို့က ငါ့ရင်ဘတ်ထဲမှာ အချစ်တွေ အပြည့်ပဲ. . မင်းတို့ညီမကို ချစ်ဖို့လေ'





စာဝါစကားလည်း ဆုံးရော၊ ငမင်းက ဆွဲထိုးဖို့ ပြေးဆင်းလာသည်။ စာဝါက ငုံ့ရှောင်လိုက်ပြီး ကိုယ်ကို တိမ်းပေးလိုက်သည်။ ကိုပေါက်ကကားပေါ် မှတုတ်တစ်ချောင်းကိုယူပြီးဆင်းလာပြန်သည်။

စိတ်တွေကို လွှတ်ပေးလိုက်လျှင် ရန်ပွဲက ပိုပြီးကြီးသွားနိုင်သည်။ ဒယ်ဒီပြောသလိုပေါ့၊ အသက်နှင့်ရန်ပွဲက မမျှတော့ဘူးတဲ့။ ထစ်ခနဲရှိ သွေးက ဆူချင်သည်။

'ဟောကောင်. . ကိုပေါက်၊ မင်း သတ္တိရှိရင် မင်းလက်ထဲကဟာ အောက်ချလိုက်လေ၊ one by one ပဲ လာခဲ့'

လမ်းထဲရှိလူတွေ သတိထားမိလာသည်။ ဝိုင်းပြီး လှေလာ အကဲခတ်နေကြသည်။ ညဥ့်ဦးကမှ ခေါင်းကိုက်လို့ ဆေးသောက်ပြီးသိပ်နေသော ပုထုဇဉ်သည် အော်သံ၊ ဟစ်သံတွေကြောင့် လန့်ပြီး နိုးလာခဲ့သည်။

ကိုမင်းနဲ့ ကိုပေါက် ဘာတွေ ပြဿနာရှာလာပြန်ပြီလဲ. . . ဝရန်တာထွက်ပြေးပြီး ကြည့်မိတော့မှ စာဝါနှင့် ပြဿနာဖြစ်နေမှန်း သိရသည်။

ပုထုဇဉ် ရင်တွေ တုန်လာသည်။ ခြေလွန် လက်လွန်တွေ ဖြစ်ကုန်တော့မှာပဲ။ စာဝါကို သူမ သေမလောက်ချစ်ပါသည်။

အစ်ကိုနှစ်ယောက်ကိုလည်း သေအောင် ကြောက်ရတော့



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ်ပြီး အသည်းကွဲခံလိုက်ရသည်။ ဘယ်ဘဝက ရန်ငြိုးတွေပါလာလို့ သူတို့တွေ တွေ့တိုင်း ရန်ဖြစ်နေကြသလဲဆိုတာ နားမလည်နိုင်တော့ပါ။

ပုထုဇဉ် ညဝတ်အင်္ကျီနှင့် ပြေးဆင်းလာခဲ့မိသည်။

'ကိုပေါက်. . မလုပ်ပါနဲ့ လက်လွန်ကုန်မယ်. . . စာဝါ ပြန်တော့နော်. (ပြန်ပါတော့၊ တောင်းပန်ပါတယ် ရန်မဖြစ်ကြပါနဲ့'

ပြန်ရမှာပါတော့တဲ့. . နှင်နေတာလား ပုထုဇဉ်. . မင်းမျက်နှာလေး မြင်ခွင့်ရဖို့ အားတင်းပြီး လာခဲ့ရတဲ့ကောင်ပါကွာ. .

'ငါတို့မရှိတဲ့အချိန် ဒီကောင် ဘာလာလုပ်တာလဲ ပုထုဇဉ် ဆုံငံ့ဇယားတွေ မပြတ်သေးဘူးလား'

'သူ အိပ်နေတာပါ ကိုပေါက်၊ သူလာတာလည်း မသိပါဘူး'

စာဝါက သူ့ရှေ့မှာ ပါဝါတွေ ထုတ်ပြပြီး ကိုယ့်ချစ်သူကို ဟိန်းလားဟောက်လားလုပ်နေသော ကိုပေါက်ကို တင်းလာပြီး

'မင်း အရွယ်ရောက်ပြီပဲ ပုထုဇဉ်၊ မင်းမှာ ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိတယ်လေ. . ဘာမှကြောက်နေစရာ မလိုဘူး'

'ဟာကွာ. . ဒီကောင်'

ကိုပေါက်က စာဝါကို ဆွဲထိုးလိုက်သည်။ ကိုမင်းကပါ ဝင်ထိုးလေသည်။ စာဝါ အံကြိတ်ပြီး ခံနေလိုက်သည်။ ပုထုဇဉ်ရှေ့မှာ





သူ ရန် မဖြစ်ချင်ပါ။ ရုတ်ရုတ်သဲသဲဖြစ်သွားသော အခြေအနေကို လူကြီးတွေ ရောက်လာပြီး ဖျန်ဖြေယူရသည်။

'တော်တော့ကွာ. . တော်ကြတော့. . ဟိုကောင်လေးက ဘယ်ကလဲ. . ဘယ်သူ့သားလဲကွ'

ဘယ်သူ့သားလဲတဲ့။ ဘာပြန်ဖြေရမှာလဲ. . ဘယ်သူ့သားမှ မဟုတ်ဘူး။

'စာဝါ. . အိမ်ပြန်ပါတော့နော်'

ငိုနေပြီ ဖြစ်သော ချစ်သူကြောင့် စာဝါ လှည့်ထွက်လာခဲ့သည်။နှုတ်ခမ်းထောင့်စွန်းမှာ စေးပျစ်နေတဲ့အရာက သွေးတွေလား။

'ဟေ့ကောင်. . နောက်တစ်ခါ ဒီလမ်းထဲ ခြေချရင် အသေပဲ. . '

စိတ်ရှိတိုင်းသာ ပေါက်ကွဲလိုက်ရလျှင် ကျော်မကောင်းကြားမကောင်းတွေ ဖြစ်ကုန်တော့မှာပဲ။ ယောက်ဖတော်ဖို့ ကံပါလာသည်ဖြစ်စေ၊ မပါလာသည်ဖြစ်စေ ဒီကောင်တွေနဲ့တော့ ဒီတစ်သက် မျက်နှာကြောတည့်ဖို့ လမ်းမမြင်တော့ပါ။

မင်း ငါ့ကို အဆက်ဖြတ်ထားပေမယ့် မင်းမျက်လုံးတွေ ခက် ထန်မနေဘူးနော်. .

ငါ ကျေနပ်ပါတယ် ပုထုဇဉ်. . .



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပိုတွေကို ငါ မတောင်းဆိုပါဘူး. . . တစ်နေ့နေ့ ရောက်ခဲ့ရင် မင်း ငါ့ဆီကို ပြန်လာမယ်လို့ ငါယုံကြည်ထားတယ်။

ငါ့အသက်ရှင်နေသရွေ့ မင်းကို crazy ဖြစ်နေဦးမှာပဲ ပုထု ဇဉ်. . အရှာရှာ မင်းနဲ့ လဲရဲတယ်. . ငါ့နှလုံးသားက မင်းဆီမှာ ငြိ တွယ်နေတို့ပဲ. . .

စာဝါဆိုတဲ့ကောင်က လူမိုက်တဲ့ မေမေ။

ဘယ်လိုလဲ. . နားထောင်လို့ကောင်းရဲ့လား။

* * *





ရန်ကို ရန်ချင်း မတုံ့နှင်းနဲ့တဲ့။ ရန်ဖြစ်တဲ့သူက လူမိုက်လို့ ငယ်ငယ်တုန်းကဘဘုန်းသင်ပေးခဲ့တာ ကျွန်တော် မမေ့သေးပါဘူး။

မေမေလည်း ရန်ဖြစ်တာကို မကြိုက်ဘူး။ ညီအစ်ကို အားလုံးချစ်ချစ်ခင်ခင်နေမှ ကြိုက်တာ. . ဒါနဲ့များ မေမေရာ. . ညီလေးတွေကို ဘာဖြစ်လို့ ပေးပစ်ရတာလဲ. . ရက်စက်တယ်ဗျာ. . မေမေ့မှာ မိခင်စိတ်ဆိုတာ ရှိသေးရဲ့လား၊ သားတွေ လွမ်းနေမှာကိုရော. . မငဲ့ညှာတော့ဘူးလား။

ရှိရှိသမျှ အရာအားလုံးကို မေ့သွားချင်သည်။ဘားကောင်တာမှာထိုင်ပြီး ဝမ်းပက် တူးပက် သရီးပက်. . လူက ရီဝေလာသည်။ ဘယ်နှပက်တောင်သောက်မိသလဲ သူ မသိတော့။ မေ့ချင်တဲ့လူတွေ အားလုံးကို မေ့ဆေးထိုးစရာမလိုဘဲ မေ့လို့ရသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ပိတ်ချိန်ရောက်တော့ ဝိတ်တာကောင်လေးတွေက စာဝါကို လာနှိုးကြသည်။

'အစ်ကို. . အစ်ကို ထပါဦးဗျ. . ဆိုင်ပိတ်တော့မယ်'

ဘယ်လိုမှ နိုးလို့မရသည့်အဆုံးမှာ သူ့ပိုက်ဆံအိတ်ကိုဖွင့်ရှာပြီး တွေ့သည့်ကဒ်ထဲမှ ဖုန်းနံပါတ်ကိုနှိပ်ပြီး အကြောင်းကြားကြသည်။ ဖြစ်ချင်တော့ ထိုဖုန်းနံပါတ်သည် ဒေါက်တာသန့်စင်၏ဖုန်းဖြစ်နေပါသည်။

ဒေါက်တာသန့်စင်သည် သူ့သား မူးပြီးလဲနေသည့်သတင်းကြားပြီး နာရီဝက်အတွင်း ထိုဆိုင်သို့ရောက်လာပါသည်။ စာဝါ့ပုံစံကို တွေ့လိုက်ရသောအခါ ရင်ထဲတွင် နာကျင်လာသည်။ သားကိုငယ်ငယ်ကတည်းက စကားပင် ကြမ်းကြမ်းမပြောခဲ့ဖူးပါ။ဒီနေ့ လက်သီးနဲ့ထိုးလိုက်မိတာ သူမှားသွားပြီလား။ သားကတော့ သူ့ကို မချစ်ဘူးလို့ထင်ပါလိမ့်မည်။

သားကိုယ်ကို သူ့ပခုံးပေါ် ထမ်းတင်ပြီး ကားထဲ ထည့်၊ အိမ်သို့ ပြန်ခေါ်လာခဲ့သည်။

'ဒယ်ဒီ သိပ်ရက်စက်တယ်' တဲ့။ သား ကယောင်ကတမ်းတွေ ပြောနေတာလေ. .

ကေသီရောက်လာတဲ့နေ့ကစပြီး သား သူ့ကို အထင်လွဲနေ





တာ။ အရင်လို ရင်းရင်းနှီးနှီး သိပ်မနေတော့ဘဲ ခပ်တန်းတန်းဖြစ် သွားခဲ့သည်။ အတန်းတိုင်းမှာ ပထမချည်း ဗိုလ်စွဲခဲ့သောသားက ထိုအချိန်မှစပြီး အဆင့်ရေရင် နောက်ဆုံးမှာ နေတာကတမင်ရွဲ့တာ မဟုတ်လို့ ဘာလဲ. .

သူနှင့်သားကြားမှာ ညှိယူလို့မရဘဲ တဖြည်းဖြည်းဝေးကွာသွားခဲ့ပါသည်။

ဒေါ်ကေသီကစာဝါကိုထမ်းပြီးဝင်လာသောသူ့ယောက်ျားကိုကြည့်ပြီးနောက် မဲ့ကာရွဲ့ကာဖြင့်

'ရှင့်မလဲ ဝဋ်ကြီးလိုက်တာ ကိုသန့်ရယ်၊ ကိုယ့်သွေးကိုယ့်သားလည်း မဟုတ်ဘဲနဲ့ စိတ်ဆင်းရဲခံလို့ရှင်. . လိမ္မာတယ်ဆိုကျွန်မမပြောပါဘူး၊ ဆိုးလိုက်တာမှ သူ့အပြင်နှစ်ယောက်မရှိဘူး။ ရှင့်မွေးစားသားလေ. . ဟိုကောင်မလေးအိမ်ရှေ့မှာသူ့အစ်ကိုတွေနဲ့ရန်ဖြစ်ခဲ့တယ်တဲ့. . သူ့အမေဆီပြန်ပို့လိုက်တာပဲ ကောင်းပါတယ်ကိုသန့်ရယ်. . ကိုယ်က တာဝန်ကျေတယ်လေ. . ဒင်းကစာမှမကြိုးစားတာ. . ဆယ်တန်းဆိုလည်း ဗုန်းဗုန်းကျနေတာ'

ဗျစ်တောက် ဗျစ်တောက်ပြောနိုင်လွန်းသော ဒေါ်ကေသီကို ဒေါက်တာသန့်စင်က ဝိတ်ဟောက်ပစ်လိုက်သည်။

'တော်ပါတော့ကွာ. . မင်းတို့နှစ်ယောက်ကတစ်အိမ်တည်း



www.burmeseclassic.com

www.burmeseclassic.com



အတူနေပြီး တကျက်ကျက်ဖြစ်နေတော့ ငါကြားထဲမှာ သေလိမ့်မယ် ကွ၊ ငါနဲ့မယူခင်တုန်းက မင်းပဲ သည်းခံနိုင်ပါတယ်ဆို'

'အို. . ဒီကောင်လေး ဒီလောက်ရိုင်းမှန်း မသိလို့ပေါ့'

'တော်ပြီ. . ငါအိပ်တော့မယ်'

ပြောလိုက်ရင် ဒီလိုချည်းပဲ။ သူ့သားဘက်က အမြဲကာဆီး ကာဆီး လုပ်သည်။ နေနှင့်ဦးပေါ့. . ဒင်း ဒီအိမ်ပေါ်က လွင့်သွား အောင်ကို လုပ်ပြဦးမယ်. . . အလကား. . . အဖြစ်မရှိတဲ့ မျိုးမစစ် ကောင်. . အပေအတေကောင်. . လူရမ်းကား ငမူးကောင်။

မူးပြီး အိပ်ပျော်နေသောသားကို ဒေါက်တာသန့်စင် ထိုင် ကြည့်နေမိသည်။ သူ့ဆီကို စရောက်တဲ့ညက တော်တော်နှင့် မအိပ် သောသား။ ကြိတ်ပြီး ငိုရှိုက်နေသောသား။ သူ့အမေ ပေးလိုက်တဲ့ လွယ်အိတ်ကလေးကို ပိုက်ပြီး သားချော့တေးလေးတစ်ပုဒ်ကို သူဆို တာ မှတ်မိနေသေးသည်။

'ညီလေးတွေကို သိပ်သတိရတာပဲ ဒယ်ဒီ'တဲ့။

အစားကောင်းတစ်လုတ်စားရတိုင်း သူပြောတတ်တဲ့စကား လေ. . .

သူ့ညီလေးတွေ ဘယ်အရွယ်ရောက်နေပြီလဲဆိုတာ မသိ တော့ စိတ်ကူးနဲ့မှန်းပြီး အကျီလေးတွေ ဝယ်သိမ်းထားတာ ဖြစ်မည်





အဲဒါကိုတွေ့ပြီး ကေသီက ပြဿနာရှာတာ. . သားရယ်. . မင်းကို ဒယ်ဒီက လယ်ကွင်းထဲမှာ ပစ်မထားရက်လို့ ရွှံ့ဗွက်တွေထဲမှာ ဘဝ ဆုံးသွားမှာစိုးလို့ ဆွဲခေါ်လာခဲ့တာ. .

ခုတော့. . မင်းက ကိုယ့်ကိုယ်ကိုလည်း ရွှံ့၊ လောကကြီးကို လည်း ရွှံ့နဲ့ နောက်ဆုံးတော့ မင်းဘဝမှာ ပန်းတိုင် ပျောက်နေပြီ သား. . ဒယ်ဒီ မင်းကို နှမြောလိုက်တာကွာ. . မင်းအမေကို ဒယ်ဒီ မျက်နှာမပြရဲတော့ဘူး. . လူဆိုးလူမိုက်ဘဝမှာ ပေတေပြီး မနေပါနဲ့ သားရယ်. . . အသိတရားကလေး ရပြီး ရုန်းထွက်လိုက်ပါတော့. . ဒယ်ဒီက သားအပေါ်မှာ အမြဲခွင့်လွှတ်ပြီးသားပါ. သားရယ်. .

* * *



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မရင်ငွေ့ဘဝမှ ဒေါ်ရင်ငွေ့ဘဝသို့ ကူးပြောင်းကာ ဇရာရဲ့အရိပ်အယောင်တွေ ပိုထင်ရှားလာသော မိန်းမကြီးတစ်ယောက်သည် လယ်ကွင်းထဲမှာ တည်ထားသော ထုံးဖြူဖြူနှင့်စေတီလေးဆီသို့ ဦးတည်ပြီး လာနေသည်။

ဒေါ်ရင်ငွေ့သည် နေ့တစ်နေ့၏ အစဖြစ်သော အရုဏ်တက်ချိန်တွင် တစ်ကြိမ်လာပြီးဆွမ်းကပ်သည်။ နေ့တစ်နေ့၏နောက်ဆုံးဖြစ်သော နေဝင်ချိန်တွင် တစ်ကြိမ်လာပြီး ရေချမ်းကပ်ကာ ဆီမီးပူဇော်လေ့ရှိသည်။ ထိုနောက် တစ်ယောက် တစ်နေရာဆီရှိနေ[illegible]သော သားငါးယောက်အတွက် ဆုတောင်းကာ မေတ္တာပို့သည်။

ဤသည်ကား ဒေါ်ရင်ငွေ့ နေ့စဉ်နေ့တိုင်း မပျက်မကွက်လုပ်ဆောင်သောအရာ ဖြစ်သည်။ မိခင်မေတ္တာဆိုတာ ဒီလိုပဲလား[illegible]



BURMESE CLASSIC .com



နေဝင်ချိန်တွင် လယ်ကွင်းတစ်ပြင်လုံးသည် လိမ္မော်ရောင်ကော်ဇောကြီး ဖြန့်ပြီး ခင်းထားသလို အရောင်တောက်နေသည်။

ငှက်ကလေးတွေ အိပ်တန်းတက်ကြမလို့ ထင်ရဲ့. . အုပ်စုလိုက် ပျံသန်းနေလိုက်ကြတာ. . .

ဘဝဆိုတာ ငှက်ကလေးတွေ ပျံနေသလိုပဲ နိမ့်လိုက် မြင့်လိုက်နဲ့ ပျံသန်းနေကြတာပါပဲ သားတို့ရယ်. . အတောင် မညောင်းသရွေ့တော့ မြင့်သထက် မြင့်အောင် ပျံလိုက်စမ်းပါကွယ်. .

မေမေ စိုးရိမ်တာ တစ်ခုပဲ ရှိတယ်ကွယ်. . အဲဒါက ငှါသားလေးတွေ ပျံရင်းနဲ့ လမ်းပျောက်သွားမှာကိုပဲ. .

မေမေ့သားလေးတွေ နေကောင်းရဲ့လားဟင်. . သားကြီးအဲဒါက မေမေ့ဆီ ဘာလို့ စာမရေးတာလဲ. . မေမေ စာမဖတ်တတ်သို့ အထင်သေးသွားပြီလား၊ ညီလေးတွေကို ဘာဖြစ်လို့ ပေးလိုက်ဘာလဲ ဆိုပြီး မေမေ့ကို သား ရန်တွေ့သွားခဲ့တယ်နော်. . သားကမေမေ့ကို စိတ်များ နာသွားလို့လားကွယ်. .

မေမေတစ်ယောက်တည်း ခုချိန်မှာ ဘယ်လောက် အထီးကျန်နေမယ်ဆိုတာ သားတို့ သိမှာမဟုတ်ပါဘူး။

ဘဝသစ်မှာ မွေ့ပျော်ပြီး မေမေ့ကို မေ့နေကြမှာပါ. . ဒါမှမဟုတ် နာကြည်းမုန်းတီးနေကြမှာပဲနော်. .



www.burmeseclassic.com

www.burmeseclassic.com



မေမေကတော့ သားတို့ကို တစ်နေ့မှမမေ့ပါဘူး. .

သားတို့ကို သတိရတိုင်း ဇလုံကြီးတစ်ခုထဲကို ထမင်း ထည့်မိတယ်. . ထမင်းခွံ့ကျွေးမလို့လေ. . ဒီထက်ပိုပြီး လွမ်းလာ တော့ သားချော့တေးလေးကိုဆိုမိတာပေါ့. . .

ဒေါ်ရင်ငွေ့သည် ပျံသန်းလာသောငှက်လေးတွေကို ကြ ပြီး သီချင်းဆိုနေမိသည်။ လက်နှစ်ဖက်က သူမအနားမှာမရှိသေ သားတွေကို ပွေ့ဖက်ထားမိပါသည်။

♫ လယ်ကွင်းထဲမှာရှိနေတာ
အမေ့ရဲ့အိမ်ကလေး
ခြေတံကလေး ရှည်
အမိုးက ယိုလို့ ကြမ်းပေါက်တယ် ♫

အမေ့အိမ်ကလေးမှာ ခုတော့. . မေမေတစ်ယောက်တည် ပါ သားတို့ရယ်. . လောကဓံလှိုင်းတံပိုးတွေက ရိုက်ချက် ပြင်း မေမေ ယိုင်နဲ့သွားရတာပေါ့. . ဒါပေမယ့် မေမေ အသက်ဆက် ရဦးမယ်လေ. . မေမေ့သားလေးတွေ ဟိုးအမြင့်ကြီးဆီ ပျံတက် တာ မေမေကြည့်ချင်သေးတယ်လေ. .





ဘယ်သူက ပိုပြီး မြင့်မြင့်ပျံနိုင်မလဲ. . စာဝါလား၊ စုဘူးလေး သား၊ ဘောလုံးလား၊ တုံတုံလား. . ဒါမှမဟုတ် နီတွတ်လေးလား. . မေမေ့ကို ပျံပြစမ်းပါ သားတို့ရယ်. .

ငှက်ကလေးတွေမှာ သူတို့အချင်းချင်း ဆက်သွယ်ဖို့ ဘာ သာစကား ရှိကြတယ်. . မေမေ့မှာကျတော့ သားလေးတွေနဲ့ ဆက် သွယ်ဖို့ ဘာကြောင့်ခက်ခဲနေရတာလဲ. .

မကြာခဏ လာကြည့်လို့ရပါတယ်ဆိုတဲ့ ဦးပန်းလှတောင် မှ အကြောင်းမကြားဘာမကြားနဲ့ တစ်နယ်တစ်ကျေးကို ပြောင်းသွား ကြပြီတဲ့. . လိပ်စာအသစ်လာပေးခိုင်းမှ မေမေသိရတာ။

တကယ်ဆို သူတို့အနေနဲ့ နှုတ်တော့ ဆက်သွားသင့်တယ် ဟုတ်လား။

အင်မတန်မှ ရဲရင့်တဲ့ မေမေ့သား ဘောလုံးကလေး စစ်ဗိုလ် ကြီးများ ဖြစ်နေမလား. .

ဆရာဝန် သိပ်ဖြစ်ချင်တဲ့ ဒုတိယသား. . စုဘူးကလေးက ပေါက်တာများ ဖြစ်နေပြီလား. . .

မျှော်မှန်းသလိုဖြစ် မဖြစ်ဆိုတာကို သူမ မသိချင်သေးတာ ဟုတ်၊ သိဖို့သတ္တိမရှိသေးတာပဲ ဖြစ်သည်။

သား ငါးယောက်မှာ ငါးယောက်လုံး မဟုတ်ရင်တောင်မှ



www.burmeseclassic.com

www.burmeseclassic.com



အနည်းဆုံး သုံးယောက်လောက်က တစ်ခုခုကို အမိအရ ဆုပ်ကိုင်နိုင်ဖို့ လိုအပ်သည်။ ဒါ သူမရဲ့အကြီးကျယ်ဆုံးသော မျှော်လင့်ချက်

ထိုစိတ်ကူးတွေ အိပ်မက်တွေ ထုထည်ကြီးမားလာလို့သားသားတွေကို ရင်ကွဲခံပြီး ပေးပစ်ခဲ့ရတာ။ အလကားသက်သက် ဆေ ဆပ်နေတာမှ မဟုတ်တာ. . .

သားတွေ ဘဝမြင့်မားဖို့ သူမဘက်က စွန့်လွှတ်ရခဲ့ရသည် အနှစ် နှစ်ဆယ်ကျော်အတွင်းမှာ တတ်နိုင်သမျှ လုပ်အားလေးနှင့် စုဆောင်းထားသမျှသည် သားလေး ငါးယောက် တစ်နေ့နေ့မှာပြန် ဆုံခဲ့ရင် ရှင်ပြုခွင့်လေးသာ ရပါစေတော့. . ဒါဆို သေပျော်ပါပြီ

နေလုံးကြီးသည် ကြည့်နေရင်းမှာပင် မျက်စိတဆုံးမှာ သော လယ်ကွင်းပြင်ကြီးထဲသို့ ပုန်းကွယ်ကာ ပျောက်ဆုံးသွားပြီဖြ သည်။

မေမေ့သားလေးတွေ တစ်ရက်ကြီးလာပြန်ပြီပေါ့။ ဒီညနေ မေ့သားတွေ နွေးနွေးထွေးထွေး အိပ်ပျော်နိုင်ကြပါစေ။ နောက်နေ မနက်မှာ ကောင်းသောနိုးထခြင်းနဲ့ မင်္ဂလာရှိစွာ နိုးထနိုင်ကြပါစေ မေမေ ဆုတောင်းပေးနေပါတယ်။

* * *





Disco မီးရောင်များအောက်မှာ beat နှင့်အညီ လှုပ်ရှားကခုန်နေသော baby လေးတွေ အကုန် လန်းနေကြသည်။ အမြင် အာရုံက လန်းဆန်းနေတော့ အလိုလိုနေရင်း စိတ်ကကြည်လင်လာသည်။

အမဲဖမ်းဖို့ ပစ်မှတ်ချိန်နေသော ဒင်နီယယ်က သူ့ body ကို ပေါ်လွင်စေအောင်က,ရင်း ကောင်မလေးတစ်ယောက်အနားကို ကပ်လိုက်သည်။

'Hello! baby ကိုယ်နဲ့အတူ တစ်ပုဒ်လောက် တွဲကလို့ရမလား'

မျက်ဝန်းအကြည့်မှာတင် ရဲတင်း ပွင့်လင်းဟန် ရှိသောကောင်မလေးက ဒင်နီယယ့်ပခုံးပေါ်သို့ သူမ လက်ကလေးနှစ်ဖက်ကို တင်ပြီး ခပ်ညို့ညို့ကလေး စိုက်ကြည့်လာသည်။

'တစ်ပုဒ်မဟုတ်ပါဘူး ဒါလင်. . ယူနဲ့ဆို ကြိုက်သလောက် တွဲကလို့ရတယ်. . everytime, OK'

ကြိုက်ပြီ. .

ဒင်နီယယ်တို့က ဒီလိုစိတ်ပါလက်ပါရှိမှ ကြိုက်တာ. . ဒီလို အဆင်မျိုးလာရင် ဒီခွင်က ပွဲသိမ်းပြီပဲ. . .

ကောင်မလေးက သူ့ရင်ခွင်ထဲ တိုးဝင်လာ၏။ နူးညံ့သော



www.burmeseclassic.com

www.burmeseclassic.com



အထိအတွေ့နှင့်အတူ သူ၏ချိုသာသောစကားလုံးများက ကောင်မလေး ကို ဆွဲငင်နေသည်။

ဒင်နီယယ့်လက်က ကောင်မလေးလည်တိုင်က ဆွဲကြိုးကို ဘလိတ်ဒါးဖြင့် အသာလေးဖြတ်ပြီးသားဖြစ်နေသည်။ မီးရောင်က မလင်းတလင်း၊ လူတွေကလည်း ကိုယ့်အာရုံနှင့်ကိုယ် ထွေနေကြသည်မို့ ဒီလိုနေရာတွေဟာ ဒင်နီယယ်အတွက် အကောင်းဆုံး စားကျက်ဖြစ်လာတာ ဆန်းမှမဆန်းတော့ဘဲ။

သူ့လက်ထဲ ပါလာသည့်ဆွဲကြိုးက တစ်ကျပ်သားလောက်တော့ အသာလေးရှိမည်။

အမှားမကင်းတဲ့ လောကကြီးအလယ်မှာ သူလည်း လူထဲက လူတစ်ယောက်မို့ အမှားအယွင်းမကင်းတာ ဘာဆန်းလို့လဲ။

ဒင်နီယယ်သည် အချိုကြီးပိုင်မှ ကပ်တတ်သော 'ခါး'တစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာခဲ့သည်။ အလုပ်က လူကို သင်သွားပြီမို့ ဆရာကြီးအဆင့်ရောက်နေပြီဖြစ်သည်။

မိသွားရင်တော့ ဝုန်းဒိုင်းကြဲပြီး ပြေးရတာပေါ့။ ပြေးတာမှ ခွေးပြေးဝက်ပြေးပေါ့။ လွတ်သွားရင်လည်း မိနစ်ပိုင်းအတွင်းမှာ သိန်းချီပြီး ရသွားတာဆိုတော့ ဒီအလုပ်ကို သူ မက်မောတတ်နေပြီဖြစ်သည်။





လွယ်လွယ်ကူကူနှင့်ရနေတာဆိုတော့ ခက်ခဲတဲ့အလုပ်တွေဆို အချိန်ကုန်ခံပြီး လုပ်မနေချင်တော့. . .

ငယ်ငယ်တုန်းက ဘဘုန်းသင်ထားတာတွေ မှတ်မိနေသေးသည်။ သူ့ဉစ္စာလည်း မခိုးဘဲ အမြဲရှောင်ကြဉ်မည်. . တဲ့။

ခိုးတယ်ဆိုတာ နားထဲမှာ ခါးပါတယ်လေ. . လျှင်သူ စားသွားတယ်ဆိုရင် ပိုပြီး မှန်မလားပဲ။

စုဘူး. . . တဲ့။ နာမည်ကသာ စုဘူး။ ဘဝမှာ ဘာတွေများ စုမိနေလို့လဲ. .

ဘဘ ဆုံးပြီးတော့ အိမ်၏အခြေအနေသည် လုံးဝပြောင်းလဲသွားခဲ့သည်။ သူ့ဘဝမှာလည်း အပြောင်းအလဲတစ်ခုကို ဘဝတစ်ဆစ်ချိုးတွင် မလိုချင်ပါဘဲနှင့် ရင်ဆိုင်ခဲ့ရသည်။

ဆယ်တန်း ဆိုတဲ့ လှေခါးထစ်ကလေးကို ကျော်လိုက်ရင် ငယ်ငယ်လေးကတည်းက သူဖြစ်ချင်ခဲ့သော ဆရာဝန်ဖြစ်ဖို့အတွက် ဆေးကျောင်းတက်ခွင့်ရအောင် ကြိုးစားလျှင် ရနိုင်ပါသည်။

ဒီလိုအချိန်မှာမှ ကံကြမ္မာက မုန်တိုင်းမွှေသလို ရက်ရက်စက်စက်ဝင်မွှေသွားခဲ့သည်။ မွေးစားအဖေ ဘဘဦးခင်မောင်လွင် ဆုံးသည်။ မေမေနုက သူ့ယောက်ျားကို သိပ်ချစ်တာဆိုတော့ အဲဒီစိတ်နဲ့ပဲ အိပ်ရာထဲမှာ လနှင့်ချီပြီး လဲတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်များ အဖော်အပေါင်းနဲ့ကို လာတာပါပဲ။

ဘဘက သူပင်စင်ယူပြီးရင် နောင်ရေးစိတ်အေးရအောင်ဆိုပြီးသူ့မိတ်ဆွေကုမ္ပဏီတစ်ခုမှာစုဆောင်းထားတဲ့ငွေတွေအားလုံးအပ်ထားခဲ့တာ. . ကုမ္ပဏီ ဒေဝါလီခံတော့ အကုန်လုံး ပါသွားပြန်ရော. . တစ်ပြား တစ်ချပ်မှကို ပြန်မရတာ။ အဲဒီသတင်း ကြားပြီးမကြာခင်မှာ မေမေနှခများ လေပါဖြတ်သွားတော့တာပါပဲ။

အောက်ပိုင်းသေသွားတဲ့ မေမေနုကို ပြုစုဖို့ အစက သူနာပြုဆရာမလေး ငှားနိုင်သေးတာပေါ့။

တဖြည်းဖြည်း ဝင်ငွေက Minus (-)ပြပြီး ထွက်ငွေတွေက Plus (+)ပြလာတော့ ဒင်နီယယ် ခေါင်းတွေထူပူလာသည်။

ဆယ်တန်းဖြေဖို့ကလည်း သုံးလလောက်သာ လိုတော့၏။ ပညာရေးထက် စားရေးနှင့်ဆေးဖိုး ပိုခက်လာသလိုပဲ။ စာကျက်ဖို့ထက် မေမေနုကျန်းမာရေးကို ဦးစားပေးလိုက်ရသည်။

ဒီလိုအချိန်ကျမှ ကိုယ့်ကိုအားကိုးပြီးနေရရှာသော လူမမာမွေးစားအမေကို ပစ်ပြီး တစ်ကိုယ်ကောင်းဆန်စွာ ထွက်မသွားရက်ပါ။

ကိုယ့်ရဲ့အမေအရင်းဆီ ပြန်ဖို့ကျပြန်တော့လည်း စိတ်နာတာနှင့်တင် ပြန်ချင်စိတ်က လုံးဝကို မရှိတာ. . .





မေမေက ကိုကိုစာဝါကို ကောင်းစားစေချင်လို့ ပေးလိုက်တာ လက်ခံနိုင်ပါသေးသည်။ ကိုယ့်အလှည့်ကျပြန်တော့လည်း မေမေ့အလိုကျ သူစိမ်းတွေနောက် လိုက်နေခဲ့ရသည်။

နှစ်ယောက်တောင် ပေးပြီးပြီပဲ၊ တော်ရောပေါ့. .

မေမေနုတို့နဲ့နေပြီး သုံးနှစ်လောက်ကြာတော့ ရွာမှာ လှူထားသောသိမ် ရေစက်ချဖို့ တစ်ခေါက်ရောက်သေးသည်။ စိတ်ကူးထဲမှာတော့ တွေးပြီး ရှူးခဲ့ရတာပေါ့။ ညီလေးတွေကို ပြန်တွေ့ရမယ်ထင်လို့လေ. . .

မေမေ့ဆီလည်းရောက်ရော. . ညီလေးတွေ တစ်ယောက်မှ မရှိတော့ဘူးလေ. . ဘယ်လိုရည်ရွယ်ချက်နဲ့များ တစ်ယောက်မကျန်ပေးပစ်ကုန်ရတာလဲဗျာ. . .

မေမေကတော့ သူ နေမကောင်းဘူးလို့ ပြောတယ်. . သားကိုတွေ့ရလို့ ဝမ်းသာလိုက်တာဆိုပြီး ဖက်တောင် ငိုလိုက်သေးတယ်။

ဒါပေမယ့် သူ ဘဝင်မကျတာ တစ်ခုက မေမေ့အနားမှာ သူ မသိသော၊ တစ်ခါမှမမြင်ဖူးသော သူစိမ်းတစ်ယောက်ကို တွေ့ခဲ့ရလို့ပင်။

မေမေ့နောက်ယောကျ်ားလားဟု ဗြောင်ဖွင့်မေးဖို့ကျတော့ သူ့မှာ သတ္တိမရှိပါ။ ရွာထဲက လူတွေရဲ့အပြောက မေမေ အနေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



အမြန် ယောက်ျားယူမှာပဲတဲ့။ ဒီလိုအခြေအနေမျိုးမှာ မေမေ့ကို သူ စိတ်မနာသင့်ဘူးလား။

သားတွေကို သူစိမ်းတွေလက်ထဲ ဝကွက်အပ်ပြီး သူ့ဘဝ သူ တစ်ကိုယ်ကောင်းဆန်စွာ ဆက်လျှောက်ဖို့ရည်ရွယ်ထားတဲ့ မိခင်စိတ်မရှိတဲ့ အမေမျိုး. . ဘာလို့ မမေ့နိုင်ရမှာလဲ. .

တမင်ကို ကြိုးစားပြီး မေ့ပစ်ထားသည်။

အတိတ်မှာ သူတို့ညီအစ်ကိုတွေ ငွေမရှိပေမယ့် ပျော်ခဲ့ရဖူးသည်။ လယ်ကွင်းထဲမှာ လွတ်လပ်ပေါ့ပါးစွာ ဆော့ကစားခဲ့ဖူးသည်။

တစ်ယောက် တစ်နေရာစီခွဲပြီးနေရသည့် သူတို့ညီအစ်ကိုတွေ ဒီဘဝမှာ အသက်ရှင်နေသရွေ့ ပြန်ဆုံရဖို့လမ်း မမြင်ပါ။

မေမေ ရက်စက်တယ်ဗျာ. . နောက်ထပ် ဆယ်ဘဝ ဆယ်ကမ္ဘာတောင် ဒီလိုအမေမျိုးနဲ့ ထပ်မတွေ့ချင်တော့ဘူး။ ငရဲကြီးချင်လည်း ကြီးစေတော့ဗျာ. .

*　*　*





United Living Mall တွင် ဒယ်ဒီ ဝယ်ခိုင်းလိုက်သော ပစ္စည်းတချို့ ဝင်ဝယ်ရင်း ဘာရယ်မဟုတ် ဟိုငေးဒီငေးလုပ်နေသော စာဝါသည် မွေးပွဲအရုပ်တွေရောင်းသောဆိုင်ရှေ့တွင် သူ့ညီ စုဘူးကြိုက်သော ဝက်ဝံအရုပ်များ ရှိမလားဆိုပြီး ရှာကြည့်နေမိသည်။

ဒင်နီယယ်သည် သူ့ဝသီအတိုင်း ရောက်သည့်နေရာတွင် ကြုံရင်ကြုံသလို သားကောင်ရှာဖွေနေမိသည်။

တွေ့ပါပြီ. . . ဒီတစ်ခါတွေ့တာက အားနွဲ့သူပါရှင် ဆိုတဲ့ မိန်းကလေးတွေ မဟုတ်ဘဲ ကျားကျားလျားလျား ရှိသော ငနဲတစ်ယောက်။

အောင်မယ်. . ကိုယ်တော်က ယောက်ျားကြီးတန်မဲ့ အရုပ်ဆိုင်ရှေ့မှာ ဘာတွေငေးနေမှန်းကို မသိတာ. .



www.burmeseclassic.com

www.burmeseclassic.com



ဒင်နီယယ် တွေ့တာက သူ့ဘောင်းဘီအိတ်ထဲမှ ပြူထွက်ပြီး သူ့ကို လက်ယပ်ခေါ်နေသော ပိုက်ဆံအိတ်ပြားပြားကလေး။

အထွေအထူး စဉ်းစားမနေတော့ဘဲ ဖျတ်ဆို ထိုလူအနား ကပ်သွားပြီး အနောက်မှဝင်တိုက်ပစ်လိုက်သည်။ တိုက်ပြီဆိုတာနှင့် ကျင့်သားရနေသော သူ့လက်က ပိုက်ဆံအိတ်ကို နှိုက်ပြီးသားပင်။ ထိုအိတ်ကို သူ့ဂျာကင်အိတ်ထဲ ထည့်ရင်း တောင်းပန်လိုက်သည်။

'sorry အစ်ကို. . ကျွန်တော် အရုပ်တွေ ငေးနေလို့ မမြင်လိုက်မိဘူး'

တကယ့်ကို ပကတိ အရိုးခံလေးလို မျက်နှာထားက အစပြောင်းယူထားသော ဒင်နီယယ်။

ရန်ပွဲတကာ နွှဲလာသော စာဝါသည် သူ့ရှေ့မှကောင်လေးကို ခပ်တည်တည်စိုက်ကြည့်ပြီး

'မတော်တဆ ဆိုတော့လည်း ခွင့်လွှတ်ရတာပေါ့ကွာ၊ ဒါပေမယ့်မင်းမျက်စိကို အမေရိကန်ဗွီးရှင်းမှာ သွားပြလိုက်ဦး. . . လူအကောင်လိုက်ကြီးတောင် မမြင်ဘူးဆိုလို့'

နည်းနည်းလောက်ပြန်ရစ်လိုက်ရမှကျေနပ်သောစာဝါက လူမိုက်သွေးလေးတစ်စွန်းတစ်စထုတ်ပြလိုက်သေးသည်။ သူ့ပိုက်ဆံအိတ်ပါသွားပြီဆိုတာလုံးဝမသိပါ သူငေါက်လိုက်တော့ ဟိုတေ





လေးခမျာအပိုးကို ကျိုးလို့ . သူ့စိတ်ထဲမှာ တော်တော်ကျေနပ်သွားပါသည်။ ဟား. . ဟား. . စာဝါကို ဒါမျိုးလာကြောလို့ ဘယ်ရမလဲ။

လှည့်ထွက်လာသော ဒင်နီယယ်သည်. . . ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားရသည်။ စိတ်ထဲမှာလည်း 'ငပေါကြီး'ဟု ပြောချင်စိတ်ကိုပြန်ပြီး ချိုးနှိမ်ထားရသည်။ သဘာလိုလို ဘာလိုလိုနဲ့ အထာမကျတဲ့ ဘဲကြီး။ ဒါက အရေးမကြီး. . သူ့အိတ်ထဲမှာ ပိုက်ဆံများများပါဖို့ အရေးကြီးသည်။ အိတ်ကတော့ ဖောင်းနေတာပဲ။ ပုံစံကလည်း ထောင့်မကျိုးသလို စုပုပ်ပုပ်နဲ့ baby milo မျောက်ရုပ်ကြီးကျနေတာပဲ။

ကံကြမ္မာက ဖြိုဟ်မွေ့တာများ အစ်ကိုအရင်းခေါက်ခေါက်ကြီးရဲ့ပိုက်ဆံအိတ်ကိုမှ ညီအရင်းက နှိုက်ယူသတဲ့။ ဒီလောက်တောင်ပဲ တည့်တည့်တိုးရသလား. . ဒီပုံစံ ဒီလိုမျိုးနဲ့ တည့်တည့်မတိုးသင့်ပါဘူး။

* * *



www.burmeseclassic.com

www.burmeseclassic.com



'ဘာ. . ပိုက်ဆံငါးသောင်းလုံး ပါသွားတယ် ဟုတ်လား. . ပစ္စည်းတွေလည်း မဝယ်ရသေးဘူးပေါ့'

'ဟုတ်ကဲ့. . ပစ္စည်းတွေယူပြီး cashierမှာ ငွေရှင်းမလို့လုပ်မှ ပိုက်ဆံအိတ်မရှိမှန်းသိတာ ဒယ်ဒီ'

ဒေါ်ကေသီက နှုတ်က မပြောသာပေမယ့်. . အမူအရာ ထေ့သလို ငေါ့သလိုဖြင့် နှုတ်ခမ်းဖြကာ တစ်ဘက်သို့လှည့်သွား သည်။ တွေ့ပြီလားဆိုသည့်သဘော။ စာဝါကလည်း မြင်ဖြစ်အောင် မြင်လေသည်။

အဘက်ဘက်က အပြစ်ပြောစရာမဖြစ်အောင် သတိထား ပြီး နေပါတယ်ဆိုမှ ထောက်စရာတစ်ကွက်ရသွားပြန်ပြီပေါ့။

သူ့အာရုံမှာ ပြန်မြင်လာတာက မနက်က သူ့ကို ဝင်တိုက်





သွားသည့် ကလေးမသာလိုလို သနားစရာလိုလိုရုပ်နှင့်ကောင်. . . ဟုတ်ပါတယ်၊ ဒီကောင်ပဲ ဖြစ်မှာ။ နောက်တစ်ခါ ထပ်များတွေ့လို့ ကတော့ လက်သီးနဲ့ ဆယ်ချက်လောက် ဆွဲထိုးလိုက်ဦးမယ်. .

သူ့ဝေါ်လက်ကို နှိုက်သွားသော ကောင်လေးသည် သူသိပ် ချစ်ရသော အားထားရသော သူ့ညီ စုဘူးဆိုတာများ သိခဲ့ရင် စာဝါ မည်သို့ခံစားရမည်နည်း။

လောကမှာ ကံဆိုတာ ဆိုးသည် ကောင်းသည်ရှိသလို လူ ဆိုတာလည်း ပတ်ဝန်းကျင်ရဲ့ တုံ့ပြန်မှုအပေါ် မူတည်ပြီး အရောင် ပြောင်းတတ်တယ်ဆိုတာ ဒေါ်ရင်ငွေ့ မသိလေျာ့လေသလား။

နွံ့ထဲမှာပဲ ကြီးပြင်းလာရတဲ့ ကလေးတစ်ယောက်ဟာ တစ် နေ့နေ့မှာ ထူးချွန်တဲ့ ထက်မြက်တဲ့ ပညာတတ်တစ်ယောက် ဖြစ်မ လာဘူးလို့ ဘယ်သူ အာမခံနိုင်လို့လဲ. . ဒီလိုပဲ. . ဂုဏ်သရေရှိ လူ တုံထဲအသိုင်းအဝိုင်းကြားမှာ လူလားမြောက်သော်လည်း လူဆိုးလူ မိုက်တစ်ယောက် ဖြစ်လာနိုင်တာပဲ. . ..

ဘယ်အရာမှ ပုံသေမှတ်ယူလို့မရတာ လောကရဲ့ မာယာ တစ်ခုလေလား။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဦးပန်းလှ၏ သမီးကြီး 'သဇင်လတ်'သည် လက်ထဲမှာ အထုပ်တွေ မနိုင်မနင်းသယ်လာရင်း သူမ၏မွေးစားမောင်လေးကို ချစ်စနိုးလေး အော်ခေါ်လေသည်။

'မောင်လေးရေ. . ဒီမှာ မမကြီး ဘာတွေဝယ်လာသလဲဆို တာ လာကြည့်စမ်း၊ ဘောရေ. . မြန်မြန်လာပါဆိုမှ'

မောင်လေးဆိုလို့ ကျားကျားလျားလျား မထင်လိုက်လေနဲ့။ ကန့်ကလျဖြင့် လှုပ်လီလှုပ်လဲ့လေး လျှောက်လာသော ဘောလုံးက သူ့အစ်မကြီးကို စိတ်ဆိုးပြီး ရန်တွေ့လေသည်။

'မမကြီးနော်. . လူကိုများ တဘောဘောနဲ့၊ မခေါ်ပါနဲ့ဆို လည်း မရဘူး၊ သူများ နာမည်ပြောင်းထားတာ မသိတော့ဘူးလား'

မိန်းမလျာစိတ် လုံးလုံးဝင်ပြီး ဖုန်းကညာတစ်ပါး လုံးရာနှ ပြားလေသော ဘောလုံး။





'ဟုတ်သားပဲ ဘာတဲ့. . ငါ့မောင်လေးနာမည်၊ ဩော်. . သိပြီ. . သိပြီ. . ကျီးကန်းချိုတဲ့. . ဟုတ်တယ် မဟုတ်လား'

'လုပ်ပြီ မမကြီးတို့က လုပ်ပြီ၊ ဘယ့်နှယ် ကျီးကန်းချိုရမှာ လဲ. . ဥသြချို၊ ဥသြချို. . ဘယ်နှခါပြောမှ မှတ်မိမှာလဲ မသိဘူး'

'ဥသြချိုလား. . မသိပါဘူးမမကြီးက အကောင်မည်းမည်း လေးပဲ မှတ်ထားတာဆိုတော့ ဥသြလိုလို ကျီးကန်းလိုလို ဖြစ်နေတာ၊ စိတ်မဆိုးကြေးနော် မောင်လေး. . ဒီမှာကြည့် Alter ရှပ်တွေ ဝယ် လာတယ် မောင်လေးဝတ်ဖို့'

ဥသြချို၏မျက်နှာကြီး ရှုံ့မဲ့သွားသည်။

'ဒါမျိုးတွေ ဝတ်ပါဘူးဆိုမှပဲ၊ body fit ပဲ ကြိုက်တာ၊ ဒါမှ မျှားရဲ့ရိုက်ဖိုကြီးငယ်အသွယ်သွယ်ကို မြင်ရမှာပေါ့. . ဒီAlter ကြီးက ဘာလုပ်ရမှာလဲ၊ ဘဲစုတ် ဘဲနာတွေ ဝတ်တဲ့ဟာကြီး. . ဟွန်း'

သဇင်လတ်က သဘောကျစွာ ရယ်နေသည်။

သူတို့လုပ်လို့ပဲ ဒီလိုပုံစံဖြစ်သွားတာလေ. .

ငယ်ငယ်တုန်းက အင်မတန်မှ သွက်လက်ရဲတင်းသော. . ဘောလုံးကို အစ်မသုံးယောက်က သူတို့ သဘောကျ ဆင်ရင်း မွင်ရင်း ဒီလို နွဲ့မှန်းမသိနွဲ့လာရာမှလုံးလုံးကြီးကိုချောက်သွားတော့ တာ။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ရွယ်နုနယ်တဲ့အရွယ်မှာ အတုယူ အတတ်သင်စရာဆို လို့ သူ့ပတ်ဝန်းကျင်မှာ မိန်းမသားတွေပဲ ရှိတာ၊ ဦးပန်းလှကား ခရီး ထွက်တာ များနေတော့ အိမ်မှာ ကျားကျားလျားလျားမိန်းမသားတွေ ချည်းပဲ။

အဲဒီမိန်းမတွေကလည်း ဘောလုံးကို သူ့ရဲ့နဂိုဗီဇစိတ်က လေး ပျောက်သွားသည်အထိ ပုံစံအသွင်းလွန်ခဲ့ကြသည်။

ကလေးဘဝမှာ ဘောလုံးက တစ်ခုခုဆော့ပြီဆိုလျှင်. . .

ဥပမာ. . လေ့ခါးတက်တာတွေ့ရင်

'မောင်လေး. . မတက်နဲ့နော်. . လုံးဝမတက်နဲ့၊ ပြုတ်ကျ သွားရင် ခေါင်းက နှစ်ခြမ်းကွဲသွားမှာ. . အမယ်လေး ခြေတွေလက် တွေလည်း ကျိုးဦးမှာပဲ၊ တစ်သက်လုံး လူစဉ်မီမှာ မဟုတ်တော့ဘူး'

ဆိုတာက တစ်မျိုး။

ညအမှောင်ထဲမှာ ကလေးက အိမ်သာတစ်ယောက်တည်း သွားတာ တွေ့ရင်

'မောင်လေးရေ. . ဟိုနားမှာသရဲကြီးလျှာတစ်လစ်နဲ့စောင့် နေတယ်နော်'

'ဆံပင်ဖားလျားကြီး ချပြီး မျက်လုံးက ပြူးပြူးကြီး'

ဆိုပြီး နင်းကန်ဖြဲခြောက်ကြသည်။





ဒါမှ ကလေးက ကြောက်ပြီး သူတို့ကို ကပ်မှာလေ. .

သူတို့က အားကိုးခံချင်၊ အချစ် ခံချင်လို့ လုပ်တာ မှန်ပေ မယ့် ဘောလုံးခများမှာတော့ သူတို့ပြောသမျှ အဟုတ်ထင်ပြီး ရဲရင့် သောစိတ်ဓာတ်ကို ကြောက်စိတ်က ဖုံးသွားခဲ့သည်။

ဒီထက်ပိုဆိုးတာက ကလေးကို ဆံပင်မညှပ်ပေးဘဲ ကြက် တောင်စည်းလေး စည်းပြီး ပန်းတွေ ပန်လိုပန်၊ သနပ်ခါး ပါးကွက် ကြားကလေးနဲ့ ချစ်စရာလေးဆိုပြီး မဟုတ်တာတွေ လုပ်ပေးတော့ အလှကြိုက်တဲ့ စိတ်ကလေးကပါ အဆစ်ပါသွားတာ ကြီးတဲ့ အထိ ပင်. . .။

မြီးကောင်ပေါက် ဆယ်ကျော်သက်အရွယ်ရောက်တော့. . ပုဆိုး စ,ဝတ်ပြီဆိုတာနှင့် ပြဿနာက တက်တော့သည်။

မမကြီးက ပုဆိုးကို ချက်အောက်မှာ ချဝတ်ရင် မကြိုက်ဘူး တဲ့. .

မမလတ်က ခါးပုံစအကြီးကြီး ထွက်နေရင် ပြောလို့ မဆုံး တော့. . .

မမငယ်က ပိုတောင် ဆိုးသေးသည်။

သူထဘီဝတ်သလို ချပ်ချပ်ရပ်ရပ်ကလေး ဝတ်မှ လှတယ် ဆိုပြီး မဟုတ်တာတွေ ပြောတော့ သူ ဝတ်သလို အတုခိုးပြီး လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရင်း တဖြည်းဖြည်း ပုဆိုးကနေ ထဘီမဖြစ်ရုံတမယ် ခါးပုံဝေါ ပျောက်သွားအောင် ဝတ်တဲ့ ဘောလုံးဖြစ်သွားသည်။

အရမ်းနွဲ့နေတဲ့ဘောလုံးကိုမခြောက်တခြောက်ဘဝကနေ လုံးဝရေမရောဘဲ အခြောက်စစ်စစ်ကြီးဖြစ်သွားအောင်သူ့အပေါင်း အသင်းဘော်ဒါအခြောက်တွေက ပြောင်းလဲပစ်လိုက်ကြသည်။

ဘောလုံးဘဝကနေ ဉဩချိုလို့ လူတကာကို မုန့်လိုက်ကျွေး ပြီး သူ့ဘာသာ နာမည်ပြောင်းယူလိုက်သည်။

ကောင်လေးတွေနှင့် စကားပြောရင် ဆပ်စလူးစိန် ဖြစ်နေ သော ဉဩချို။

အလှဖန်တီးရှင် ဉဩချိုက မာမီတွေထဲမှာ ပြိုင်ဖက် မရှိတဲ့ ဆရာကြီးဖြစ်နေပြီ။

လယ်စောင့်တဲလေးမှာ နေတဲ့ မေမေ ဆိုတာကို ငယ်ငယ် တုန်းက သတိရပေမယ့် ခုချိန်မှာတော့ သူ့ရဲ့မိတ်ကပ်Box လောက် စိတ်မဝင်စားတော့ပါ။

ဘောလုံးဘဝရဲ့ပြောင်းလဲမှုကအံ့ဩစရာကောင်းလောက် အောင်ပြင်းထန်တော့ ဒေါ်ရင်ငွေ့သာသိပါက. ရင်ကျိုးမှာ သေချာ သည်။ ဘောလုံးရဲ့အမေဒေါ်ရင်ငွေ့က သားတွေကို နောက်ထပ်မမွေး နိုင်တော့တဲ့ ထာဝရအချစ်တွေနဲ့ချစ်သောသူ ဖြစ်သည်။





သူမရဲ့မလှပတဲ့ ဘဝဆိုးကြီးထဲကို တိုးဝင်လာတဲ့ သားတွေ ကို အိပ်မက်လှလှလေးတွေ မက်စေဖို့ စိတ်ကူးယဉ်ပြီး အဝေးကနေ တောင်းဆုတွေ ချွေနေသူဖြစ်သည်။

တောင်းဆုတိုင်း မစုံလင်နိုင်ဘူး ဆိုတာ ပညာမတတ်ရှာ သော ဒေါ်ရင်ငွေ့တစ်ယောက် ဘယ်တော့မှ သိနိုင်မည် မထင်ပါ။

* * *

(ဝေဖန်စာ၊ အကြံပြုစာများ
ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရုပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



ဒင်နီယယ်သည် မြို့ထဲတွင် စားကျက်ရှာရင်း မတွေ့တာကြာပြီဖြစ်သော သူငယ်ချင်းတစ်ယောက်ကို တွေ့သဖြင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင်ထိုင်ရင်း တစ်ယောက်အကြောင်းတစ်ယောက် ဖလှယ်မိကြသည်။

'ဟေ့ကောင် အတာချီကေ့စ်. . အရောင်အဝါတွေ လင်းလှချည်လားကွ၊ ခွင်တည့်ရင် ငါ့လည်း လက်တို့လေကွာ'

သူတို့လောကမှာ မိုးသူကို အတာချီကေ့စ်လို့ပဲ ခေါ်ကြ၏။ ဥပမိရုပ်ကလေး ကောင်းပြီး နေပုံ ထိုင်ပုံက လူကြီးလူကောင်းဆန်တော့ သူ့ကို ဘယ်သူကမှ 'ခါး'လို့ မထင်ပေ။ အတာချီကေ့စ် . . း တကိုင်ကိုင်၊ ဟန်းဒ်ဖုန်းနဲ့ဘာနဲ့ ဆိုတော့လေ။

တကယ်တမ်းကျတော့ မိုးသူက 'ခါး'ထဲမှာ service အရင့်





ဆိုး ဆရာကြီးတစ်ယောက် ဖြစ်သည်။ လူကြည့်လိုက်လျှင် ရိုးပုံရိုး လက်နဲ့ ငါးကြော်မစား၊ နွားနို့မသောက်တတ်တဲ့ သက်သတ်လွတ်စားပြီး ဥပုသ်စောင့်တဲ့ ကြောင်ကြီးကျနေတာပဲ။

တွေ့တဲ့သူနှင့် တည့်အောင်ပေါင်းပြီး လစ်သလို နှိုက်ကာ ကြုံရင် 420 လုပ်ဖို့လည်း ဝန်မလေးသည့်သူ။

'ဒီခွင်က ရှော့နည်းနည်းတော့ ရှိတယ်ကွ၊ မြိုးမြိုးမြက်မြက်ကလေး ရပေမယ့် စိတ်မော၊ လူမော၊ ရင်မော. . . အင်း. . . အဲ. . အကုန်မောတာပေါ့. . မင်းလိုင်းနဲ့ ငါ့လိုင်းက တူမှမတူတာ၊ ပြောသာ ပြောရတယ် မင်းခွင်က ပိုတည့်ပါတယ်ကွာ၊ baby လေးတွေက လန်းတယ်လေ'

'နေပါဦး. . မင်းခွင်က အန်တီကြီးတွေမို့လို့လား'

မိုးသူမျက်နှာမှာ ပင်လယ်ကမ်းစပ်သွားပြီး နေလောင်လို့ ညိုမည်းသွားသလို မျက်နှာညိုလျက် စိတ်ပျက်လက်ပျက်အသံလေးဖြင့် . . .

'အန်တီကြီးကမှ တော်ဦးမယ်ကွာ. . ခုဟာက မာမီကြီးကွ မာမီကြီး. . ဒါကြောင့် ငါမောပါတယ်လို့ပြောတာ'

'မစ်ဝင့်ကလည်း မသေးပါလားကွာ'

'အဲဒီကောင်. . အဲလေ. . အဲဒီအခြောက်က ထောတော့



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ထောတာနော်. . သူ့ဝင်ငွေက မျက်နှာလေး တစ်ကွက်စာ ပြင်ရင်တောင်မှ သုံးသောင်းလောက်ရတာ၊ ငါ့ကို လက်ဆောင်တွေ ဝယ်ပေးထားတာ မနည်းတော့ဘူးကွ၊ ကြာတော့ ယူရမယ့်သူတောင် အားနာလာတယ်. . . ရေမွှေး ဖိနပ် အင်္ကျီ. . . အားလုံးက တကယ့် brand တွေချည်းပဲ'

'အလှပြင်တယ်ဆိုတော့ သူ့နာမည်က ဘယ်သူလဲ'

'ဥသြချို. . တဲ့'

'ဒီနာမည် ငါ ကြားဖူးပါတယ်၊ ဥသြချို. . . ဩော်. . သိပြီ နာမည်ကြီးမိတ်ကပ်ဆရာပဲ၊ ကြုံရင် ငါနဲ့မိတ်ဆက်ပေးလေကွာ'

'ဟေ့ကောင်. . ငါ့ခွင်တော့ ဝင်မလုနဲ့ကွာ၊ မင်းရုပ်မင်းရည်နဲ့ ဒီထက်သာတာတွေ ဖန်ပေါ့ကွ'

'ဟား. . ဟား. . ဟား. . နားစမ်းပါကွာ၊ သူ့မာမီကြီးများ တိုနေရသေးတယ်၊ ရတာတော့ ရတာပေါ့၊ သတိတော့ ထားဦးနော်ကြာ. . အေကိုက်နေဦးမယ်'

မိုးသူက ပျစ်ပျစ်နှစ်နှစ်ကြီးကို ဆဲပါတော့သည်။ ဥသြချိုကို ဒင်နီယယ် မြင်ဖူးပါသည်။ နံပါတ် ဘယ်လောက်မှန်းမသိသော သူ့ကောင်မလေးတစ်ယောက်က အလှပြင်ဖို့ဆိုပြီး လိုက်ပို့ခိုင်းလို့ သူ့ဆိုင်ကို လိုက်ပို့ပေးဖူးသည်။





ရုပ်ကလေးသားသားနားနားနှင့် ယောကျ်ားပီသီသသများ နေရင် ဘယ်လောက်ကောင်းလိုက်မလဲ။

တစ်ခါတလေကျတော့လည်း ကိုကိုနှင့်ညီလေးတွေကို လွမ်းမိပါသည်။ မေမေ့ကို စိတ်နာပေမယ့် မေမေ အမြဲ ဆိုပြခဲ့တဲ့ သားချော့တေးလေးကိုတော့ ဒီနေ့အထိ သူ မမေ့သေးပါ။

မေမေကတော့ သူစိမ်းတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ ပျော်ဖို့အတွက် သားတွေကို စိတ်ချလက်ချကို ပေးပစ်လိုက်တာ။ အသည်းနှလုံးမရှိတဲ့ မေမေ. . တော်တော်ရက်စက်တဲ့ မေမေ. . .

ငါ့သားလေးတွေ နေကောင်းရဲ့လား၊ ကျန်းမာရဲ့လားဆိုပြီး တစ်ခေါက်မှတောင် လာမကြည့်ဖူးဘူး။

ဒီလိုအမေမျိုးကို သူ စိတ်မနာသင့်ဘူးလား။

* * *

မူပိုင်နှင်းဆီကို Facebook ပေါ်တွင်လည်း အားပေးနိုင်ပါသည်။
Find "Mu Paing Rose"on Facebook and become a fan



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးချို့တဲ့ပေမယ့် စိတ်ကိုတင်းပြီးနေရသော ဒေါ်ရင်ငွေ့သည် မျက်လုံးနှစ်လုံး ဖွင့်လိုက်တာနှင့် သားကြီးစာဝါကို ပြေးပြီး သတိရပါတော့သည်။ ဒီနေ့ စာဝါလေးရဲ့မွေးနေ့ပဲ။

မေမေ့သားကြီး နေမှကောင်းရဲ့လား. . . ဒေါ်ရင်ငွေ့သည် ဦးစွာ မျက်နှာသစ်ပြီး သွားတိုက်လိုက်သည်။ ထိုနောက် မီးမွှေးကာ ထမင်းတစ်အိုးချက်လိုက်သည်။

သားတွေ ထွက်သွားတဲ့နေ့ကစပြီး အမေ့အိမ်လေး ခြောက်သွေ့သွားလိုက်တာ. . သိပ်သတိရလာတဲ့အချိန်ကျရင်တော့. . သားနာမည်တွေ ခေါ်ပြီး တစ်ယောက်တည်း စကားတွေ ပြောနေတတ်သည်။ စိတ်၏ဖြေရာက သူမမှာ ဒါပဲရှိသည်။

'စာဝါ. . ဒီနေ့ မေမေ အရမ်းအထီးကျန်နေတယ်ကွယ်. .





သားလေး ဆရာဝန်ကြီး ဖြစ်ပြီလားဟင်. . မေမေ နေမကောင်းပေမယ့် သားကို စောင့်နေတာ၊ သား ဆေးကုပေးတာ ခံချင်လို့ စောင့်နေတာလေ. . ခုချိန်ထိ မေမေ့ဆီ ပြန်မလာသေးပါလားကွယ်'

စကားများများပြောရင် နည်းနည်းမောချင်လာသည်။

'စုဘူးရေ. . သားကတော့ သွက်လက်ချက်ချာတော့ စီးပွားရေးလုပ်ငန်းရှင်ကြီးဖြစ်မှာ သေချာတယ်၊ ခုလောက်ဆို သူဌေးကြီးဖြစ်ချင်ဖြစ်နေလောက်ပြီနော်၊ မေမေ မှတ်မိသေးတယ်. . သား မေမေ့ဆီ တစ်ခေါက်လာသေးတယ်လေ၊ အဲဒီအချိန်တုန်းက မေမေက သေကောင်ပေါင်းလဲ ဖြစ်နေတာ၊ သားတွေအားလုံး မေမေ့အနားမှာ မရှိတော့ သေရမှာကို ကြောက်နေမိတယ်၊ တစ်ယောက်တလေရှိရင်လည်း ကောင်းသား၊ မှာချင်တာလေးတွေ မှာခဲ့လို့ရတာပေါ့။ မေမကောင်းလို့ တီဘီဆေး ခြောက်လလောက် သောက်လိုက်ရတယ်လေ၊ သားမျက်နှာလေး မြင်လိုက်တော့ မေမေ တော်တော်အံ့ဩသွားတာ၊ အာဟာရပြည့်ဝလို့လား မသိဘူး၊ အသားအရေတွေ ဖွေးလာပြီး ချစ် စရာကောင်းနေလိုက်တာ၊ ဒါပေမယ့် သားက မေမေ့ကို စိမ်းနေသ လိုပဲနော်၊ ပြန်မယ်ပဲ ပြောနေတော့တာ၊ မေမေ့မှာ သားပါးလေးကို နမ်းချင်တာတောင် မနမ်းလိုက်ရဘူး သားရယ်'

ဒေါ်ရင်ငွေ့သည် ထမင်းအိုး ကျက်တော့ ဆွမ်းတော်ကပ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ မြင်သည်။ သောက်ပော်ရေလဲပြီး ဆွမ်းကပ်ကာ သားကြီးစာဝါ အတွက် ဆုတွေတောင်းပေးသည်။ မေတ္တာတွေ ပို့ပေးသည်။

သားငါးယောက်လုံး၏မွေးနေ့တွေကို အတိအကျမှတ်မိနေတာက စာမတတ်သော ဒေါ်ရင်ငွေ့၏ထူးခြားမှုဖြစ်သည်။

သူမ ကောင်းစွာ မှတ်မိနေသေးသည်။ လွန်ခဲ့သော တစ်ဆယ့်ကိုးနှစ်ခန့်က သားကြီးစာဝါသည် အမေ့ဆီသို့ တဖွဲ့တနွဲ့စာတွေ ရေးလာတတ်သည်။

စာမတတ်လို့ ဘယ်တုန်းကမှ ဝမ်းမနည်းတတ်ခဲ့သော ဒေါ်ရင်ငွေ့သည် သားရေးလာသော စာအိတ်ကလေးကိုမြင်ကာမှ မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျကာ ရှိုက်ကြီးတငင်ငိုမိလေသည်။ သွားလေသူယောက်ျားကို တိုင်တည်ရင်း ဝမ်းနည်းစွာဖြင့် ရင်ဖွင့်မိသည်။

'ကိုရင်ရေ. . ရှင့်သားကြီး စာဝါက ကျွန်မဆီ စာရေးလာတယ်တော့၊ ကျွန်မ ဘယ်လိုဖတ်ရမလဲရှင်. . ကျွန်မ. . ကျွန်မ စာမတတ်တာ သားမှမသိဘဲ၊ စာထဲမှာ ဘာတွေရေးထားလဲ မသိဘူး။ ကျွန်မ သိချင်လိုက်တာ ကိုရင်ရယ်၊ သားက ကျွန်မကို သတိရနေပြီထင်တယ်၊ သူ ကျွန်မကို လွမ်းနေရင် ကျွန်မ ဘာလုပ်ရမလဲ ကိုရင်၊ ဟိုမှာ သားမပျော်ဘူးလို့ ရေးလာရင် ကျွန်မ ပြန်ခေါ်လိုက်ရမလား။ ဟင့်အင်း. . ပြန်ခေါ်လိုက်ရင် ကျွန်မလိုပဲ စာမတတ်ပေမတတ်ဖြစ်





သွားမှာပေါ့. . သားကို ကျွန်မ ဘယ်လောက်ထိလွမ်းနေတယ်ဆိုတာ ကျွန်မ ကိုယ်တိုင်ပဲ သိတယ်၊ ထုတ်မပြောနိုင်လောက်အောင်ကို ရင်ထဲမှာ ပြည့်ကျပ်နေတာ'

'သား မေမေ့ကို သိပ်လွမ်းတာပဲ'ဆိုတဲ့စာကို မဖတ်တတ်သလို 'မေမေလည်း သားကို လွမ်းနေတယ်'ဆိုတာ မရေးတတ်တဲ့ ဒေါ်ရင်ငွေ့။ မနာကျင်ဘဲ ရှိပါ့မလား။ ရင်မနာဘဲ နေပါ့မလား။

မေမေ့သား ဘောလုံးလေးက ခုချိန်လောက်ဆို စစ်ဗိုလ်ကြီးများ ဖြစ်နေပြီလား။ သူက ငယ်ငယ်ကတည်းက ဆော့ရင် သေနတ်ပစ်တမ်းပဲ ဆော့တာ။ အင်မတန်သတ္တိရှိတဲ့ကလေး။

သားလေး ဘောလုံးကို ရေလောင်း ပေါင်းသင်ပေးမယ့် ဥယျာဉ်မှူးက သူတော်ကောင်းကြီးပါ။ ဦးပန်းလှက ခုချိန်ထိ မေမေ့ကို ထောက်ပံ့နေတာ။ ရွာကို လာတဲ့အချိန်ကျရင် ဆေးဖိုးဝါးဖိုးက အစ သူ ဒါနပြုပေးတာပေါ့။

သူ့မွေးစားသားအကြောင်းကို အားရပါးရ ဖောက်သည်ချတတ်တာဆိုတော့ ဘောလုံးအကြောင်းကို မေမေ ၏၊ သည် မရွေး သိနေရတာကိုက စိတ်ကျေနပ်စရာကောင်းနေပါပြီ။

ကောင်းတာတွေပဲ ရွေးပြောသွားပြီး ဆိုးကွက်တွေကို ထိန်ချန်ခဲ့တာ ဒေါ်ရင်ငွေ့ မသိနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



နင့်သားလေး တဖြည်းဖြည်း နွဲ့နေပြီဆိုတာ ဦးပန်းလှက ပြောမသွားခဲ့ပါ။ သူတို့မိသားစု ရန်ကုန်မပြောင်းခင်က ဒေါ်ရင်ငွေ့နှင့် အဆက်အသွယ်မပြတ်ပေမယ့် ရန်ကုန်ရောက်ပြီးနောက်ပိုင်းမှာတော့ လုံးဝကို အဆက်အသွယ်မရှိတော့ပါ။

ဘောလုံး လို့ ခေါ်တဲ့ ဒေါ်ရင်ငွေ့၏ သားသည် နွဲ့ရာမှ ခြောက်သွားပြီဖြစ်သည်။

ဒေါ်ရင်ငွေ့၏ ခံယူချက်က သားတွေကို ဘယ်လောက်ပဲ လွမ်းနေပါစေ. . မကြာခဏသွားကြည့်တာမျိုး မလုပ်ချင်ပါ။ အမေကိုတွေ့ရင် အနည်ထိုင်နေသောသူတို့ဘဝတွေ ကမောက်ကမ ဖြစ်သွားမှာ၊ အမေနောက်ကို ပြန်လိုက်လာမှာစိုးလို့ ဘယ်တော့မှလိုက်တွေ့ဖို့ စိတ်ကူးမရှိပါ။

သားတွေအပေါ်မှာ ထားတဲ့ သူမ၏မေတ္တာတရားကြောင့် တစ်နေ့နေ့မှာ သားအားလုံး သူမရင်ခွင်ထဲ ပြန်ရောက်လာမည်ဟု ယုံကြည်စွာ မျှော်လင့်နေမိသည်။

နို့ညှာကောင် တုံတုံလေးကိုလည်း မေမေလွမ်းတာပဲ။

အငယ်ဆုံးလေးနီတွတ်ကို သနားစိတ်ဖြင့် ပိုသတိရမိသည်။ နို့ဖြတ်ပြီး သိပ်မကြာခင်မှာပဲ တက္ကသိုလ်က ဆရာမကို ပေးလိုက်ရတာ။





အငယ်နှစ်ယောက်က ငယ်ကြသေးတော့ အမေကို လွယ်လွယ်နှင့် မေ့ချင်မေ့သွားနိုင်သည်။ သူတို့မှာ ဘယ်လိုဝါသနာ၊ ဘယ်လိုဗီဇတွေ ပါလာတယ်ဆိုတာ ခန့်မှန်းလို့မရခဲ့ပေမယ့် မေမေ့ထက်သာတဲ့လူတွေ လက်ထဲမှာ သားတွေဘဝ မနိမ့်ပါးစေရပါဘူး။

မေမေ့သား ငါးယောက်လုံး မိုးမြင့်ကောင်းကင်မှာ အလင်းလက်ဆုံးကြယ်ပွင့်လေးတွေ ဖြစ်လာမယ့်နေ့ကို မေမေစောင့်နေမှာပါ. . .

* * *



www.burmeseclassic.com

www.burmeseclassic.com



(Ring Tone) ♫ အချစ်က သိခက်တဲ့ ကဗျာလေးပဲ
ခွင့်လွှတ်ချစ်တတ်အောင်
တို့ကြိုးစားကြည့်တယ်
လျှို့ဝှက်ချက်များစွာထဲမှာ
အမြဲတမ်း တဝဲလည်လည်
မှားလည်းလေ မှားပါစေတော့ကွယ်
အပြစ်မမြင်ပါဘူး ချစ်ချင်တာပဲ သိတဲ့နောက်
ဖြစ်သမျှဟာ အကောင်းပဲပေါ့၊
မင်းရင်ခွင်နဲ့ ခွဲခွာနေဖို့ မရဲပါဘူး
အနားနားမှာ အမြဲချစ်ပါရစေ ♫





ဝိုင်းစုခိုင်သိန်း၏ 'အပြစ်မမြင်' Ring Toneသည် တစ်ယောက်သောသူအတွက် သီးသန့်ဖြစ်သည်။

စာဝါသည် ထိုဖုန်းခေါ်သံကလေး မြည်လာလျှင် ချက်ချင်းမကိုင်သေးဘဲ ကျေနပ်စွာ နားထောင်နေသေးသည်။ တစ်ဖက်မှစကားသံကလေး မကြားရသေးခင် ဖုန်းမြည်သံလေးနဲ့တင်ရင်ထဲမှာ နွေးထွေးနေပြီဖြစ်သည်။

'ဟယ်လို. . ကလေးလား. . ပြောလေ'

'Happy Birthday ပါ ကိုကို'

'ကလေး. . တစ်နေ့က ရန်ဖြစ်တဲ့ကိစ္စကို စိတ်မဆိုးဘူးပေါ့ဟုတ်လား. . ကိုကိုက ကလေးစိတ်ဆိုးနေပြီလို့ ထင်တာ'

' ပုထုဇဉ် လို့ခေါ်တဲ့ သူ့ချစ်သူလေးဟာ သူနှင့် စရိုက်ချင်းဆန့်ကျင်စွာ သိမ်မွေ့နူးညံ့ကာ ယဉ်ကျေးသူတစ်ယောက်ဖြစ်သည်။ စကားပြောသံလေးကအစ ချိုသာ တိုးဖွစွာ နားထောင်လို့ အရမ်းကောင်းလေသည်။

ရှပ်ကလေးကလည်း ကိုရီးယားမလေးလိုလို၊ ဂျပန်မလေးလိုလို ဆံပင်ရှည်လေးက ဖြောင့်ပြီး စင်းနေသည်။ colour ရဲရဲလေးဆိုးထားတဲ့ အချိန်ဆို ကလေးရဲ့မျက်နှာလေးက ပိုပြီးပေါ်လွင်သည်။ နှာတံစင်းစင်းကလေး၊မျက်လုံးဝိုင်းဝိုင်းကလေးနဲ့ တကယ့်ကိုကလေး



www.burmeseclassic.com

www.burmeseclassic.com



ပိစိလေးနှင့်တူတာမို့ သူက ပုထုဇဉ်ကို 'ကလေး'လို့ မြတ်နိုးစွာခေါ်သည်။

'ကလေး. . ကိုကို့ကို ဘယ်တော့မှ အပြစ်မမြင်ပါဘူး၊ ကိုကို့ကို ချစ်တာပဲ သိတယ်၊ ကိုကို့မှာ အားနည်းချက်ရှိရင်တောင်မှ ခွင့် လွှတ်ပြီး ချစ်နေဦးမှာပါ'

'ကလေးရယ်. . တကယ်တော့ ကိုကို့အမှားပါကွာ. . ကိုယ့်အိမ်မှာ ရှော့ရှိလာလို့ ညစ်ပြီး ထွက်လာတာ၊ ကလေးမျက်နှာလေး မြင်ရရင် စိတ်ပြေမလားဆိုပြီး လာမိတာ. . ကိုကို တောင်းပန်တယ်နော်. . ကလေး'

'မွေးနေ့မှာ ပျော်ပျော်နေပါလား ကိုကို၊ အိမ်က အစ်ကိုတွေလည်းမမှားဘူး၊ ကိုကိုလည်းမမှားဘူး၊ အားလုံးက ကလေးကိုချစ်ကြလို့သာအတ္တတွေကြီးပြီးကိုယ့်စိတ်ကိုယ်မထိန်းနိုင်ကြတာ. . ကလေး အားလုံးကိုခွင့်လွှတ်ပြီးသားပါ'

ပုထုဇဉ်ရဲ့အသံအေးအေးလေးဟာ သူ့စိတ်ကို အမြဲ နွေးထွေးစေသည်။သူ့အသက်နှစ်ဆယ့်ရှစ်မှာကောင်မလေးတွေအများကြီး နဲ့တွဲခဲ့ပတ်သက်ခဲ့ဖူးပေမယ့်ကလေးက သူ့ရဲ့ဇကာတင်ချစ်သူလေးပါ။ ကလေးထက် ချစ်ရမယ့်သူဆိုတာ ရှိလာမှာမဟုတ်တော့ပါဘူး

ကလေးက သူ့ထက် ခုနစ်နှစ်လောက် ငယ်ပေမယ့် သူ့





ထက် ပိုပြီး ရင့်ကျက်သည်။ လူတစ်ဖက်သားကို အကောင်းမြင်ပြီး တွေးပေးတတ်သည်။

'ကိုကို ဘာတွေတွေးနေတာလဲဟင်. . ကလေးဆီက မွေးနေ့လက်ဆောင်ဘာလိုချင်သလဲလို့'

'I want your birthday kiss, baby'

ချစ်သူချင်း ဆက်သွယ်ဖို့ ကြားခံနယ်ဖြစ်သော ဟန်းဒ်ဖုန်းလေးခမျာ အနေရခက်ရှာမှာပေါ့။

'ပေးလိုက်ပြီ ကိုကို. . one kiss'

'ကလေး မနောက်ရဘူးလေ. . ဖုန်းထဲက ပေးလို့ ကိုကိုက ဘယ်လိုရမှာလဲ. . အပြင်ထွက်လို့ရရင် ထွက်ခဲ့ပါလား. . ကိုယ့်မွေးနေ့မှာ ကလေးကို တစ်ခုခုလိုက်ကျွေးချင်လို့'

စိတ်ဆတ်ပြီး တုံ့ပြန်မှုမြန်သောချစ်သူကို အပြစ်မမြင်ရက်သော ပုထုဇဉ်က ဝိုင်းစုခိုင်သိန်း၏အပြစ်မမြင်သီချင်းလေးကို ခံစားချက်ချင်းတူလို့ စွဲစွဲလန်းလန်းကို နားထောင်တတ်သည်။

ထို့ကြောင့် သူက ပုထုဇဉ်ဆီက ဖုန်းလာရင် 'အပြစ်မမြင်' ring tone လေးကို ရွေးပြီး ထည့်ပေးထားခြင်းဖြစ်သည်။

'ကလေးလည်း ကိုကို့ကို တွေ့ချင်နေတာ. . သိပ်လွမ်းတာပဲ ကိုကို'



www.burmeseclassic.com

www.burmeseclassic.com



'ရအောင် ထွက်ခဲ့ကွာနော်. .'

'ကောင်းပြီလေ. . ကလေး ကြိုးစားကြည့်ပါ့မယ်၊ ကိုကို့ဆီ ဖုန်းပြန်ခေါ်ပြီး contact လုပ်မယ်လေနော်'

'see you baby'

'Love you so much ကိုကို'

လောကကြီးတစ်ခုလုံးကို အလိုမကျတိုင်း လိုက်ရှဲ့တတ်တဲ့ စာဝါသည် ပုထုဇဉ်နှင့် စကားပြောနေသောအချိန်တွင် နဂို ဖြစ်ေ သောစိတ်ရင်းခံအတိုင်း ပြောတတ်သည်။ သူ့ဘဝ သူ့ကမ္ဘာမှာတော့ ပုထုဇဉ်ဟာ Essential (မရှိမဖြစ်)ဖြစ်မှန်းမသိ ဖြစ်ခဲ့ပါပြီ။

ပုထုဇဉ်နှင့်အတူတွဲသွားရင် သူ့အတွက် အခက်ဆုံးအလုပ် က စိတ်ကို ထိန်းရခြင်းဖြစ်သည်။

သူ့ကောင်မလေးကို ဘယ်သူမှကြည့်တာ မကြိုက်။ သဝ တိုတတ်တာက over ဖြစ်နေသည်။

စိုက်ကြည့်ဖို့မပြောနှင့်၊ စေ့စေ့ကြည့်တာ တစ်မိနစ်လော ကြာသွားရင် စာဝါတို့က စပြီး ရစ်လေပြီ။ သူတစ်ခွန်းကိုယ်တစ်ခွ စကားများပြီး တစ်ဖက်က သူ့လိုပဲ ရစ်တတ်တဲ့သူဆို ပါးစပ်နှင့်မပြီ တော့။ လက်မြန်သော စာဝါက ဆွဲထိုးပြီးသားဖြစ်နေသည်။

ကျိုင်အံမြပတ်နေသော ချစ်သူ၏စိတ်ကိုသိလို့ ပုထုဇဉ်





တွဲသွားရမှာ တဖြည်းဖြည်းကြောက်လာခဲ့သည်။ သူမ၏သူငယ်ချင်း တွေက စာဝါကို အဆက်ဖြတ်ဖို့ အကြံပေးကြသည်။ စာဝါ ချင်းမတူ သလို စိတ်မြန်လက်မြန်နှင့် အဆင့်မရှိတဲ့အကောင်ထဲ။

လူတစ်ယောက်မှာ perfect ဖြစ်ဖို့ဆိုတာ မလွယ်ပါဘူး။ စိုးရိမ်လို့အသိပေးကြပေမယ့် မသိသလိုသာ နေလိုက်ချင်သည်။ သူ့ ရဲ့အားနည်းချက်တွေကို လိုက်ပြီး အပြစ်မြင်နေရင် ဘယ်လိုဆက် ချစ်တော့မှာလဲ။ ချစ်တာဟာ ချစ်တာပဲလေ. . ကိုယ်ကမှ သူနဲ့ဝေးပြီး မနေနိုင်တာ။

'လူတစ်ရာမှာ ကိုးဆယ့်ကိုးယောက်က စာဝါကို လူမိုက်လို့ ပြောကြမှာ ဖြစ်ပေမယ့် သူမအတွက်တော့ သူ့အကြည့်တစ်ချက်က တစ်သက်လုံးအတွက် နူးညံ့ နွေးထွေးစေတယ် ဆိုတော့ မခက်ဘူး လား။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကလေးဆီက ဖုန်းသံလေး မျှော်ရတာ အကြာကြီးပဲဟု သူ ထင်သည်။

'အပြစ်မမြင်' ring tone လေး မြည်တာနှင့် ချက်ချင်းပင် ဖုန်းဖွင့်ပြီး ပြောမိသည်။

'ကလေး. . OK လား'

'ကိုကို. . သမ္မတရုံမှာ စောင့်နေနော် . . . ဆယ့်နှစ်နာရီ အရောက်လာခဲ့မယ်. . ကလေးအစ်ကိုတွေ ပါရင် ရှောင်ပေးနော် ကိုကို. . တည့်တည့်တိုးနေမှာစိုးလို့'

တစ်သက်လုံး ဘယ်သူ့ကိုမှ မရှောင်ခဲ့ဘူး ပုထုဇဉ်။ ထိပ်တိုက်တွေ့လိုက်တာချည်းပဲ။ ဘာဖြစ်လို့လဲ သိလား. . ကံကြမ္မာဆိုတာကြီးဟာ ရှောင်လွှဲလို့မရဘူး။ လာဘ်ထိုးလို့လည်း မရဘူး။ သူ





ကို ကိုယ် မရှောင်နိုင်မှတော့ ကျန်တာတွေလည်း ရှောင်ဖို့မလိုတော့ဘူးလေ. .

ဒီတစ်ခါတော့ မင်းကိုချစ်တဲ့စိတ်တစ်ခုတည်းနဲ့ လိုက်လျောပေးလိုက်ပါ့မယ်. . .

'ကိုကို အထဲမှာပဲ စောင့်နေမယ်နော်. . လက်မှတ် ဝယ်ထားလိုက်မယ်လေ'

'ဟုတ်. . ဒါပဲနော် ကိုကို'

'ဟေ့. . နေဦးလေ. . ဘာမှမပြောတော့ဘူးလား'

'သိပ်ချစ်တယ် ကိုကို'

ဖုန်းချခါနီးတိုင်း ကလေးဆီက ထိုစကားလေး ကြားလိုက်ရရင် ဘယ်လိုဖြစ်သွားမှန်းကို မသိ။

ပုထုဇဉ်ရှိနေလို့သာ ဒီဘဝကြီးထဲမှာ အားတင်းပြီး ရှင်သန်နေနိုင်တာ။ လူတွေအကုန်လုံးက ဝိုင်းပြီး ချဉ်နေကြတဲ့ အပယ်ခံလူမိုက်ဘဝမှာ တွယ်တာစရာဆိုလို့ နွယ်ငင်စရာဆိုလို့ ကောင်မလေးတစ်ယောက်ပဲ ရှိတာပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မွေးနေ့အတွက် အသိအမှတ်ပြုပြီး အချိန်တွေ ပေးလို့ ကျေးဇူးတင်တယ် ကလေးရယ်. .

ထိုနေ့က ကြည့်သောရုပ်ရှင်သည် လယ်သမားဘဝကို ပုံဖော်ထားသောဇာတ် ဖြစ်သည်။

စစချင်း လယ်ကွင်းပြင်ကြီးထဲက လယ်စောင့်တဲလေး တစ်လုံးကို Zoom ဖြင့် ဆွဲပြီးပြသည်။

ထိုအိမ်ကလေးကို မြင်လိုက်တာနှင့် စိတ်တွေက မတည်မငြိမ်ဖြစ်လာသည်။

ငယ်ငယ်တုန်းက သူ ကျင်လည်ခဲ့ဖူးသော ဝန်းကျင်၊ နေခဲ့ဖူးသော အိမ်လေး၊ အတူဆော့ခဲ့ဖူးသော ညီလေးတွေ. .

အားလုံးကို တစ်ခုချင်းစီ ပြတ်သားစွာ သတိရလာသည်။





တမင်မေ့ထားခဲ့တဲ့ အတိတ်ကို ဖွင့်ချပြလိုက်သလို တရေးရေး မြင်လာတာက သူတို့ညီအစ်ကိုတွေ ရေချိုးခဲ့တဲ့ ချောင်းကလေး။

ချောင်းရေလေးက အေးသလို ကြည်လည်း ကြည်တော့ ရေအောက်မှာ ငါးလေးတွေ ကူးခတ်နေတာကို အတိုင်းသားမြင်နေရသည်။

'ကိုကိုရေ. . ငါးဖမ်းပေးပါ'

'ကိုကိုကြီးရေ. . ငါးကြီးကြီး မိအောင် ဖမ်းနော်'

'တုံတုံက ငါးကင်စားမှာ'

ညီလေးတွေအတွက်ဆို သူတို့လိုအပ်သမျှ အကုန်ဖြည့်ပေးချင်ခဲ့သော တစ်ချိန်တုန်းက စာဝါ။

ညီလေးတွေကို တစ်လှည့်ပြန်ပြီး လုပ်ကျွေးစောင့်ရှောက်ချင်လို့၊ ပညာသင်ချင်လို့ သူစိမ်းတစ်ယောက်နောက်ကို ဝမ်းနည်းနာကျင်စွာ လိုက်ခဲ့ရသော စာဝါ။

အခု ညီလေးတွေ ဘယ်မှာလဲ၊ ဘယ်ရောက်ကုန်ပြီလဲ၊ မေ မေက ဘာလို့ပေးပစ်လိုက်တာလဲ။

ကျွန်တော့်ဘဝက ဘာမှအဓိပ္ပာယ်မရှိတော့ဘူး မေမေ. . ဆယ်တန်းတောင် အောင်အောင် မဖြေတော့ဘဲ ဘဝကို ရေစုန်မျှော ပြီး လောကကြီးကို အရွဲ့တိုက်ပြီးနေခဲ့တာ. .



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း . . ကြည့်ရင်း ပိတ်ကားပေါ်မှာ အရုပ်တွေ မှုန်ဝါးလာသည်။

လယ်စောင့်တဲကလေးက သူ့အမြင်အာရုံမှာ ပေါ်လာလိုက်၊ ပျောက်သွားလိုက် ဖြစ်နေသည်။ ပူနွေးစွာ စီးကျလာသော အရာတွေက ဘာတွေများလဲ . .

'ဟင် . . ကိုကို ငိုနေတယ်၊ ဘာဖြစ်လို့လဲ . . ကိုကို'

ပုထုဇဉ်ရဲ့အထိတ်တလန့်အော်သံကြားမှ သူငိုနေတယ်ဆိုတာ သိရတော့သည်။

မျက်ရည်မကျအောင် နှစ်ပေါင်းများစွာထိန်းချုပ်ပြီး နှလုံးသားကို မာကျောချင်ယောင်ဆောင်ခဲ့ရသည်။

ရင်ထဲမှာ ဗလောင်ဆူနေသော်လည်း ပြင်ပမှာ အေးစက်ချင်ယောင်ဆောင်ခဲ့ရသည်။

ကျွန်တော့်ဘဝဟာ တကယ်တော့ ဟန်ဆောင်ရင်း ကြီးပြင်းခဲ့တာပါ။

ပုထုဇဉ်က ကျွန်တော့်မျက်နှာကို နားမလည်သလို စိုက်ကြည့်နေသည်။ မျက်ရည် . . ကျွန်တော့်မျက်ရည်တွေကို သူမှ မမြင်ဖူးတာ . . သူသိတဲ့ ကျွန်တော့်ပုံရိပ်က ခက်ထန်ကြမ်းတမ်းပြီး အမြဲရန်ဖြစ်နေတတ်တာဆိုတော့ အံ့ဩနေမှာပေါ့။





'sorry ပဲ ကလေး . . ကိုကို ဆက်ကြည့်လို့မရတော့ဘူး' စာဝါက ပြောပြီး ပြေးထွက်သွားသည်။

ကိုကို ဘာဖြစ်သွားတာလဲ။

ကိုကို့ကို ကလေး နားမလည်နိုင်တော့ဘူး။ ကိုကို့မွေးနေ့မှာ စိတ်ချမ်းသာစေချင်လို့ အရဲစွန့်ပြီး ထွက်လာခဲ့ရတာ။ ဒီတဲအိမ်ကလေးတစ်လုံးက ကိုကို့ကို ဒီလောက်-ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် အနှောင့်အယှက်ပေးလိုက်သလား။

* * *

ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်–၄၁၊ မြေညီထပ်၊ မေတ္တာရောင်ပြန်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်၊ ကိုး. . . . တစ်ဆယ်'

ဒိုင်လူကြီးက တစ်မှ တစ်ဆယ်အထိ ရေအပြီးမှာ လဲနေသော ပြိုင်ဖက်က ပြန်ထမလာသည့်အတွက် ဒိုင်က ငရဲမီး၏လက်ကို ဆွဲကာ ကိုင်မြှောက်ပြီး အနိုင်ပေးလိုက်သည်။

လက်ခုပ်သံများက ရုံတစ်ခုလုံး ဟိန်းထွက်လာသည်။ ငရဲမီး ၏ပရိသတ်တွေကလည်း များသား။

'ရွှေပွဲလာ ညည့်ပရိသတ်များ ရှုစားတော်မူရတဲ့အတိုင်း အခု ဆိုရင် ငရဲမီးဟာ ပြိုင်ဖက်ကို အလဲထိုးပြီး ဒိုင်းဆုကြီးကို သိမ်းပိုက် သွားပြီ ဖြစ်ပါတယ်'

မိုက်ခွက်မှပြောသောအသံသည် စပီကာမှတစ်ဆင့် ဟိန်း





ပြီးထွက်လာသောအခါ တုံးကျော်၏ခန္ဓာကိုယ်မှ သွေးတွေ ဆူပွက်လာသည်။

သူငယ်ချင်းဖျောက်ဆိတ်၏ကျဆုံးမှုအတွက် မခံချင်စိတ်၊ ဒေါသစိတ်တွေက သူ့တစ်ကိုယ်လုံးကို ဖုံးလွှမ်းထားသည်။

မီးလောင်ရာ လေပင့် ဆိုသလို တုံးကျော်၏ဘော်ဒါတွေက ဝိုင်းပြီး မြှောက်ပင့်ပေးကြသည်။

'တုံးကျော်. . ဒီကောင့်ကို ချပြီး ဖြိုကွာ၊ ဟိုကောင်ဖျောက်ဆိတ်ကလည်း အလကားပဲ. . နှစ်ချီတည်းနဲ့ ပြန်ကို ထမလာတော့ဘူး၊ ဟိုကောင်က ဘယ်ဝိုက်လက်သီး နာမည်ကြီးပါတယ်ဆိုမှ လွတ်အောင် မရှောင်နိုင်ဘူး'

တုံးကျော်သည် ငရဲမီး၏ မျက်နှာကို စေ့စေ့ကြည့်ကာ အံကြိတ်ပြီး သွားကြားမှထွက်လာသောလေသံဖြင့်

'ဒီကောင်နဲ့ငါ တစ်နေ့တွေ့မယ်ကွာ၊ ဖျောက်ဆိတ်အတွက် လက်စားချေရတာပေါ့၊ ဒီကောင့်dataတွေအကုန်လုံး ငါလိုချင်တယ် ညီညီ'

'OK ဒီကောင်က ဆရာဝန်တဲ့ကွ. . သူ့မိဘက Hi Boss တွေတဲ့၊ သူ့ရုပ်ရည်ကို ကြည့်ပြီး အထင်သေးရင် ခံသွားရမယ်နော်၊ ဒီကောင်က ရုပ်ကလေး နုသလောက် ပညာက ရင့်တယ် ဆရာ.



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆရာက အရင်တုန်းက နာမည်ကြီးလက်ဝှေ့သမား သံမဏိ. . တဲ့'

'သံမဏိဖြစ်ဖြစ်၊ သံရည်ပူဖြစ်ဖြစ် ငါ ဂရုမစိုက်ဘူးကွာ. . ဒီကောင့်ကို ငါကြည့်လို့ကို မရဘူး'

ငရဲမီး၏မျက်နှာတွင် အနိုင်ပန်းတွေဝေပြီး ပြုံးပျော်နေသည်ကို တုံးကျော်မှာ မုဒိတာ မပွားနိုင်ဘဲ မစ္ဆရိယစိတ်တွေ ဝင်ပြီး ကြိတ်မနိုင်ခဲမရဖြစ်နေသည်။

'စင်ပေါ်မှာ တွေ့လို့ကတော့ သူသေ ကိုယ်သေပဲ'

ငရဲမီးသည် ကြိုးဝိုင်းအတွင်းမှ ထွက်လာပြီး လှေခါးပေါ်မှ အောက်သို့ဆင်းလာသည်။

'ဟော့ကောင်. . ငရဲမီး၊ မင်းကို ငါ ဒီနေရာမှာ စိန်ခေါ်လိုက်ပြီ၊ နောက်တစ်လ ဒီလိုအချိန်မှာ ပြန်တွေ့မယ်၊ တစ်လနော်. . တစ်လ. . မင်းကို ငါ တစ်လအချိန်ပေးထားတာ ဟား. . ဟား. . ဟား'

မျက်လုံးအကြည့်တွေက စိမ်းသက်စွာ ဘလိုင်းကြီး လာရန်စနေသော သူ့ကို ငရဲမီးက သည်းခံလိုက်ပါသည်။

သူတတ်ထားသည့်ပညာတွေကအပြင်မှာရန်ဖြစ်ဖို့မဟုတ်၊ တကယ်လို့ မလွှဲမရှောင်သာ ရန်ဖြစ်ခဲ့ရင်တောင်မှ ထိုပညာကို ထုတ် မသုံးပါဘူးဟု ဆရာ့ထံတွင် သူသစ္စာဆိုထားရသည်။





မာမီကလည်းရန်ပြုလာရင် ရှောင်ရှားဖို့ အမြဲဆုံးမထားသဖြင့် သူသည်းခံပြီး ရှောင်ထွက်သွားဖို့ ကြိုးစားမိသည်။

'ဟ. . ဟော့ကောင်တွေ ကြည့်လည်းလုပ်ကြဦး၊ မင်းတို့ ငရဲမီးက အပျော့စားပဲကွ၊ ဒါနဲ့များ ငါ့သူငယ်ချင်းကို အနိုင်ရသွားတယ်လို့ကွာ. . လူကြားလို့မှမတော်'

လူကြားသူကြားထဲမှာ သူ့ကို တမင်ရန်စပြီး အရှက်ခွဲနေသူကို မှတ်လောက်သားလောက်ရှိအောင် ပညာပေးချင်လာသည်၊ သို့သော် သူလို ပွဲတိုင်း အနိုင်ယူခဲ့သူအဖို့ ကြိုးဝိုင်းပြင်ပမှာ ပြဿနာတက်လျှင် ဟိုးလေးတကြော်ဖြစ်ပြီး သူ့အလွန်က ကိုယ့်အလွန် ဖြစ်သွားနိုင်သည်။

စိတ်ကိုထိန်းကာ ပုံမှန်လေသံရဖို့ ကြိုးစားရင်း သူပြန်ပြောမိတာက

'ခင်ဗျားနဲ့ကျွန်တော် ကြိုးဝိုင်းထဲမှာပဲ တွေ့ချင်တယ်၊ ခင်ဗျား စိန်ခေါ်ထားသလို နောက်လ ဒီလိုအချိန်မှာ တွေ့ကြတာပေါ့'

'တောက်. . ခွေးမသားက လူပါးဝလို့ကွာ'

တုံးကျော်ဆိုတဲ့နာမည်က လက်ဝှေ့ထိုးသတ်တဲ့အခါ တုံးကျော်ပြီး အနိုင်ရစေဖို့ သူ့ဘာသာမှည့်ထားသောနာမည်ဖြစ်သည်။

ပြိုင်ဖက်တွေကို တုံးတွေ့ကျော်သလို ကျော်ဖြတ်ပြီး အနိုင်



www.burmeseclassic.com

www.burmeseclassic.com



ယူခဲ့တဲ့ တုံးကျော်။ အခုချိန်မှာ သူ့ခေါင်းထဲမှာ အနိုင်ယူလိုစိတ်ပြင်းပြပြီး အတွေ့ချင်ဆုံးပြိုင်ဖက်က ငရဲမီးဖြစ်သည်။

ငရဲမီး ဆိုတဲ့ ကောင်ကလည်း ခေသူ မဟုတ်။ ပြိုင်ပွဲတိုင်း အနိုင်ယူခဲ့သည့်ကောင်။ ငရဲမီးရဲ့ဘယ်ဝိုက်လက်သီးက နာမည်ကျော်သလို တုံးကျော်ရဲ့ညာဝိုက်လက်သီးကလည်း ပြိုင်ဖက်တိုင်းကို အလဲထိုးခဲ့လို့ နာမည်ကြီးလေသည်။

သူတို့နှစ်ယောက်လုံးရဲ့တူညီချက်က ကြိုးဝိုင်းထဲရောက်ရင် ပြိုင်ဖက်ရဲ့ဟာကွက်ကို ကျားချောင်းသလိုချောင်းပြီး ပိုင်ပြီဆိုမှ တစ်ချီတည်းနှင့် အလဲထိုးတတ်သည်။

ပင်ကိုယ်ဗီဇကိုက လက်ဝှေ့ကို ရူးသွပ်ပြီး အချိန်ပေးကာ လေ့လာဆည်းပူးကြိုးစားခဲ့သူ နှစ်ယောက်။

စိန်ခေါ်သူနှင့် စိန်ခေါ်မှုကို လက်ခံသူ နှစ်ယောက် ထိပ်တိုက်တွေ့တဲ့အခါ ဘာတွေဆက်ဖြစ်လာမှာလဲ။

အားလုံးက စိတ်ဝင်စားကြသော ထိုပြိုင်ပွဲ၏အနိုင်အရှုံးကို နောက်တစ်လအကြာမှာ သိရပါတော့မည်။

* * *





သူတို့ ရွာသူရွာသားတွေရဲ့ ကိုးကွယ်ရာ၊ အားကိုးရာ ဖြစ်တော်မူသော ရွာဦးကျောင်းဆရာတော်ကြီး ဦးပညာဝံသ နေထိုင်မကောင်းဖြစ်နေတာကြာပါပြီ။ တစ်ရွာလုံးက ဆရာတော်ကြီးရဲ့ကျန်းမာရေးအတွက် ရတက်မအေးကြဘဲ တတ်စွမ်းသမျှ ငွေအား လူ့အား ဒါနပြုကြပါသည်။

ဆရာတော်ကြီးက ဆေးရုံ မတက်ဘဲ ထိုကျောင်းမှာပင် ခန္ဓာဝန်ချမည်ဟု မိန့်ကြားသောကြောင့် အားလုံးမှာ စိတ်မကောင်းစွာဖြင့် ထိုင်ကြည့်နေကြရသည်။ တဖြည်းဖြည်း ရေဆွမ်းပင် ဘုန်းမပေးနိုင်သောအဆင့်သို့ ရောက်လာခဲ့သည်။

ရွာထဲက ဆေးမှူးနှင့် သူနာပြုဆရာမတို့လည်း တတ်အားသရွေ့ ကုသပေးကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာတော့ ဆရာတော်ကြီးက ဒေါ်ရင်ငွေ့ကို လူလွှတ်ပြီး ခေါ်ခိုင်းလေသည်။ ဒေါ်ရင်ငွေ့မှာလည်း တစ်နေ့ရွှေ တစ်နေ့ငွေ ကျန်းမာရေးမကောင်းပေမယ့် သူ့သားတွေ လာနိုးဖြင့် မျှော်လင့်ချက်ကလေးထားက အသက်ဆက်နေရသည်။

ဒေါ်ရင်ငွေ့သည် ရွာဦးကျောင်းရဲ့လှေခါးကို မနည်းအားယူပြီး တက်နေရသည်။ နှလုံးရောဂါက နှိပ်စက်တော့ အမောမခံနိုင်၊ စိတ်ထောင်းတော့ ကိုယ်ကြေဖြစ်ရသည်။

ဒေါ်ရင်ငွေ့က သူမ နေမကောင်းပေမယ့် ဘဘုန်းအိပ်ရာထဲမှာ လဲနေတာမြင်တော့ ရင်ထဲတွင် ဆို့နစ်လာသည်။

ဘဘုန်းက တစ်ရွာလုံးအပေါ်မှာ ကောင်းခဲ့သည်။ သားလေးတွေကိုလည်း ကောင်းစွာ ဆုံးမပဲ့ပြင်ခဲ့သည်။ တစ်ရွာလုံးရဲ့ပဲ့ကိုင်ရှင် ဘဘုန်းကို ကြည့်ပြီး ဒေါ်ရင်ငွေ့ ငိုမိပါသည်။

ရင်ဘတ်ထဲတွင် စူးပြီး အောင့်တက်လာသည်။

'အရှင်ဘုရား. . ဒေါ်ရင်ငွေ့ ရောက်ပါပြီ ဘုရား'

'မရင်ငွေ့. . နင့်သားလေး စုဘူး ပြန်မလာဘူးလား'

'မလာပါဘူး ဘုရား. . တပည့်တော်မ နေ့တိုင်း မျှော်နေပါတယ်၊ တစ်ယောက်မှ ပြန်မလာကြပါဘူး ဘုရား'

'စုဘူးရဲ့မွေးစားအဖေ ဆုံးသွားပြီတဲ့. . အမေက လေဖြတ်





ပြီး အိပ်ရာထဲမှာ လဲနေတာ. . ငါ့ဒကာတစ်ယောက်လာလို့ တလောကမှ ငါသိရတယ်ကွယ့်. . ဟောဒီမှာ သူတို့လိပ်စာ. . နင်သွားတွေ့လိုက်ဦး၊ အခု သူတို့ တော်တော်ပင်ပန်းနေတယ် ပြောတယ်'

စကားအရှည်ကြီး ပြောလိုက်ရလို့ ဘဘုန်း မောသွားပုံ ရသည်။ အသက်ကိုလုပြီး ရှူနေရသည်။ လက်မှာလည်း အပ်ထိုးပြီး ဆေးရည်ဘူးတွေ သွင်းထားသေးသည်။

'အရှင်ဘုရား မောနေပါ့မယ်၊ စကားမပြောပါနဲ့ ဘုရား. . တပည့်တော် သွားတွေ့ပါ့မယ်၊ စုဘူးလည်း အရွယ်ရောက်ပြီဆိုတော့ စဉ်းစားဉာဏ်ရှိမှာပါ ဘုရား၊ သူ ဘာလုပ်ရမလဲဆိုတာ သိပါလိမ့်မယ် ဘုရား'

'နင်ထင်သလို မဟုတ်ဘူးကွဲ့၊ နင့်ကျန်းမာရေးလည်း ဂရုစိုက်. . သွား. . ပြန်တော့'

ဘဘုန်း ဆိုလိုတာ ဒေါ်ရင်ငွေ့ သဘောမပေါက်ပါ။ နင်ထင်သလို မဟုတ်ဘူးဆိုတော့ စုဘူးက ဘာဖြစ်နေပြီလဲ။ ဘုရား. . ဘုရား. . ရင်တွေ ပူလိုက်တာ။ သားတွေကို တစ်သက်လုံး ဘေးကင်းရန်ကင်းရှိတယ်ထင်ပြီး စိတ်ချထားခဲ့တာ၊ ယုံကြည်ထားခဲ့တာ. . ဘာတွေ ဖြစ်ကုန်ပြီလဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရင်ငွေ့သည် သားဇောဖြင့် တစ်သက်နှင့် တစ်ကိုယ် မရောက်ဖူးသော ရန်ကုန်မြို့သို့ ရှိစုမဲ့စုငွေကလေးတွေ ကျစ်ကျစ် အောင် ဆုပ်ပြီး တက်လာခဲ့သည်။ တချို့ရောက်ဖူးတဲ့သူတွေ ပြော တာ ကြားဖူးပါသည်။

ရန်ကုန်ဆိုတဲ့အတိုင်း ပါလာသမျှ အကုန် ကုန်တာပဲတဲ့ ရန်ကုန်မှာ ခါးပိုက်နှိုက်တွေ သောင်းကြမ်းလွန်းလို့ ရွာပြန်ဖို့ လမ်း စရိတ်ပြောင်ပြီး ထိုင်ငိုရတဲ့သူတောင် ရှိသတဲ့။

ကြားဖူးနားဝနှင့်တင် ဒေါ်ရင်ငွေ့မှာ လန့်နေပြီ ဖြစ်သည် ရွာက ထွက်လာတုန်းက မြို့တက်ပြီး သူများညွှန်သောကားတက် ခဲ့တာ ရန်ကုန်ကိုတော့ ရောက်လာပါရဲ့။ ရန်ကုန်မြို့ပေါ် ခြေချလိုက် တာနှင့် ဘယ်သွားလို့ ဘယ်လာရမှန်းမသိဘဲ သောင်ပြင်လွတ်သည်





ဟိုဒင်းလို ကားလမ်းနံဘေးမှာ ဥဒဟိုသွားလာနေသောကားတွေကို ကြည့်ပြီး လမ်းဖြတ်မကူးရဲသဖြင့် ပေတေပြီး ရပ်နေမိသည်။

'တောသား မြို့တက်ဆိုတာ ငါ့ကိုပြောတာနဲ့တူတယ်'

သွားနေတဲ့ကားတွေကလည်း ပြိုင်ပွဲဝင်နေသလား အောက်မေ့ရသည်။ သားလေးစုဘူးကို တွေ့ချင်လို့လာတာ. . လမ်းဖြတ်ကူး လို့ မတော် ကားတိုက်မိပြီး သေသွားရင် တွေ့ရမှာတောင် မဟုတ် ဘူး။

ဒေါ်ရင်ငွေ့သည် မီးပွိုင့်မရှိသောနေရာတွင် လမ်းဖြတ်ကူး ဖို့ စောင့်နေမိသည်။ ကားတွေ အဆက်မပြတ်သွားနေသော လမ်း ပေါ်တွင် ကူးနေကျလူတွေကတော့ ကားအခြေအနေ ကြည့်ပြီး ဟို ဘက်လမ်းနံဘေးသို့ အပြေးကလေးကူးသွားကြသည်။

သူတို့မြို့သားတွေ ဘယ်လိုလုပ်တယ်ဆိုတာ အတုခိုးရမှာ ပဲ။ သူတို့ပြေးသလောက်တော့ ရင်ငွေ့တို့က ပျင်းတောင် ပျင်းသေး တယ်။ နောက်ကျတဲ့ ခြေထောက် သစ္စာဖောက်တဲ့။

ဒေါ်ရင်ငွေ့သည် အဝတ်ထုပ်ကို ခေါင်းပေါ်တင်ပြီး မျက်စိ ကို စုံမှိတ်ကာ တစ်ချိုးတည်းဖြတ်ပြေးတော့သည်။ ကားဟွန်းသံတွေ အဆက်မပြတ်ထွက်ပေါ်လာသည်။

'ဒီမိန်းမကြီးတော့ သေချင်နေပြီနဲ့တူတယ်. . . သေချင်ရင်



www.burmeseclassic.com

www.burmeseclassic.com



လွတ်ရာကျွတ်ရာမှာ သေပေ့ါ. . . ကျုပ်တို့ကို သက်သက် အမှုပတ်အောင် လုပ်နေတယ်'

ဘုရား. . ဘုရား. . ရိုင်းလိုက်တာ. . လူကြည့်တော့ ကိုယ့်သားလေးအရွယ်။ ဒါ မြို့သားတဲ့လား။ အပြောအဆို ယဥ်ကျေးမှုမရှိလိုက်တာ။

သားတွေရော. . မြို့ပေါ်မှာကြီးပြီး သူတို့လိုပဲ ယဥ်ကျေးမှုတွေ ပျောက်ဆုံးကုန်ပြီလား။ ရင်မောလိုက်တာ. . မြို့ပေါ်မှာ ကားတွေက ကျပ်၊ လူတွေက များပြီး မြင်မြင်သမျှရှုပ်ထွေးနေတော့ ရင်ထဲမှာ ကတုန်ကယင်ဖြစ်ပြီး ခေါင်းထဲက မူးဝေလာသည်။

သားကို တွေ့ချင်လွန်းလို့သာ. . နို့မို့ဆို ချက်ချင်း ရွာပြန်ပြေးသွားပြီ။

မူးပြီး လဲကျမသွားအောင် ထိန်းနေရသည်။ ပလက်ဖောင်းပေါ်မှာ အထုပ်ကလေးဘေးချထိုင်ပြီး အမောဖြေနေသော ဒေါ်ရင်ငွေ့ကို ကားပေါ်က လူတစ်ယောက်က လှမ်းမေးလာသည်။

'အဒေါ်ကြီး. . ဘယ်သွားမလို့လဲ၊ ကျွန်တော် လိုက်ပို့ပေးမယ်လေ'

ဘုရား သိကြားမ,လို့ သူတော်ကောင်းလေးနဲ့တိုးတာ ထင်ရဲ့။ လမ်းကြုံတင်ခေါ်မယ့်သူနဲ့ ဘာနဲ့။





ဒေါ်ရင်ငွေ့သည် သူမလက်ထဲမှ လိပ်စာရေးထားသောစာရွက်ကလေးကို လှမ်းပြလိုက်သည်။

'တက်. . အဒေါ်. . အဲဒီနေရာသွားမှာ မဟုတ်လား'

ကျေးဇူးရှင်လေး. . . ကျန်းမာပါစေ၊ ချမ်းသာပါစေတော်။ သူတော်ကောင်းမို့လို့သာ နတ်ကောင်း မ,တာပေ့ါ။ အဲဒီမှာ နောက်ထပ်ကားတစ်စီးကပါ ရပ်လာပြီး လှမ်းခေါ်ပြန်ရော။

'ဘယ်သွားမှာလဲ'

ဩော်. . မြို့ပေါ်မှာ ရင်ငွေ့တို့ မျက်နှာပွင့်နေလိုက်တာ။ ဟိုလူက ခေါ်၊ ဒီလူက ခေါ်နဲ့. . တန်တော့ သားတွေက ဆရာဝန်တွေ၊ စစ်ဗိုလ်တွေဖြစ်နေလို့ နေမှာ။

'ကျွန်တော် အရင် ခေါ်တာ. . . ဒီကားပေါ်ပဲ တက်လိုက် အဒေါ်ကြီး၊ သုံးထောင်ပဲ ပေး'

'ဘာ. . ပိုက်ဆံသုံးထောင်ပေးရမယ်. . ဟုတ်စ'

'ဟုတ်တယ်လေ. . ကားငှားစီးရင် တန်ရာတန်ကြေးတော့ ပေးရမှာပေ့ါ၊ ရန်ကုန်မြို့မှာ ဘာမှအလကားမရဘူး အဒေါ်ရေ'

ဒေါ်ရင်ငွေ့ ဒေါသထွက်လာသည်။

'အလကားမရလည်း ကြွပါတော်၊ သုံးထောင်တော့ မပေးနိုင်ဘူးတော်ရေ'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါဆို ဒီနေ့အဖို့ ပလက်ဖောင်းပေါ်မှာပဲ အိပ်လိုက်တော့ အဒေါ်ရေ'

ရိုင်းလိုက်တာ ကြည့်စမ်း။ ကြီးသူကို ရိုသေရမှန်းမသိ. . . ဘယ်လိုကလေးတွေပါလိမ့်. . . ဟုမေး ဒီမေးဖြင့် ပါးစပ်တစ်ပေါက် အရင်းပြုကာ ဘတ်စ်ကားစီးဖို့ ကားမှတ်တိုင် ဆိုတာကြီးကိုရှာရင်း လူက မူးနောက်လာသည်။ ဗိုက်ထဲမှာ အစာမရှိတော့ ရင်ဘတ်ထဲမှာ ဖလတ် ဖလတ်ဖြစ်ပြီး တုန်ချင်လာသည်။

ဗိုက်ဖြည့်ဖို့အတွက် လမ်းဘေးက အသည်တွေဆီ လျှောက်သွားပြီး ဟိုဟာ တစ်ပွဲ ဘယ်လောက်၊ ဒီဟာ တစ်ပွဲ ဘယ်လောက် အရင်မေးရသေးသည်။ ဘာမှအလကားမရဘူးဆိုတော့လည်း မေးရတာပေါ့။ ဈေးတွေကလည်း ကြီးလိုက်တာနော်။

စားဖို့အရေး နှမြောပြီး စားချင်စိတ်မရှိတော့။

သားလေးစုဘူးကိုလည်း တွေ့ချင်လှပြီ။ ကားမှတ်တိုင်ကို ရောက်အောင် လျှောက်ပြီး ကျောက်မြောင်းကို ဘယ်ကားစီးရသလဲ လို့လိုက်မေးရသည်။

သူတို့ကတော့ ကားနံပါတ်လား ဘာလား ပြောတော့ ပြောလိုက်တာပဲ. . ခက်တာက ကိုယ်မှ စာမတတ်တာ။ ကားတွေ ထိုးရပ်လာလိုက်. . လူတွေ တက်သွားလိုက် ဖြစ်နေချိန်တွင် သူတို့နောက်





လိုက်တက်ရနိုးကျန်ခဲ့ရနိုးနှင့် ဒေါ်ရင်ငွေ့တစ်ယောက် အကျပ်ရိုက်နေသည်။

ဗမာသမားတော်ကြီးတစ်ယောက်ဆီမှာ မေမေနုအတွက် ဆေးလာယူသော ဒင်နီယယ်သည် ကားတစ်စီး လာလိုက်. . ကျန်ခဲ့လိုက်ဖြစ်နေသော အဒေါ်ကြီးတစ်ယောက်ကို မြင်ပြီး စိတ်ဝင်စားစရာကောင်းလို့ စောင့်ကြည့်နေခဲ့သည်။

ဧကန္တ တောက တက်လာတဲ့အဒေါ်ကြီးလား မသိဘူး. . အချဉ်ဖမ်းဖို့ အမဲတော့ တွေ့ပါပြီ။ ဒီတစ်ခါ မိုးသူလိုမျိုး အယုံသွင်းပြီး အကုန်ယူပစ်လိုက်ဦးမယ်။

'ဒေါ်ဒေါ်. . ကားစီးမလို့ စောင့်နေတာလား'

မေးလာတဲ့သူငယ်လေးကရည်ရည်မွန်မွန်ကလေး. . မျက်နှာကလေးက ပြုံးလို့။

'အေးကွယ်. . အဒေါ် ကျောက်မြောင်းသွားချင်လို့၊ ဘယ်ကားစီးရမှန်း မသိလို့'

'ကျွန်တော်လည်း ကျောက်မြောင်းမှာနေတာ၊ လမ်းကြုံနေသားပဲ. . ကျွန်တော် လိုက်ပို့ပေးမယ် ဒေါ်ဒေါ်'

ဒေါ်ရင်ငွေ့သည် သနားကမားရုပ်ရည်လေးနှင့် မွန်ရည်လှသော သူငယ်လေးကို ကျေးဇူးတွေတင်လို့ မဆုံးတော့



www.burmeseclassic.com

www.burmeseclassic.com



'ရန်ကုန်က လိုင်းကားတွေ မစီးဖူးတော့ ဒေါ်ဒေါ်က သိချင်မှ သိလိမ့်မယ်နော်. . ခါးပိုက်နှိုက်တွေ သိပ်ကြောက်ဖို့ကောင်းတယ် သိလား၊ ဒေါ်ဒေါ့်ဆီမှာ ပိုက်ဆံတွေပါလာရင် ကျွန်တော့်ကို အပ်ထားပါလား၊ ကားပေါ်ကဆင်းမှ ပြန်ယူလေ'

ဒေါ်ရင်ငွေ့က ကောင်လေး၏မျက်နှာကို အကဲခတ်သလို ကြည့်ရင်း သူ့အိတ်ထဲကပိုက်ဆံကို ပေးသင့် မပေးသင့် စဉ်းစားနေသေးသည်။

'ဒေါ်ဒေါ့်သဘောနော်. . ကျွန်တော်က စေတနာနဲ့ ပြောတာပါ၊ ဟိုမှာ ကားလာနေပြီ ဒေါ်ဒေါ်'

ဒင်နီယယ်က သူ့ခွင်ထဲ ဝင်လာအောင် ပညာသားပါစွာဆွဲခေါ်လေသည်။

'ဟိုမှာတွေ့လား ဒေါ်ဒေါ်၊ လူတွေ ပြည့်ကျပ်နေတာ'

'ဟုတ်ပ တော်၊ ရော့. . သားလေး. . ဒေါ်ဒေါ့်ပိုက်ဆံတွေ ခဏအပ်ထားမယ်'

ပိုက်ဆံ ငါးထောင်က သူ့လက်ထဲ ရောက်လာပြီ။ မဖြစ်စလောက်လေးဆိုပေမယ့် မေမေနူအတွက် ဆေးဖိုးတော့ ရလောက်သည်။ ခုတစ်လော ခွင်ကြီးတွေ ပျောက်နေတာကြာပြီ။ တစ်ခုမှကို အလုပ်မဖြစ်တော့ လက်ထဲမှာ ရေက ခန်းနေပြီလေ။





'ဒေါ်ဒေါ်. . လာ. . ကားပေါ်တက်မယ်'

ခွင့်လွှတ်ပါတော့ဗျာ။ ကိုယ့်အမေအရွယ်မှန်း သိပေမယ့် အိမ်က အမေက ပိုအရေးကြီးနေလို့ပါ။

ဒင်နီယယ်သည် ဒေါ်ရင်ငွေ့ကို ကားပေါ်သို့တွန်းတင်ပေးလိုက်ပြီး လူကြားထဲမှာ ရောယောင်ကာ ချန်နေရစ်ခဲ့သည်။

ကားထွက်သွားတော့မှ သူ သတိရသည်။ ဟိုမိန်းမကြီးဆီမှာ ငွေအပိုမှ ပါပါ့မလား။ တော်ကြာ ရွာပြန်ဖို့ စရိတ် မရှိရင် ဘယ်လိုလုပ်မလဲ။ ဒီအဒေါ်ကြီးကို သားကောင်အဖြစ် ရွေးလိုက်တာ မှားများ မှားသွားပြီလား။

ဒင်နီယယ့်ဘဝမှာ အလုပ်တစ်ခုကို လုပ်ပြီး နောင်တရနေတယ်ဆိုတာမျိုးမရှိပေမယ့် ဒီတစ်ကြိမ်မှာတော့ နောင်တရချင်သလို နောက်ပြန်လှည့်ချင်သလိုဖြစ်နေသည်။

ရှိတဲ့လူဆီက ယူတာ အကြောင်းမဟုတ်ပေမယ့်. . အဒေါ်ကြီးပုံစံက ချို့တဲ့တော့. .

အဒေါ်ကြီးပေးသွားသော ပိုက်ဆံကို ကိုင်ပြီး မှိုင်တွေနေသော ဒင်နီယယ်. . .

* * *



www.burmeseclassic.com

www.burmeseclassic.com



ပြည့်ကျပ်နေသော လူတွေကြားထဲမှာ ဟိုကောင်လေးကို ကျိုးကန်းတောင်းမှောက်ရှာရင်း ပါမလာမှန်းသိတော့မှ သူမ အလိမ်ခံရလိုက်ရပြီဆိုတာ သိလိုက်ရသည်။

ကိုယ်မသိတဲ့သူစိမ်းတွေရဲ့အလယ်မှာ ဒုက္ခလှလှကြီးတွေ့ပါရောလား။

သား ဆိုတာ အား. . တဲ့။ ကိုယ့်နံဘေးမှာ သားတွေ တစ်ယောက်မှမရှိတော့ ဘယ်လိုပဲ အားတင်းထား တင်းထား၊ မျက်ရည်က စို့ချင်လာသည်။

ဒီတစ်ခါလောက် သားတွေကို တမ်းတမိတာ မရှိတော့ပါ။

'ဟိုဘက်က အဒေါ်ကြီး. ပိုက်ဆံအကြွေလေး ထုတ်ထားမယ်'





ပိုက်ဆံ. . . ပိုက်ဆံနဲ့ တူတာဆိုလို့ တစ်ရွက်မှကို မကျန်တော့တာ။ ရှက်လည်း ရှက်၊ အားလည်း ငယ်မိသည်။

စပယ်ယာက ပိုက်ဆံထုတ်မပေးနိုင်သော ဒေါ်ရင်ငွေ့ကို စကားလုံးကြမ်းကြမ်းတွေနဲ့ ပစ်ပေါက်တော့သည်။

'ကားခ မပေးနိုင်ဘဲနဲ့ ခင်ဗျားမို့လို့ မျက်နှာပြောင်တိုက်ပြီး လိုက်စီးရဲတယ်နော်'

အားလုံးရဲ့ အကြည့်တွေက ဒေါ်ရင်ငွေ့ဆီမှာ လာဆုံနေသည်။ ဝမ်းနည်းလွန်းလို့ အသံတွေတောင် တုန်လာသည်။

'ဒေါ်ဒေါ့်မှာကားခပါလာပါတယ်ကွယ်၊ ကားပေါ်တက်ခါနီးကျမှ ကောင်လေးတစ်ယောက်က သူလိုက်ပို့မယ်ဆိုလို့ ခဏအပ်ထားမိတာ၊ ကားခက သူ့ဆီမှာ ပါသွားပြီ'

ဒေါ်ရင်ငွေ့ကို သနားလို့လား၊ စာနာလို့လား မသိ။ ဘေးနားက ကောင်မလေးတစ်ယောက်က ကားခထုတ်ပေးလိုက်သည်။

ကိုယ့်အမေလောက်ရှိတဲ့ အရွယ်ကိုမှ မညှာမတာ အယုံသွင်းပြီး လုပ်ရက်လေခြင်း။ ရှာပြန်ဖို့ စရိတ်မရှိတော့သလို သားလေးစုဘူးဆီသွားဖို့အားလည်း မရှိတော့ပါ။

ဝမ်းလည်း နည်းသလို အားလည်း ငယ်မိသည်။

သန်တုန်း မြန်တုန်း တက်လူအရွယ် လူငယ်ကလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က သူမလို အသက်အရွယ်ကြီးရင့်နေပြီဖြစ်တဲ့ ကျလူ တစ်ယောက်ဆီက ပိုက်ဆံကို ဒီလိုပဲ လိမ်ညာ လှည့်ဖျားပြီး ယူရသတဲ့လား။ ရေသာခိုအချောင်ရယူလိုတဲ့စိတ်က ကလေးတွေဆီမှာ ဘယ်လောက်များ ကိန်းအောင်းနေပြီလဲ။

ဒေါ်ရင်ငွေ့သည် နှစ်ပေါင်းများစွာ ကောင်းသောရှုထောင့်မှသာ တွေးခဲ့ဖူးသည်။ သားကလေးတော့ သူမရင်ခွင်နှင့် ဝေးနေစဉ်အတွင်းမှာ တိုးတက်မြင့်မားပြီး ဘဝအခြေအနေတင့်တယ်မည်ဟုသာ တစိုက်မတ်မတ် တွေးထင်ထားခဲ့သည်။

ယခု မျက်မြင်ကိုယ်တွေ့ ကြုံလိုက်ရသော အတွေ့အကြုံကြောင့် တစ်ကြိမ် တစ်ခါမှ မတွေးဖူးသော အတွေးတွေ သူမခေါင်း ထဲ စုပြုံတိုးဝင်လာသည်။

အဲဒါကတော့ ငါ့သားလေးတွေ ခုနက ကလေးတွေလိုများဖြစ်နေခဲ့လား. . .

အတွေးကလေးတစ်ချက် ဝင်လာတာနှင့်တင် ရင်ထဲမှာပူ လောင်လာသည်။

ကံကောင်းထောက်မစွာဖြင့် သူမလက်ထဲမှာ စုဘူး နေတဲ့အိမ်လိပ်စာ ရေးပေးလိုက်သော စာရွက်ကလေး ကျန်နေခဲ့သေးသည်။





ဘဘုန်းက သူမ စာမတတ်မှန်း သိ၍ ထိုစာရွက်ကလေးမပျောက်ပါစေနှင့်ဟု အထပ်ထပ်မှာလိုက်ပါသည်။

'ရင်ငွေ့ရေ. . . ဒီစာရွက်ကလေး ပျောက်ရင် စုဘူးနဲ့ နင်ဒီတစ်သက်တွေ့ရမှာ မဟုတ်တော့ဘူးနော်၊ မပျောက်အောင် သေချာသိမ်းထား'

ဘဘုန်း မိန့်သလိုပါပဲ။သတိသာ မထားမိရင် ပါသွားတော့မလို့။ ခုတော့ သားဆီသွားဖို့ လိပ်စာကလေး ကျန်နေသေးတာပဲ။ ဘာလိုသေးလို့လဲ. . သားဆီရောက်ရင် အားလုံးအဆင်ပြေသွားမှာ။

ရင်ငွေ့မှာ အားကိုးစရာ သားကလေး စုဘူး ရှိနေသေးတာပဲ။ ရွာမပြန်ရလည်း ဘာအရေးလဲ။ သားရဲ့မွေးစားအမေကို စောင့်ရှောက်ရင်း၊ ပြုစုရင်း သားအနားမှာပဲ နေပစ်လိုက်မှာပေါ့။

သိပ်မကြာခင်မှာသူ့သားနဲ့ တွေ့ရမယ်ဆိုတဲ့. . အသိတွေကြောင့် ဒေါ်ရင်ငွေ့ခမျာ ပျောက်နေတာကြာပြီဖြစ်တဲ့ အပျော်လေးတွေ ပြန်ရလာပြီး တက်တက်ကြွကြွလေး ဖြစ်လာသည်။

ကားခအလှူရှင်ကောင်မလေးကို ကျေးဇူးတင်သလိုမသွား တတ် မလာတတ်မို့ အကူအညီတောင်းရသေးသည်။

ကောင်မလေး ပြောတဲ့ မှတ်တိုင်မှာ ဆင်းပြီး ဟိုမေးဒီစမ်းလုပ်ရင်း သားလေးနေတဲ့လမ်းထဲကို ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရတာကြာပြီဖြစ်တဲ့သားမျက်နှာလေးကို မှန်းဆရင်းရင်တွေ ခုန်လာသည်။ နှလုံးခုန်မြန်ပြီး မောဟိုက်လာသည်။

သားလေးကြိုက်တတ်တဲ့ ငါးခူကြော်နှပ်ကလေး ချက်ကျွေးရဦးမယ်. . မေမေလာပြီ သားရေ. . .

သားတို့မြို့ပေါ်ကအိမ်တွေများ မြင့်မားလိုက်ကြတာ. . . ရွာမှာလို အိမ်ရှေ့ရောက်ပြီဆိုတာနှင့် ကောက်ဝင်သွားလို့မဖြစ်။ လှေခါးထစ်တွေကို တက်ရသေးသည်။ နဂိုကမှ မောနေသော ဒေါ်ရင်ငွေ့မှာအသက်ရှူမဝသလိုရင်ဘတ်ထဲမှာ ဆွဲပြီးဆုပ်ထားသလို ကျပ်လာသည်။

သားဖောကပ်နေပြီမို့ ကြိုးစားပြီး ရောက်အောင် တက်ခဲ့ရသည်။ မောလိုက်တာများ အသက်ထွက်သွားမလား ထင်ရသည်။

သားလေး အိမ်ထဲမှာ ရှိနေပါစေ။ သားမျက်နှာကလေးကို တန်းပြီးတွေ့ရပါစေဘုရား။ ဒေါ်ရင်ငွေ့က ကြိတ်ပြီး ဆုတောင်းရင်း တံခါးကို ခေါက်လိုက်သည်။

'ဒေါက်. . ဒေါက်. . ဒေါက်'

မေမေနုကို ထမင်းခွံ့ကျွေးနေသောဒင်နီယယ်က တံခါးထဖွင့်ပေးသည်။တံခါးဝမှာပေါ်လာတာကသူဘတ်ခဲ့သော တောထအဒေါ်ကြီးမျက်နှာ။ရုတ်တရက်ဆိုတော့ကြောင်ပြီးကြည့်နေခဲ့သည်။





'မင်း. . မင်းက ဒီအိမ်ကလား'

'ဟုတ်ပါတယ် ဒေါ်ဒေါ်. . . ပိုက်ဆံ ပြန်လာတောင်းတာလား'

ဒင်နီယယ်က ခပ်တည်တည်ပင် ပြန်မေးသည်။

'ဒါ မမနုတို့အိမ် မဟုတ်လား'

'ဒေါ်ဒေါ်က မေမေနုဧည့်သည်လား. . ဒါဆို လာလေ. . မေမေနုက လေဖြတ်ထားလို့ လမ်းမလျှောက်နိုင်တာကြာနေပြီဗျ'

'ဒါဆို. . ဒေါ်ဒေါ့်သားလေးစုဘူးရောဟင်. . သူနဲ့ တွေ့ပါရစေကွယ်'

စုဘူး ဆိုပါလား. . ဘုရား. . ဘုရား. . ဒီမိန်းမကြီးက ငါ့အမေများလား။ တစ်လောကလုံး ဖောက်ထိုးတွေ ဖြစ်ကုန်ပြီလား။ ကိုယ့်အပြစ်နှင့်ကိုယ်မို့ စုဘူးဟာ ကျွန်တော်ပဲလို့ ဖွင့်မပြောရဲအောင်ကို သွေးကြောင်နေမိသည်။

ကိုယ့်ဘဝနှင့်ကိုယ် နေသားကျနေပြီပဲ။ မေမေ. . ဘာလာလုပ်တာလဲ။

'စုဘူးဆိုတဲ့ကောင်က သူ့အမေကို ဒီတစ်သက်မတွေ့ချင်တော့ဘူးတဲ့. . ပြန်ပါတော့ဗျာ. . ရော့ ဒီမှာ အဒေါ့်ပိုက်ဆံတွေ. . ပြန်ယူသွားပါ'



www.burmeseclassic.com

www.burmeseclassic.com



သူဟာ စုဘူးပါလို့ ဖွင့်မပြောပေမယ့် မိခင်တစ်ယောက်ရဲ့ မေတ္တာစိတ်ဖြင့် ဒီကဇလေးဟာ သူမ သားမှန်း ဒေါ်ရင်ငွေ့ သိသွားပါပြီ။

'သား. . . သားလေး. . . မေမေလေ. . မေမေ့ကို မမှတ်မိတော့ဘူးလားဟင်'

'ဟုတ်တယ်. . မမှတ်မိတော့ဘူး၊ တကယ်လို့ မှတ်မိခဲ့ရင်လည်း မှတ်မိတဲ့ အဲဒီမှတ်ဉာဏ်ကို တစ်စစီဆွဲထုတ်ပစ်လိုက်မယ်. . ရှင်းလား'

'မေမေ့ကို အဲဒီလောက်တောင် နာကြည်းနေပြီလား သားရယ်'

'မြင်တယ် မဟုတ်လား၊ ကျွန်တော့်ဘဝ အခု ဘာဖြစ်နေသလဲဆိုတာ မြင်ပြီ မဟုတ်လား. . ဒီလောက်ဆို ကျေနပ်ပါတော့ဗျာ၊ ဖြစ်ချင်တာက ဆရာဝန်၊ ဖြစ်နေတာက ခါးပိုက်နှိုက်. . သွားပါတော့ တောင်းပန်ပါတယ်ဗျာ. . သွားပါတော့. . အား. . '

အာခေါင်ကို ခြစ်ကာ အရူးကြီးတစ်ယောက်လို အော်နေသောသား. . အမေကို ရန်သူတစ်ယောက်လို စိမ်းစိမ်းကားကားနှင့် ငြိုးမာန်ဖွဲ့လေသလား သားရယ်. .

သားလေး ဒီလိုဘဝကို ရောက်အောင် မေမေ တွန်းပို့ခဲ့တာ





မဟုတ်ပါဘူး။ မေမေ့စေတနာတွေကို သား နားမလည်လည်း မေမေ ခွင့်လွှတ်နေမှာပါ။

မေမေ့သားလေးစုဘူးက ဆရာဝန် မဖြစ်ခဲ့ဘူးပေါ့။ ကားတွေ ထည်လဲစီးနိုင်တဲ့ လုပ်ငန်းရှင်သူဌေးကြီး မဖြစ်ခဲ့ဘူးပေါ့. . ဒါဆို ဘာဖြစ်သွားတာလဲ. . ကမ္ဘာကျော်မယ့် ခါးပိုက်နှိုက်ကြီးလား. . ဟုတ်လား. .

'မှားပြီ. . မေမေ မှားသွားပြီ သားရယ်. . ငါ့သားလေး ဒီလိုလမ်းမှားရောက်မယ်မှန်းသိရင် မေမေ့ရင်ခွင်ထဲမှာပဲ ထားပြီး လိုသလို ပုံသွင်းယူမှာပေါ့. . ခုတော့ သားရယ်. . '

မချိတင်ကဲ ဆိုရင်း ဒေါ်ရင်ငွေ့အသံတွေ တုန်လာသည်။ မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့်ကျဆင်းလာသည်။

'ခုချိန်ကျမှ ခင်ဗျား လာပြန်ခေါ်လည်း ကျွန်တော် မလိုက်နိုင်တော့ဘူး. . ပြန်ပါတော့ဗျာ'

ခရီးဝေးက လိုက်လာရတဲ့အမေကို မသနားတော့ဘူးလား။ မေမေ့ပိုက်ဆံတွေယူသွားလို့ ဘာမှမစားရဘဲ ဗိုက်ဟောင်းလောင်းဖြစ်နေတာကိုရော သား မသိတော့ဘူးလား. . ရက်စက်လိုက်တာ သားရယ်။

တင်းထားသမျှ စိတ်ဓာတ်တွေက အဆုံးစွန်အထိ ကျဆင်း



www.burmeseclassic.com

www.burmeseclassic.com



သွားတော့သည်။ ရင်ထဲမှာ တုန်ခါပြီး မောဟိုက်လာသည်။ နဂိုနှလုံး ရောဂါအခံရှိသော ဒေါ်ရင်ငွေ့ အမောဖောက်လာလေသည်။ သား မျက်နှာလေးကို ဝအောင်ကြည့်ပြီး ပြန်ဖို့ အားယူလိုက်သည်။

'သား. . သားလေး. . . မေမေ သွားတော့မယ်. . လိမ္မာပါ သားရယ်. . ပြန်ပြီး ပြုပြင်လို့ရပါတယ်. . မေမေ့သားတွေကို မေမေ တို့နေခဲ့တဲ့ လယ်စောင့်တဲလေးကနေ စောင့်နေမယ်နော်. . အနှစ်နှစ် ဆယ်လောက် လွမ်းခဲ့ရတဲ့ သားမျက်နှာလေးကို ဝအောင် ကြည့်သွား ပါရစေကွယ်. .'

ရင်ထဲမှာရှိသမျှကို ဖွင့်အန်ထုတ်လိုက်ပြီးနောက် လှေခါး ထိပ်ဆီအရောက်မှာ. . ဒေါ်ရင်ငွေ့သည် အောက်သို့ ပြုတ်ကျသွား တော့သည်။

မေမေလို့ခေါ်ဖို့ ရင်လေးနေသော စုဘူးသည် မျက်စိရှေ့ မှာဖြစ်ပျက်သွားသော မြင်ကွင်းကြောင့် စိတ်တွေပူပြီး မသိစိတ်က ပေါ်ပေါက်လာသော သားတစ်ယောက်၏ချစ်ခြင်းဖြင့် ဒေါ်ရင်ငွေ့ ဆီ ပြေးသွားမိရင်း

'မေမေ. . မေမေ'

ဟု စိုးရိမ်တကြီးအော်ခေါ်ရင်း အမေ့ကိုယ်လေးကို ပွေ့ချီ ကာ လှေခါးထစ်တွေကို ဖြတ်နင်းကာ ပြေးဆင်းလာမိသည်။





ဖြစ်ပျက်သွားသောအခြေအနေတွေက အချိန်းကို မြန်ဆန် လွန်းနေသည်။ စုဘူးသည် အမေ့ကို ပုဂ္ဂလိကဆေးရုံတစ်ရုံသို့ခေါ် သွားပြီး ပြပေးသည်။ အမေ့ကို CCU (Coronary Care Unit) နှလုံးကြပ်မတ်ကုသဆောင်တွင် တင်လိုက်ရသည်။ အရောက်မြန်လို့ အမေ အသက်ရှင်တာတဲ့လေ. .

ဒင်နီယယ်က အမေ့လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ် ထားသောစာရွက်ကလေးကို ယူကြည့်မိသည်။ သူ့လိပ်စာနှင့်အတူ ဒေါက်တာသန့်စင်၏ဖုန်းနံပါတ်တစ်ခုကို တွေ့လိုက်ရသည်။ ဒီ နာ မည်ကိုသူကြားဖူးနေသည်။ကိုကိုစာဝါနှင့်များ ပတ်သက်နေမလား။ ကိုကို့ကို မွေးစားဖို့ခေါ်သွားတာ ဆရာဝန်တစ်ယောက်ဆိုတာ သူ မှတ်မိနေသေးသည်။

မေမေ့အခြေအနေကအကောင်းကြီးမဟုတ်သေးတော့. . ကိုကိုစာဝါနှင့်အဆက်အသွယ်ရရင် ကောင်းမှာပဲ. . မေမေက သူ့ သားကြီးကို သိပ်ချစ်ရှာတာ. .

ဒင်နီယယ်က သူ့အစ်ကိုနှင့် အဆက်အသွယ် ရလိုရငြား ဒေါက်တာသန့်စင်ဆီ ဖုန်းခေါ်ကြည့်လိုက်သည်။ တစ်ဖက်မှဖုန်းပြန် ထူးသံကြားရသောအခါ

'အန်ကယ်က ဒေါက်တာဦးသန့်စင်လား ခင်ဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်'

'အန်ကယ့်ကို တစ်ခုလောက်မေးခွင့်ပြုပါ'

'ဘာများ မေးချင်လို့လဲကွဲ့'

'ဒေါ်ရင်ငွေ့ကို သိပါသလား အန်ကယ်၊ (   )ရွာကလေ'

'ဒေါ်ရင်ငွေ့ဆိုတာ သားလေးစာဝါတို့အမေ မဟုတ်လား၊ သူက အခုဘယ်မှာလဲ'

ထခုန်မိမတတ် ဝမ်းသာမိသူက ဒင်နီယယ် ဖြစ်သည်။ မမျှော်လင့်ဘဲ ကိုကိုစာဝါနှင့်ပြန်တွေ့ခွင့်ရတော့မည်။

'အန်ကယ်. . ကျွန်တော်က ကိုကိုစာဝါရဲ့ညီ စုဘူးပါခင်ဗျ၊ ကိုကို့ကို ကျွန်တော် အရမ်းသတိရနေတယ်လို့ ပြောပေးပါလား အန် ကယ်. . အခု မေမေက heart attack ရလို့ (   )ဆေးရုံမှာ တင် ထားရတယ်'

'ဟာ. . ဟုတ်လား၊ ဒါဆို အန်ကယ် ခုပဲ သားကြီးကို ခေါ်ပြီး လာခဲ့ပါ့မယ်'

'ကျေးဇူးတင်ပါတယ် အန်ကယ်၊ ကျွန်တော် စောင့်နေပါ့မယ်'

မျှော်လိုက်တာ ကိုကိုရာ. . .

ကိုကိုက ခုချိန်လောက်ဆို ခန့်ချောကြီး ဖြစ်နေလောက်





ရောပေါ့။ ငယ်ငယ်ကတည်းက ကိုကိုစာဝါက ချောပြီးသားလေ. . ကောင်းကင်မှာ ကြယ်တွေ စုံတိုင်း ကိုကို့ကို လွမ်းသလို ညီလေးတွေကို တမ်းတခဲ့ရတဲ့ ကောင်ပါကွာ. .

ဒါပေမယ့် သိပ်မကြာတော့ပါဘူး. . တို့ညီအစ်ကိုတွေ ပြန်ဆုံရတော့မှာပါ. . . ကိုယ့်ယုံကြည်ချက်နဲ့အတူ မျှော်လင့်ရဦးမှာပဲလေ. . . .

* * *



www.burmeseclassic.com

www.burmeseclassic.com



စာဝါသည် ဒယ်ဒီခေါ် လို့ ထလိုက်လာခဲ့ရပေမယ့် ဆေးရုံရောက်တော့ သူ့မှတ်ဉာဏ်ထဲမှာ တစ်သက်မမေ့နိုင်သည့် ခါးပိုက်နှိုက်တစ်ကောင်၏မျက်နှာကို ကျက်သရေမရှိစွာ တွေ့လိုက်ရသောအခါ သွေးတွေက ချက်ချင်းပင် ဆူလာသည်။ မိုက်သွေးတွေ ကြွလာသည်။

ဘာမပြော ညာမပြောဖြင့် စာဝါက ဒင်နီယယ်၏မျက်နှာကို ဆွဲပြီး ထိုးပစ်လိုက်သည်။

'ငါ့ပိုက်ဆံအိတ် နှိုက်တဲ့ကောင်. . ကဲကွာ. . စာဝါတဲ့. . မင်း ငါ့ကို တစ်ခါပဲ ကျောလို့ရမယ်ကွ. . ဟောကောင်. . ထစမ်း'

နှုတ်ခမ်းမှသွေးတွေကို သုတ်ရင်း ဒင်နီယယ် ပြန်ထ,လာ





သည်။ သူလည်း ယောကျ်ားပျိုလေးပဲ. . အရှက်ဆိုတာ ရှိသေးတာပေါ့. . လူပုံအလယ်မှာခါးပိုက်နှိုက်လို့ပြောပြီး ဆွဲထိုးခံရတာလောက် ရှက်စရာကောင်းတာ ရှိပါဦးမလား။

ဒေါက်တာသန့်စင်လည်း ကြောင်ပြီး သတိလက်လွတ်ဖြစ်နေရာမှ စာဝါကို ဝင်ဆွဲပြီးထိန်းလိုက်ရသည်။ စာဝါအတွက် ရန်ဖြစ်ရတာ သိပ်မဆန်းပေမယ့်. . သူ့အတွက်ကတော့ ဒီလိုဆေးရုံမျိုးမှာ သူတပည့်တွေ များစွာရှိနေတာမို့ ရှက်ဖို့ ကောင်းပါသည်။

'မဆွဲနဲ့ ဒယ်ဒီ. . ဟိုတစ်ခါက ဒယ်ဒီဆေးဝယ်ခိုင်းတဲ့ ပိုက်ဆံတွေ ဒီကောင် နှိုက်သွားတာ'

'မင်းမှာ လူစိတ်မရှိဘူးလား. . ရတယ် ဟောကောင် သတ္တိရှိရင် one by one ပဲ. . ကြိုက်တဲ့နေရာရွေး'

လုံခြုံရေးတာဝန်ယူထားသူတွေ ရောက်လာပြီး ဆေးရုံမှာ ရန်မဖြစ်ဖို့ လာပြီး တားမြစ်ကြသည်။

သူနာပြုဆရာမလေးတစ်ယောက်က

'ဒေါ်ရင်ငွေ့ရဲ့လူနာရှင် ရှိပါသလားရှင်. . ဒေါ်ရင်ငွေ့ရဲ့ လူနာရှင် ဘယ်မှာလဲ'

ဆိုပြီး မေးသံကြားရသည်။ စာဝါက မေမေ့နာမည် ကြားလိုက်ရ၍ အံ့သြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒင်နီယယ်က

'ရှိပါတယ် ခင်ဗျ. . ကျွန်တော်ပါ. . မေမေ ဘာများဖြစ်လို့လဲဟင်'

'ရှင့်အမေ သတိပြန်ရလာပြီ. . လာ. . မြန်မြန်လိုက်ခဲ့'

ဦးသန့်စင်လည်း အခုမှ ဆက်စပ်ပြီး တွေးကြည့်လို့ရတော့သည်။ ဒါဆို ဒီကောင်လေးက သူ့ဆီ ဖုန်းဆက်တဲ့. . စုဘူး ဆိုတာများလား. .

'ခဏ. . ခဏနေပါဦး. . သားက စုဘူးဆိုတာလား'

'ဟုတ်ပါတယ်. . အန်ကယ်က ဒေါက်တာသန့်စင်လား. . ဒါ. . ဒါဆို. . ကိုကိုရော. . ကိုကိုစာဝါ ဘယ်မလဲဟင်'

ဘုရား. . ဘုရား. . ငါထိုးလိုက်တာ ငါ့ညီဆိုပါလား။ စုဘူး ညီလေး စုဘူး တဲ့။ ဖြစ်မှဖြစ်ရလေ ညီလေးရာ. . ကိုကို့ညီလေးက ဆရာဝန်သိပ်ဖြစ်ချင်တာ. . အခု ဘာတွေဖြစ်ကုန်တာလဲ. .

ဝမ်းနည်းစိတ်၊ ယူကြုံးမရစိတ်တွေက သူ့ရင်ထဲမှာ ပြည့်သိပ်နေသည်။ ညီလေးကိုခေါ်ဖို့ သူ မနည်းအားယူနေရသည်။

'ညီ. . ညီလေး. . ညီလေးရေ. . စုဘူး'

'ကိုကို. . ကိုကိုစာဝါ'

ညီအစ်ကိုနှစ်ယောက် ဖက်ပြီး ငိုမိကြသည်။





လူမမယ်အရွယ်လေးကတည်းက ခွဲခွာခဲ့ရတဲ့ ညီလေးကို ဒီလိုပုံစံ၊ ဒီလိုအဖြစ်မျိုးနှင့် ပြန်တွေ့ရလိမ့်မယ်လို့ အိပ်မက်တောင် မမက်ခဲ့ဖူးဘူး။

'ကိုကို. . . ကိုကို လုပ်ပေးထားတဲ့ ချိုးရုပ်ကလေး ညီလေး သိမ်းထားတာ ခုထိရှိသေးတယ် သိလား'

'ကိုကိုလည်း ညီလေးအတွက် မှန်းပြီး ဝယ်ထားတဲ့ အင်္ကျီလေးတွေသိမ်းထားတယ်. . ညီလေး နာသွားလားဟင်. . အဖြစ်ဆိုးလှချည်လား ညီလေးရာ'

စုဘူး၏လက်တစ်ဖက်ကို ကိုင်ပြီး မျက်ရည်တွေ စီးကျနေသော စာဝါ။

'ညီလေးရှေ့မှာ ကိုကိုတစ်ယောက်လုံးရှိနေပြီပဲ. . ညီလေး ကြိုးစားမှာပါ ကိုကို. . မေမေ့ဆီသွားရအောင်နော်'

ဒေါက်တာသန့်စင်က ဒေါ်ရင်ငွေ့ကိုနှုတ်ဆက်လိုက်သည်။

'ကျွန်တော့်ကို မှတ်မိရဲ့လား မရင်ငွေ့. . ဟိုမှာ ကြည့်စမ်းပါဦး. . ဘယ်သူလဲလို့'

စုဘူးဘေးမှာရပ်နေတဲ့သူဟာ သားကြီးစာဝါပဲ. . ဟုတ်ပါတယ်. . စာဝါမှစာဝါအစစ်။ သားကြီးက ငယ်ရုပ်အခံနှင့်သိပ်မပြောင်းသွားသည့်အတွက် ရုပ်ဖမ်းရတာ လွယ်ကူပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'သား. . စာဝါ. . သားမေမေကို ဂါရဝ်ပြုလိုက်ဦးလေ'

စာဝါက ပေပြီးရပ်နေသည်။ အမေကို နာကြည်းနေသမျှ နှုတ်မှ မေမေလို့ခေါ်ဖို့ရာ အင်မတန်မှဝန်လေးနေမိသည်။

ကျွန်တော့်ဘဝက လူတကာ သတ်မှတ်ထားတဲ့. . လူမိုက် အပေအတေတစ်ယောက်. . ညီလေးဘဝက လမ်းပေါ်က ခါးပိုက်နှိုက်. . ကျန်တဲ့ညီလေးတွေကရော ဘာတွေဖြစ်ကုန်ပြီလဲ. .

ဒါတွေအားလုံးကို မေမေဖန်တီးယူခဲ့တာပဲ။ မေမေ့ကြောင့်မဟုတ်ရင် ဘယ်သူ့ကြောင့်လဲ။

'မေမေ့ဆီ လာပါဦး သားရယ်'

လေသံယဲ့ယဲ့လေးဖြင့် ဒေါ်ရင်ငွေ့က လက်ယပ်ပြီးခေါ်ရှာသည်။ဒေါ်ရင်ငွေ့၏အခြေအနေကိုကြည့်ပြီးဦးသန့်စင်ကစာဝါ အကြောင်းသိပ်မပြောချင်ပေ။ နှလုံးရောဂါဆိုတာ. . . အချိန်မရွေး ထဖောက်နိုင်တာ မဟုတ်လား။ သူ့မသား စာဝါသာ ဆယ်တန်းမအောင်ဘဲ လူဆိုးလေးဖြစ်နေတာများ သိခဲ့ရင် ပိုပြီး ရင်ထုမနာဖြစ်ရှာမှာ။မရင်ငွေ့ကသူ့သားလေးကို သိပ်ပြီး မြင့်မားစေချင်တာလေး

ဦးသန့်စင်သည် စာဝါကို အောင်မြင်အောင် ပုံဖော်မပေးနိုင်သည့်အတွက် တာဝန်မကျင်းသလို ခံစားရသည်။

စာဝါက ဒေါ်ရင်ငွေ့အနားမှာ ခြေစုံချပြီ ရပ်လိုက်သည်။





'မေမေ့ကို မုန်းနေပြီလား သားရယ်၊ မေမေ ဘာမှထပ်မသိချင်တော့ဘူး၊ သိဖို့ အင်အားမရှိတော့ဘူး သား၊ မေမေ အိမ်ပြန်ချင်ပြီ. . မေမေ့အခြေအနေ မေမေသိနေပါပြီ၊ မေမေ ဒီနေရာမှာ မသေချင်ဘူး သားရယ်၊ သားညီလေးတွေကို ခေါ်ပြီး မေမေတို့နေခဲ့ဖူးတဲ့ လယ်စောင့်တဲကလေးဆီ ပြန်ကြရအောင်နော်. . မေမေ့နောက်ဆုံးခရီးကို သားတွေအားလုံး လိုက်ပို့ပေးဖို့ မေမေတောင်းပန်ပါတယ်၊ သားညီလေးတွေ သွားခေါ်ပေးမယ် မဟုတ်လားဟင်'

စကားအရှည်ကြီးပြောပြီးနောက် မောဟိုက်ကာ အသက်ကို လုပြီးရှူနေရသောမိခင်ကို စာဝါ သနားလာသည်။ ဘယ်လောက်ပဲ နာကြည်းပါစေ. . အမေ့မေတ္တာကို တိတ်တခိုးမျှော်လင့်ခဲ့ဖူးတာ သူပဲ သိသည်။

အမေ့မျက်ဝန်းတွေက သူ့ကို အသနားခံသလို သူ့နှုတ်မှ ထွက်လာမည့်စကားတစ်ခွန်းကိုလည်း ငံ့လင့်နေသလိုရှိသည်။

'လိပ်စာပြောလေ. . ကျွန်တော် သွားခေါ်လာပေးမယ်'

'ဝမ်းသာလိုက်တာ သားရယ်၊ မေမေ ဝမ်းသာလိုက်တာ'

အမေက သူ့အင်္ကျီကိုထိုးပြနေသည်။စာဝါ သတိရနေသေးသည်။ သူတို့ငယ်စဉ်က အမေသည် သူ့အတွင်းခံအင်္ကျီအိတ်ကပ်ကလေးထဲတွင် ပိုက်ဆံတွေကိုခေါက်ပြီး သိမ်းထားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စာဝါက အမေပြသောနေရာမှ စာရွက်ကလေးခေါက်ထားတာကို ယူပေးလိုက်သည်။

'မေမေ စာမဖတ်တတ်ဘူး သား. . သား ဖတ်ကြည့်ပြီး စုံစမ်းပေးပါကွယ်'

စာဝါက အထိတ်တလန့်ဖြင့် အမေ့ကိုကြည့်မိသည်။ အမေ စာမတတ်တာ သူဘာဖြစ်လို့ မသိခဲ့တာလဲ။ ဘာလို့ ဒီလောက်ညံ့ဖျင်းရတာလဲ။ စာမတတ်တဲ့အမေဆီ စာတွေရေးပြီး သက်သက်ညှဉ်းဆဲသလိုဖြစ်နေပြီလား။ စာပြန်မရေးလို့ စိတ်နာခဲ့ဖူးသည်။ အထင်လွဲခဲ့ဖူးသည်။

'မေမေ အိမ်ပြန်ချင်ပြီ. . အိမ်မှာပဲ အသေခံမယ်. . သား မေမေ အိမ်ပြန်ပါရစေ'

အိမ်ပြန်ဖို့ တစ်ချိန်လုံးတောင်းဆိုနေသောမေမေ့ကို စာဝါ သနားလာသည်။

ဒယ်ဒီ့ကိုကြည့်မိတော့ ဒယ်ဒီက တစ်ခုခုပြောချင်နေပုံရသည်။ စာဝါ့ကို အပြင်ထွက်ဖို့ လက်ပြနေသည်။

'မေမေ. . ခဏနေဘ်. . ကျွန်တော် ပြန်လာခဲ့မယ်'

မေမေလို့ သူ့နှုတ်က အလိုလို ထွက်သွားသည်။ ဒယ်ဒီက သူ့နောက်မှလိုက်လာသည်။





အခန်းအပြင်ရောက်တော့ ဒယ်ဒီက

'သား. . သူ့ကို စိတ်ချမ်းသာခွင့်ပေးလိုက်ပါတော့ကွယ်. . ဒယ်ဒီ မေးပြီးသွားပြီ. . သားအမေ အခြေအနေသိပ်မကောင်းဘူး၊ ဒါကြောင့် သူ့ဆန္ဒအတိုင်းသာ လုပ်ပေးလိုက်ပါတော့'

စာဝါသည် ခေါင်းငုံ့ကာ ငြိမ်ကျသွားသည်။

အနှစ်နှစ်ဆယ်ကျော်လုံး ခွဲပြီးနေရတဲ့ အမေ။

ခုပြန်တွေ့တော့ ဒီလိုအခြေအနေမျိုးနဲ့လား. . ဒီတစ်ခါ မေမေက သားတို့ကို အပြီးခွဲသွားတော့မှာလား။

'သိပ်လည်း စိတ်ဓာတ်မကျပါနဲ့သားရယ်. . သားက အကြီးဆုံးဆိုတော့ စိတ်ကိုတင်းထားမှပေါ့. . စုဘူးနဲ့သားအမေကို ရွာပြန်ဖို့ ဒယ်ဒီ ကားငှားပေးမယ်၊ သားက ကျန်တဲ့ညီသုံးယောက်ကို အမြန်ဆုံးရှာပြီး လိုက်ခဲ့ပေတော့'

ပြောသာ ပြောရသည်။ မေမေ့အခြေအနေက ရွာပြန်ဖို့ဖြစ်ပါ့မလား။

လမ်းမှာ တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ။ ရွာကို ချောချောမောမော ရောက်ပါ့မလား။

စာဝါသည် ဒယ်ဒီ့ရှေ့မှာ ဒူးထောက်ပြီး တောင်းဆိုမိသည်။

'မေမေ့ကို ရွာအရောက်ပို့ပေးပါ ဒယ်ဒီ. . သားကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ လိုက်ပြီးစောင့်ရှောက်ပေးပါ. . အဲဒီအတွက် ဒယ်ဒီဖြစ်စေချင်သလို သားနေပေးပါ့မယ်'

ဒယ်ဒီက ခေါင်းကိုညိတ်ပြသည်။ သူ့ဆံပင်လေးတွေကို သပ်တင်ပေးရင်း နှစ်သိမ့်ပေးပါသည်။

'သားအရေးဟာ ဒယ်ဒီအရေးပဲပေါ့. . ဘာခွဲခြားနေစရာ လိုလို့လဲ သားရယ်'

ဒီလောက်ဆို သူ စိတ်ချသွားပါပြီ။ မေမေ့အနားမှာ ဒယ်ဒီ တစ်ယောက်လုံး ပါနေပြီပဲ။

မေမေ သိပ်ပြန်ချင်တဲ့ အိမ်လေးဆီ အမြန်ဆုံးရောက်နိုင်ပါစေတော့. . .

* * *





ဘောလုံးကို သိပ်ပြီး ခဲရာခဲဆစ် မရှာလိုက်ရပါ။ ရန်ကုန်က လိပ်စာအတိုင်း လိုက်သွားတော့ ချောင်ချောင်လည်လည်ရှိပုံရသော အိမ်လေးကို တွေ့ရသည်။ အိမ်ထဲမှ အသက်သုံးဆယ်ကျော်လောက် ရှိမည့် မိန်းမတစ်ယောက် ထွက်လာပြီး

'ဘာကိစ္စရှိလို့လဲ'

ဟု မေးသည်။

'ဒါ ဦးပန်းလှတို့အိမ်လား ခင်ဗျ'

'ဟုတ်ပါတယ်'

'ဘောလုံးနဲ့တွေ့ချင်လို့ပါ'

'ဪ. . မောင်လေး မရှိဘူး၊ အလှပြင်ဆိုင်သွားတယ်. . သူနဲ့တွေ့ချင်ရင် (   )လမ်းက ဥသြချို့အလှပြင်ဆိုင်ကို လိုက်သွား



www.burmeseclassic.com

www.burmeseclassic.com



စာဝါ နားမလည်နိုင်အောင် ဖြစ်ရသည်။

ဘောလုံးက ယောကျ်ားကြီးတန်မဲ့ ဘာကိစ္စ အလှပြင်ဆိုင် သွားရတာလဲ။ ဇကန္တ ဆံပင်တွေဘာတွေများ သွားညှပ်နေသလား။

သိပ်ပြီး စဉ်းစားမနေဘဲ စာဝါက 'ဥဩချို'အလှပြင်ဆိုင်ကို လိုက်ရပြန်သည်။ သူဝင်လာတာလည်း တွေ့ရော အလှပြင်ဆိုင်က မာမီကြီးငယ်တွေက ဝိုင်းပြီး ရှိုးကြတော့သည်။ သူတို့၏အကြည့်တွေ က ကျောချမ်းချင်စရာကောင်းသည်။

'ဟဲ့ကောင်မတွေ. . ပြုံးပြုံး ကြည့်မနေကြနဲ့၊ ဒီမှာ အနေ ရခက်နေပြီဟဲ့'

'ဟုတ်ကဲ့ပါ အမေ. . ဟဲ့. . အမေဆူနေပြီ၊ မျက်နှာပိုးတွေ သတ်ထားကြဟေ့'

မာမီတို့ရဲ့အမေက ဘယ်သူများလဲ။

'ဘာကိစ္စရှိလို့လဲ မသိဘူး'

'ဟိုလေ. . ဘောလုံးနဲ့တွေ့ချင်လို့'

သူ့အသံနဲ့အတူ မာမီတွေရဲ့ရယ်သံတွေက လိုက်ပြီးထွက် လာသည်။

'ဟိ. . ဟိ. . ဘောလုံးနဲ့ တွေ့ချင်တာများ ဘောလုံးကွင်း သွားတာ မဟုတ်ဘူး၊ အလှပြင်ဆိုင်မှာ လာရှာရတယ်လို့'





'ဘောလုံးဆိုတာ ဟိုဒဲ၊ နေစမ်းပါဦး ရှင်က ဘယ်သူလဲ. . ဘာကိစ္စ ကျွန်မနဲ့တွေ့ချင်ရတာလဲ'

မိုးကြိုးအပစ်ခံရတဲ့သူတွေ ဘယ်လိုနေသလဲတော့ မသိပါ။ ကျွန်တော့်မှာ ဦးခေါင်းခွံနှစ်ခြမ်း ဖြန်းဖြန်းကွဲသွားသလို ခံစားလိုက် ရသည်။

ဘောလုံးရဲ့ငယ်ဘဝပုံရိပ်ကလေးတွေ အာရုံမှာ ထင်ဟပ် လာလေ ကိုယ့်မြင်လွှာရှေ့မှာ ရှိနေသော မိန်းမလျာလုံးလုံးဖြစ်နေ သည့် ညီလေးကို နမြောမိလေပင်။

မေမေရယ်. . . ညီလေး ဘောလုံး ဘာဖြစ်နေပြီလဲဆိုတာ လာကြည့်လှဲ့ပါဦး။ အိမ်မှာ အရဲရင့်ဆုံး၊ သတ္တိအကောင်းဆုံးကလေး က သူစိမ်းတွေလက်ထဲမှာ လုံးလုံးဘဝပြောင်းသွားရသလား။

'ညီလေး. . ကိုကိုစာဝါလေ မှတ်မိလား. . . မှတ်မိရဲ့လား ဘောလုံး'

ဘောလုံးရဲ့ မျက်နှာက အစ်ကိုကို တွေ့လိုက်လို့ ဝမ်းသာ သွားပုံမရပါ။ မျက်နှာမှာ အပြောင်းအလဲသိပ်မတွေ့ရဘဲ စိတ်မပါ လက်မပါ ပြန်ဖြေပုံက

'အင်း. . အင်း. . မှတ်မိပြီ. . အခုလာတာ ဘာကိစ္စလဲ' စိမ်းသက်သက်နိုင်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



စာဝါ စိတ်မကောင်းဖြစ်မိပေမယ့် နှစ်တွေကြာလို့ သူစိမ်းဆန်သွားတာနေမှာ ဆိုပြီး စိတ်ဖြေယူရသည်။

'မေမေ အသည်းအသန်ဖြစ်နေလို့ လာခေါ်တာ. . လိုက်ခဲ့နော် ညီလေး'

'ဘာအမေလဲ. . ခုမှ လာခေါ်မနေနဲ့. . ပေးတုန်းက တစ်ယောက်မကျန် ပေးပစ်ပြီးတော့. .'

စာဝါက ဘောလုံးကို မနည်းဖျောင်းဖျယူရသည်။ မလိုက်ဘူး အတင်းလုပ်နေလို့ ဖွတ်ဆွဲပြီး ခေါ်လာခဲ့ရသည်။

ဒယ်ဒီဆီက ဖုန်းလာတာက မေမေ့အခြေအနေကို အားမရလို့ အမြန်လိုက်လာကြဖို့ ပြောသည်။

*  *  *





ဘောလုံးကို ခေါ်ပြီး တုံတုံနေတဲ့လိပ်စာနောက် လိုက်ရပြန်သည်။

အခြောက်မ ဖြစ်သွားတဲ့ ဘောလုံးအတွက် စိတ်မကောင်းဖြစ်နေတုန်းမှာ တုံတုံတို့အိမ်ရောက်တော့ ဧည့်ခန်းထဲမှာတွဲ့ရတာတ်ပုံကြောင့် ညီလေးနောက်တစ်ယောက်အတွက် ဂုဏ်ယူမိပြန်သည်။

စာဝါက ဘွဲ့သာ မရတာ. . တုံတုံရဲ့ဘွဲ့ဝတ်စုံပေါ်က အဝါရောင်အစင်းကိုတွေ့ပြီး သူ့ညီ ဆရာဝန်ဖြစ်ပြီဆိုတာ အတပ်သိလိုက်သည်။

တုံတုံရဲ့မွေးစားအဖေအမေက သဘောကောင်းကြသည်။ ဖော်ရွေကြသည်။ တုံတုံ ဆေးခန်းထိုင်တဲ့လိပ်စာကို ပြောပြကြသည်။

အချိန်မရလို့ စကားစ,ဖြတ်ပြီး တုံတုံရဲ့ဆေးခန်းကို လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရပြန်သည်။ ဆေးခန်းရောက်တော့ တုံတုံနှင့်မတွေ့ဘဲ သူ့တပည့် တစ်ယောက်ကိုသာ တွေ့ရသည်။

'ဆရာ့ကို လာရှာတာလား. . ဆရာ မရှိဘူး၊ ဒီနေ့ ချိန်းပွဲရှိလို့သွားပြီ၊ ခဏနေ ကျွန်တော်ပါ လိုက်သွားပြီး အားပေးတော့မလို့'

'ဘယ်က ချိန်းပွဲလဲ'

'သူ့ကို စိန်ခေါ်ထားတဲ့လူရှိတယ်လေ. . လက်ဝှေ့ထိုးမလို့ သွားတာ'

'ငါ့ညီက ဆရာဝန် မဟုတ်လား. . . ဘာဖြစ်လို့ လက်ဝှေ့ သမားဖြစ်နေတာလဲ'

'အစ်ကို့ညီက ဆေးကျောင်းသားဘဝကတည်းက ဆုတွေ အများကြီးရထားတာ မသိဘူးလား'

ညီလေးတုံတုံအတွက် သူ အများကြီးဂုဏ်ယူပါသည်။ ညီလေး ပိုပြီး အားရှိသွားအောင် နီတွတ်လေးကို ဝင်ခေါ်ပြီး လိုက်အားပေးဖို့ စဉ်းစားမိသည်။

'အစ်ကိုတို့ လူတစ်ယောက်ဝင်ခေါ်ပြီး လိုက်ခဲ့မယ်လေ. . ဒါနဲ့ သူ့လက်ဝှေ့နာမည်က ဘာလဲ'

'ငရဲမီး'

* * *





စာဝါက သေချာ မှတ်ပြီး နီတွတ်မွေးစားအမေ နေသော လိပ်စာအတိုင်း သွားရပြန်သည်။

သိပ်မကြာခင်မှာ ညီအစ်ကိုတွေအားလုံး ဆုံဆည်းခွင့်ရတော့ မှာပဲ. . . မေမေမျှော်လင့်နေတဲ့ မေမေ့သားတွေ မေမေ့ဆီ လာကြ တော့မှာပါ။

တက္ကသိုလ်က ဆရာမတစ်ယောက်ရဲ့အိမ်ဟာ ရိုးရိုးရှင်းရှင်း လေးဖြင့် တစ်မျိုးတင့်တယ်နေပါသည်။

ဆရာမဟုယူဆရသော မျက်မှန်တပ်ထားသည့် မိန်းမကြီး တစ်ယောက်ကို ဧည့်ခန်းထဲမှာ ပုတီး ထိုင်စိပ်နေတာ တွေ့လိုက်ရ သည်။



www.burmeseclassic.com

www.burmeseclassic.com



'အန်တီ. . ဒါ ဆရာမ ဒေါ်ခက်ခက်နွယ်အိမ် ဟုတ်ပါသလား'

'ဟုတ်ပါတယ်ကွယ်. . သားတို့က. . .'

'နီတွတ်လေးရဲ့အစ်ကိုပါ ခင်ဗျာ. . အမေ အသည်းအသန်ဖြစ်နေလို့ ညီလေးကို ခေါ်လာခေါ်တာပါ'

'ဩော်. . နီတွတ်လေးရဲ့အစ်ကိုတွေကိုး၊ ထိုင်ပါဦးကွယ်. . မင်းတို့ညီအကြောင်းတော့ မပြောချင်ပါဘူးကွယ်. . ခုလဲ လက်ဝှေ့ထိုးဖို့သွားပြန်ပြီ၊ ပြန်လာရင် သွေးသံတရဲရဲနဲ့ အန်တီမှာ သူ့အတွက် စိတ်ပူပြီး ဆုတောင်းပေးနေရတာ. . ဒီကလေးဟာလေ စိတ်ထင်ရာ ရွှတ်လုပ်တတ်တာဆိုးတာ. .'

ညီအငယ်နှစ်ယောက်က ဘာဖြစ်လို့များ လာပြီး ဝါသနာ တူနေရတာလဲ။

ဟိုတစ်ယောက်ကလည်း လက်ဝှေ့၊ ဒီတစ်ယောက်လည်း လက်ဝှေ့. . .

'နီတွတ်က ဘယ်သူနဲ့ယှဉ်ထိုးရမှာလဲ အန်တီ'

'အမယ်လေး. . . သူက စပြီး သွားစိန်ခေါ်တာတဲ့လေ. . သူ့ပြိုင်ဖက်က နာမည်ကျော် ငရဲမီးတဲ့. . ဒါကြောင့် အန်တီ စိတ်ပူနေရတာပေါ့'





'ဟာ. . သွားပြီ. . ငရဲမီးဆိုတာ သူ့အစ်ကိုပဲ အန်တီ၊ မသိဘဲနဲ့ ညီအစ်ကိုချင်း ထိုးကြသတ်ကြတော့မယ် မဖြစ်ဘူး. . မဖြစ်ဘူး မြန်မြန်သွားတားမှ'

'စိတ်ညစ်ပါတယ်တော် ဘာတွေ ဖြစ်ကုန်ကြမှန်းကို မသိဘူး'

တောလုံး(ဥဩချို)က ပွစိ ပွစိလုပ်ပြီး စာဝါနောက်ကို အမိ ပြေးလိုက်ရပြန်သည်။

အဲဒါလေ အမေ့ကြောင့်ပေါ့။ တစ်ယောက် တစ်နေရာစီ ပေးထားတာကိုး။ ညီအစ်ကိုချင်း ပြန်တွေ့တာတောင် မသိတော့ဘဲ ပြိုင်ဖက်လို ရန်သူလို ထင်နေကြပြီ. . .

* * *



www.burmeseclassic.com

www.burmeseclassic.com



ငရဲမီးက တုံးကျော်ကိုအလစ်ချောင်းပြီး ဘယ်ကို အယောင်ပြကာ ညာဝိုက်လက်သီးဖြင့် ထိုးလိုက်သည်။ တုံးကျော် အငိုက်မိသွားသည်။ ဒီကောင်ရဲ့ ဘယ်ဝိုက်လက်သီးကို ရှောင်နေချိန်တွင် မထင်မှတ်ဘဲ ခံလိုက်ရခြင်း ဖြစ်သည်။ အသားနာတော့ ပိုပြီး သွေးဆူလာသည်။

တုံးကျော်က အတင်းလိုက်ပြီး ထိုးလေ. . ငရဲမီးက ရှောင်လေ. . အမှန်က တုံးကျော်ကို တမင် မမောမောအောင် လုပ်ထားခြင်းဖြစ်သည်။

တစ်ချီမှာတော့ တုံးကျော်ကို ရှောင်လိုက်စဉ်မှာ ဟန်ချက်ပျက်ပြီး တုံးကျော်၏ဒူးပျံက သူ့မေးစေ့နှင့် ဝမ်းဆက်ဖြစ်သွားသည်။ နာလိုက်သည်မှာ ပြောဖွယ်မရှိတော့။ ဒါပေမယ့် ဒီပွဲမှာ သူရှုံးလို့မဖြစ်





ဘူး။ ဒီကောင်က စိန်ခေါ်ထားတဲ့သူဆိုတော့ ရှုံးသွားရင် ကိုယ့်သိက္ခာပဲ ကျမှာ။

ကိုယ်ကလည်း သူ့အသားကို နာအောင် ထိုးရမှ. . . သူကလည်း ကိုယ့်အသားကို နာအောင်ထိုးဖို့ ချောင်းနေသည်။

တကယ်လို့သာ ငရဲမီးဟာ သူ့အစ်ကိုမှန်းသိရင် တုံးကျော်က ဆက်ပြီးထိုးပါ့ဦးမလား။ တုံးကျော်ဟာ သူ့ညီလေးဆိုတာသိရင် ငရဲမီး ဘယ်လိုခံစားသွားရမလဲ။

စာဝါ နည်းနည်းနောက်ကျသွားပါသည်။ သူရောက်သွားချိန်မှာ သူ့ညီနှစ်ယောက်ဟာ သူသေကိုယ်သေ ရေကုန်ရေခန်းယှဉ်ပြိုင်ပြီး ထိုးသတ်နေပြီဖြစ်သည်။ တားဖို့အချိန်မရလိုက်သဖြင့် ဝမ်းနည်းစွာ နာကျင်ခံစားရသည်။

ငယ်ငယ်လေးကတည်းက သူတို့ညီအစ်ကိုတွေ သိပ်ချစ်ခဲ့ကြသည်။ တစ်ခါမှ ရန်မဖြစ်ခဲ့ဖူးပါ။ နီတွတ်လေးက အငယ်ဆုံးဆိုတော့ အနီးထုပ်ကလေးထဲမှာကတည်းက အစ်ကိုတွေ ဝိုင်းပြီး ချစ်ခဲ့ကြသည်။

ကိုယ့်မျက်စိရှေ့မှာ ကိုယ့်ညီနှစ်ယောက် ထိုးသတ်နေတာကြည့်ရဲသည့်သတ္တိ သူ့မှာမရှိပါ။ ခေါင်းကိုငုံ့ရင်း မျက်စိကိုမှိတ်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ နာကျင်ရသည်။ ကြေကွဲရသည်။ ဘဝရဲ့အချိုးအကွေ့မှာ ညီအစ်ကိုတွေ ပြန်ဆုံရပုံက မလှပပါလား။

'ငရဲမီးကွ'

'တုံးကျော်ကွ. . ထိုးထား. . လုံးဝမလျှော့နဲ့'

အဲဒီအသံတွေဟာ နားထဲကို သံရည်ပူတွေ လောင်းထည့်သလို ပူလောင်စေသည်။ သူ့မျက်လုံးတွေ ဝေဝါးလာသည်။ မျက်ရည်တွေ စို့လာသည်။ သူ့လက်နှင့် သူကိုယ်တိုင်ထိန်းကျောင်းလာခဲ့တဲ့ ညီလေးတွေပဲ မချစ်ဘဲ နေပါ့မလား။

ဘုန်းကြီးကျောင်းက ထမင်းကျန်ဟင်းကျန်လေးတွေ ရရင်တောင်မှ မစားရက်ဘဲ အိမ်အပြန်ယူသွားပြီး ညီလေးတွေကို ကျွေးခဲ့တဲ့သူပါ။

နီတွတ်လေးက သူ့ကို မှတ်မိချင်မှမှတ်မိတော့မည်။ တုံတုံလေးကရော သူ့ကိုသိပါဦးမလား။

စာဝါ သိလိုက်တာတစ်ခုက သူငိုနေမိပြီဆိုတာပါပဲ။ သည်းခံပြီး ဆက်ကြည့်ဖို့အင်အား သူ့ဆီမှာမရှိတော့ပါ။

စာဝါသည် ကြိုးဝိုင်းအတွင်းသို့ ဇွတ်ဝင်ပြေးသွားပြီး ပရိသတ်အားလုံး ကြားအောင် အော်ပြောလိုက်ပါသည်။

'ကျေးဇူးပြုပြီး နားထောင်ပေးကြပါခင်ဗျာ. . ဟောဒီ ငရဲမီး





နဲ့တုံးကျော်ဟာ တကယ်တော့ ညီအစ်ကိုအရင်းတွေပါ. . . တစ်ယောက်နဲ့တစ်ယောက်ညီအစ်ကိုမှန်းမသိလို့ ထိုးသတ်နေကြတာကို အစ်ကို ဖြစ်တဲ့ ကျွန်တော် ဆက်ပြီး မကြည့်နိုင်တော့လို့ ဒီနေ့ပွဲကို ရပ်ဆိုင်းဖို့ တောင်းပန်ပါတယ်. . . ရွာမှာလည်း ကျွန်တော်တို့အမေ အသည်းအသန်ဖြစ်နေလို့ပါခင်ဗျာ'

စာဝါသည် တုံတုံနှင့် နီတွတ် လက်ကို ဆွဲပြီး ထွက်လာမိသည်။ တစ်ယောက်တစ်မျိုး ထင်မြင်ချက်ပေးနေကြသောအသံတွေကို လျစ်လျူရှုပြီး ထားရစ်ခဲ့သည်။

သူတို့ အမေ့ဆီ အမြန်ရောက်ဖို့ လိုနေသည်။

* * *

(ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်–၄၁၊ မြေညီထပ်၊ မေတ္တာရောင်ပြန့်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကားတစ်တန်၊ လှည်းတစ်တန် စီးပြီး ငယ်ငယ်တုန်းက နေ ခဲ့ဖူးသည့် ပတ်ဝန်းကျင်လေးကို လွမ်းဆွတ်စွာပြန်လာခဲ့ရသည်။

လယ်ကွင်းတွေထဲမှာ မိုးရေခံချိုးခဲ့တာ. . . လယ်ပုစွန်လုံးတွေ နှိုက်ခဲ့ကြတာ. . ငါးဖမ်းခဲ့ကြတာတွေဟာ မနေ့တစ်နေ့ကလို လတ်ဆတ်နေတုန်းပါပဲ။ အတိတ်ဟာ အတိတ်မှာပဲ ကျန်နေရစ်ခဲ့ပြီလား။

ခုချိန်မှာတော့ ခပ်တန်းတန်း ခပ်စိမ်းစိမ်း ဖြစ်နေကြသော ညီတွေကို ကြည့်ပြီး သူ သက်ပြင်းချရသည်။ အနေဝေးလို့ ဒီလိုစိမ်းကုန်ကြတာလား။

စီးလာသောလှည်းက တုံ့ခနဲရပ်သွားသည်။ လှည်းမောင်းသူက ကြိမ်နဲ့တို့လည်း နွားက ဆက်မသွားဘဲ ပေပြီး ရပ်နေပါသည်။





'ဘာဖြစ်လို့လဲ အစ်ကို'

စာဝါက မေးတော့ လှည်းသမားက ရှင်းပြသည်။

'ဒီနွားက ကလေးမွေးထားတာ မကြာသေးဘူး အစ်ကိုးဒီအချိန်က သူ့သားတွေကို နို့တိုက်နေကျအချိန်မို့လို့ သတိရပြီး ရပ်ရပ်သွားတာ'

တိရစ္ဆာန်တောင်မှ သားသမီးကို သတိရသေးတာပဲ။မေမေကရော. . မေမေလည်းသားတို့ကို သတိရနေမှာပဲနော်. . . မေမေ တစ်ယောက်တည်း ဘယ်လောက်တောင် အထီးကျန်ခဲ့ရှာမလဲ။

'နွားလေး သနားပါတယ်ဟယ်'

နွားမကြီးဆီမှ နို့တွေ ပန်းထွက်နေသည်။ သူ့ကလေးတွေ နို့ဆာနေရောပေါ့။ အငယ်နှစ်ယောက်က သိပ်ပြီး မှတ်မိမှာမဟုတ်ပေမယ့်စာဝါနှင့်ဘောလုံးကတော့ မှတ်မိနေပါသေးသည်။ အမေက သားတွေကို သူမနို့ရည် တစ်မျိုးတည်းဖြင့် လူလားမြောက်အောင် တိုက်ကျွေးစောင့်ရှောက်ခဲ့သည်။ ဒါဆို အမေ့ကို သူတို့နာကြည်းသင့်လို့လား။ အမေ့ကျေးဇူးတွေ သူတို့အပေါ်မှာ ရှိခဲ့ဖူးတာပဲ. . .

'ဟဲ့ နင်တို့နှစ်ယောက်ငယ်ငယ်တုန်းက အမေ့နို့ကို တစ်ယောက်တစ်ဖက် စို့ကြတာငါမှတ်မိသေးတယ်သိလား'

တုံ့တုံ့နှင့်နီတွတ်လေးတို့အာရုံမှာ အမေဆိုတာ ဖြူသေား



www.burmeseclassic.com

www.burmeseclassic.com



မည်းသလားလို့ မကွဲပြားဘဲ ဝါးတားတားသာ ရှိတော့မှာ သေချာပါ သည်။

'တော်ကြပါတော့ကွာ. . ခဏနေအမေ့ဆီရောက်တော့မှာ ညီလေးတုံတုံ. . ဆရာဝန်အလုပ်ဟာအင်မတန်မှမွန်မြတ်တဲ့အလုပ် ကွ. . ဟောဒီလယ်ကွင်းပြင်ကြီးကို ကြည့်စမ်း. . အစ်ကိုတို့ငယ်ငယ် က ဆော့ကစားခဲ့ကြတာလေ. . ဆေးပညာအသိမရှိလို့ ဖေဖေဟာ ပိုးထိပြီး မသေသင့်ဘဲ သေခဲ့ရတယ်. . ဒီလိုကျေးလက်ဒေသမှာ ညီ လေးရဲ့ပညာတွေကို လာပြီး အသုံးချရင် ဘယ်လောက်များ အဖိုး တန်လိုက်မလဲ'

တုံတုံကိုပြောပြီးနောက် လယ်ကွင်းကိုဖြတ်ပြီး တိုက်ခတ် လာတဲ့ လေနုအေးလေးတွေကို တဝကြီး ရှူရှိုက်မိသည်။ ဘုန်းကြီး ကျောင်းက ပြန်လာတိုင်း ခုန်ပေါက်ပြေးလွှားပြီးပြန်လာခဲ့ဖူးတာ ခု ချိန်မှာတော့ အမှတ်တရတစ်ခုအနေနဲ့ ကျန်နေခဲ့ပြီပေါ့။ လှည်းလေး က အမေ့အိမ်နှင့် တဖြည်းဖြည်းနီးလာသည်။ စုဘူးက အိမ်ရှေ့မှာ သူတို့ကို ထွက်ပြီး စောင့်နေရှာသည်။

'အမေရော. . အမေ ဘယ်လိုနေသေးလဲ စုဘူး'

စုဘူးမျက်နှာ သိပ်မကောင်းပါ။

'အစာမဝင်တော့ဘူး ကိုကို. . နေ့လားညလားပဲတဲ့'





ဖြစ်မှဖြစ်ရလေ အမေရာ. . ကျွန်တော်တို့မိသားစုတွေ ပြန်ဆုံကြပြီလေအမေပျော်နေရမှာ. . ကျန်းမာနေရမှာ. . အမေ့ဆန္ဒ အတိုင်း ညီလေးတွေကို ကျွန်တော် ခေါ်လာပြီလေ။ ငယ်ငယ်တုန်း ကတော့ ကျွန်တော်တို့ကို အမေ့ရင်ခွင်နဲ့ဝေးရာမှာ ထားတယ်။ အခုကျွန်တော်တို့ကြီးလာတော့အမေကကျွန်တော်တို့နဲ့ဝေးရာကိုထွက် သွားတော့မှာလား။

မေမေ မတရားဘူးနော်. . မေမေ အရမ်းရက်စက်တယ် သိလား. . ဒီအိမ်လေးမှာပဲ မေမေနေပါ. . သားတို့ မေမေ့ကို တစ် လှည့်ပြန်ပြီး လုပ်ကျွေးပြုစုပါရစေ. . ဝတ်ကြီးဝတ်ငယ်ပြုစုပါရစေ နော် မေမေ။

နေပူပူ မိုးရွာရွာ နီတွတ်လေးကို ကျောမှာလွယ်ပိုးပြီး မေမေ ကောက်စိုက်သွားခဲ့တာ သား သိတယ်. . သိနေသေးတယ် မေမေ။ မေမေ ဆိုပြတဲ့ သားချော့တေးလေးကိုလည်း သားရနေသေးတယ် လေ. . .

ဒယ်ဒီက သူ့ပခုံးကို လာပုတ်ပြီး နှစ်သိမ့်သည်။

'လူစုံတုန်း မင်းတို့အမေကို သွားကန်တော့လိုက်ပါဦးကွာ၊ သူက ဆေးရုံမသွားဘူးလို့ အတင်းငြင်းနေတာ၊ သူ့အသုဘကို သူ့ သားတွေလူစုံလာပို့မှာတဲ့. . ဒီအိမ်ကလေးမှာပဲ သေပါရစေတဲ့ပြော



www.burmeseclassic.com

www.burmeseclassic.com



တယ် . . . တကယ်တော့ မင်းတို့အမေဟာ မင်းတို့ကို သိပ်ချစ်လို့ သားပေးဆပ်ရင်း စွန့်လွှတ်ခဲ့တာ . . အင်မတန်မှသနားစရာကောင်းတဲ့ မိန်းမ'

'တော်ပါတော့ ဒယ်ဒီရယ် . . သား ဆက်ပြီး မကြားပါရစေနဲ့ . . .'

ဝါးကြမ်းခင်းလေးပေါ်မှာ စန့်စန့်ကလေးလှဲပြီး တရားမှတ်နေသော အမေ။ သူ့ရဲ့နောက်ဆုံးအချိန်ကိုသိလို့ ကြိုတင်ပြင်ဆင်နေတာများလား။ ခြေသံကြားတော့ မျက်လုံးကို အသာဖွင့်ပြီးကြည့်သည်။

'သားတို့ရောက်လာကြပြီလား'

'ရောက်ပါပြီ မေမေ'

မေမေက တစ်ယောက်ချင်းစီကို အားယူပြီး ကြည့်သည်။ ဘောလုံးကို အရင်ရှာနေပုံရသည်။ သူ့သားတွေအားလုံး ကျားကျားလျားလျားရှိနေမှာပဲလို့ အမေထင်ထားပုံ ရသည်။ မျက်လုံးတွေက တုံတုံနှင့်နီတွတ်ဆီမှာပဲ ဝဲနေသည်။

စာဝါက အလိုက်တသိပင် အမေ စိတ်ချမ်းသာမည့်စကားကိုရွေးပြီး ပြောပေးလိုက်သည်။

'သူက တုံတုံလေ မေမေ . . ဆရာဝန်ကြီးဖြစ်နေပြီ'



BURMESE CLASSIC .com



'ဟုတ်လား . . မေမေ ပျော်လိုက်တာ သားရယ်'

ပျော်လွန်းလို့ မျက်လုံးတွေ အရောင်တောက်လာသလားထင်ရသည်။ ပျော်တော့လည်း မေမေ မောတာပါပဲ။

'ဒါက မေမေ့သားထွေးကလေး နီတွတ်လေ . . နာမည်ကြီးလက်ဝှေ့သမားဖြစ်နေပြီ မေမေ . . ဂုဏ်ယူလိုက်တော့နော်'

မေမေက ခေါင်းလေးညိတ်ပြသည်။ ကျေနပ်နေတဲ့အရိပ်အယောင်တွေက မေမေ့မျက်နှာပေါ်မှာ အတိုင်းသားပေါ်နေသည်။

မျက်လုံးက ဟိုဟိုဒီဒီဝေ့ဝဲလျက် တစ်ယောက်သောသူကိုရှာနေ၏။

'ဘောလုံးလေးရော သားကြီး . . သူက စစ်ဗိုလ်ကြီးဖြစ်နေပြီလားဟင်'

အမေ့ကိုကျွန်တော် ဘယ်လိုပြောရမှာလဲ။ ပြောမထွက်ဘူး မေမေ . . မေမေ့ဆန္ဒနဲ့ဆန့်ကျင်ဘက်ဖြစ်ပြီးအလှုဖန်တီးရှင်ဖြစ်နေတယ်ဆိုတာ ကျွန်တော့်ပါးစပ်က မထွက်ရက်ဘူး။

စာဝါက ဘောလုံးကို လက်ညှိုးထိုးပြီးပြလိုက်သည်။

'သူပဲ မေမေ'

အမေက ဘောလုံးကိုစေ့စေ့ကြည့်ပြီး အံ့သြနေသည်။ ပြီးနောက် မျက်နှာကလေး ညှိုးကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ညီလေးတို့ ထိုင်လေ. . မမေ့ကို ကန်တော့ရအောင်'

သူတို့တွေက သူဌေးသားတွေဖြစ်နေပြီဆိုတော့ အမေ့အိမ်က ကြမ်းခင်းပေါ်မှာထိုင်ဖို့ မဝံ့မရဲဖြစ်နေပုံရသည်။ အားလုံးကမိုး တိုးမတ်တတ်တွေရပ်လို့။

အမေက ပြုံးသည်။

ဘယ်လိုအပြုံးလဲဆိုတာ မခွဲခြားတတ်အောင်ကို လေးနက်စွာပြုံးနေသည်။

သို့သော် အမေ့မျက်လုံးတွေမှာ မျက်ရည်များစွာ အိုင်ထွန်းနေပါသည်။

'သားတို့. . မမေ့မျက်လုံးကို ကြည့်စမ်း. . . မြင်အောင်ကြည့်ကြစမ်း. . မမေပြုံးနေတယ်မဟုတ်လား. . ဒါပေမယ့်မမေငိုနေတယ်. . အရမ်းဝမ်းနည်းလို့ ဒီမျက်လုံးက မျက်ရည်တွေကျနေတာနှစ်ပေါင်းနှစ်ဆယ်ကျော်ပြီလေ. . ဒါကသားတို့မြင်နိုင်တဲ့နေရာတစ်ခုတည်းကိုပြတာ. . မမေ့ရင်ထဲကိုဝင်ကြည့်ကြစမ်းပါ. . ဘယ်လောက်တောင် နာကျင်ကြေကွဲနေသလဲ. . သားတို့မှမမြင်နိုင်တာ။ ကိုယ့်ဝမ်းနဲ့လွယ်ပြီးမွေးခဲ့တဲ့သားတွေကို ကိုယ့်လက်နဲ့ပဲ ကိုယ်တိုင်ပုံသွင်းချင်တာပေါ့. . လယ်ကွင်းထဲမှာကြီးတဲ့သားတွေကို မမေထုဆစ်လိုက်ရင်နှင်းရုပ်ကလေးတွေဖြစ်ပြီး တန်ဖိုးမရှိမှာစိုးလို့တင့်တယ်





လှပတဲ့ ပန်းပုရုပ်ကလေးတွေဖြစ်အောင် ထုဆစ်နိုင်မယ်ထင်တဲ့သူစိမ်းတွေလက်ထဲကို မမေရင်ကွဲခံပြီးအပ်ခဲ့ရတာ. . ခုတော့ မမေမှားသွားပြီ. . ဘယ်လိုမှပြန်ပြင်လို့မရအောင်ကို မှားသွားပြီ. . မမေမရှိတဲ့နောက်မှာ သားတို့ မမေ့ကို သနားတယ်၊ ချစ်တယ်ဆိုရင်. . မမေ ဖြစ်စေချင်သလို အမြင့်ဆုံးကို ပျံပြစမ်းပါ သားတို့ရယ်. . . မမေ တမလွန်ကနေ စောင့်ကြည့်နေမှာပါ'

မမေ့အသံက တဖြည်းဖြည်းတိုးဝင်သွားသည်။

တော်တော်လည်း မောဟိုက်နေပုံရသည်။ မတ်တတ်ရပ်နေသောသားတွေ ဒူးထောက်ပြီး ထိုင်ချလိုက်ကြသည်။

အလိုလိုမတိုင်ပင်ရပါဘဲနှင့် လက်အုပ်ကလေးတွေ ချီလိုက်ကြသည်။

စာဝါက စပြီး

'သားတို့ မမေ့အပေါ်မှာ မသိလို့ အထင်လွဲခဲ့မိတာ ခွင့်လွှတ်ပါ မမေ. . မမေ့ဆန္ဒအတိုင်းဖြစ်အောင် ကြိုးစားကြမယ်လို့ ကတိပေးပါတယ်'

'သားတို့လည်း အတူတူပါပဲ မမေ'

သားတွေ သူမအနားမှာဝိုင်းပြီး ကန်တော့နေကြသည်။ သို့သော် ဒေါ်ရင်ငွေ့က သဲကွဲစွာ မမြင်ရတော့ပါ။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အမြင်အာရုံတွေက ဝေဝါးလာကြသည်။

'မေမေ့သားတွေကို လွမ်းရင် မေမေသီချင်းလေးဆိုတယ် လေ. . . မိုးချုပ်ပြီလားဟင်. . . မေမေ့မျက်လုံးထဲမှာ မည်းမှောင်နေတာပဲ. . ကြယ်တွေရော စုံပြီလား'

နေ့ခင်းကြောင်တောင်ကြီးကို မိုးချုပ်နေပြီလားတဲ့။ စာဝါက သူ့ဒယ်ဒီကို ကြည့်တော့ ဒယ်ဒီက ခေါင်းရမ်းပြသည်။ မေမေ သူတို့အနားမှာနေဖို့ အချိန်နည်းလာပြီတဲ့။

'သားတို့ကို မေမေ ချော့သိပ်ရဦးမယ်'

'သားချော့တေး'

♫ လယ်ကွင်းထဲမှာရှိနေတာ
အမေ့ရဲ့အိမ်ကလေး
ခြေတံကလေးရှည်
အမိုးက ယိုလို့ ကြမ်းပေါက်တယ်. .
အမေ့သားလေးတွေရှိနေရင်
ပြီးပြည့်စုံတဲ့ဘဝလေးပါ
ရှစ်ပါးမကတဲ့ လောကဓံတွေ
လာစမ်းပါစေလေ. . .

ဆောင်ညပြာသိတာလ



ခါးစည်းခံဖို့ ရင်ကိုဖွင့်ကာ
ဘာမှမမှုဘူး
အမေ မကြောက်ဘူးကွယ်. .
လယ်ကွင်းထဲက နွံ့တွေဟာ
တစ်နေ့နေ့မှာတော့ အသွင်ပြောင်းကာ
အမေပုံသွင်းမယ့် နွံ့ရုပ်တွေ . . ♫

'မေမေ. . တော်ပါတော့. . မေမေ မဆိုပါနဲ့တော့နော်. . မေမေ မောနေပြီလေ'

စာဝါက ငိုပြီး တားသည်။ စုဘူးက အသံတိတ် ရှိုက်ငိုနေသည်။ ဘောလုံးကတော့ တရှုံ့ရှုံ့ငိုနေသည်။ တုံတုံနှင့်နီတွတ်လေးလည်း ငိုနေကြတာပဲ။ အမေ့မေတ္တာကို သူတို့နားလည်လာတဲ့အချိန်ကျမှ. . .

♫ က. . မှာ. . ကျော်. . မယ့်. . နွံ့. . ရုပ်တွေ. . ♫

အမေ့သီချင်းသံလေးက ရပ်သွားပါပြီ။ ဒါဆို နှလုံးခုန်သံတရော. . မေမေ ငြိမ်ကျသွားပြီလေ. .

ဆောင်ညပြာသိတာလ

www.burmeseclassic.com

www.burmeseclassic.com



'ဒယ်ဒီ. . မေမေ့ကိုကြည့်ပါဦးဗျာ. . မေမေ ဘာဖြစ်သွားပြီလဲ'

ဒယ်ဒီက အမေ့ကိုစမ်းသပ်ကြည့်ပြီး

'သူ အသက်မရှိတော့ဘူး'

'ဗျာ. . မေမေ. . ဟင့်အင်း. . မေမေ မသေရဘူး'

သားတို့ မေမေ့အနားမှာ စုံနေပြီလေ. . ဒီည ကောင်းကင်မှာလည်း ကြယ်တွေ စုံဦးမှာ. . . မေမေ ထကြည့်ပါဦးဗျာ. . ကမ္ဘာကျော်မယ့် နွံ့ရုပ်တွေဆို. . မေမေ့သားတွေ ကြိုးစားမှာပါ. . မေမေ ပြုံးနေတယ်နော်၊

ဘာကို ကျေနပ်သွားတာလဲ မေမေ. .

ဒါမှမဟုတ် မကျေနပ်တာတွေကို ဖုံးဖို့များ ပြုံးပြသွားတာလား မေမေရာ. .

ဘဝဆက်တိုင်း ဆက်တိုင်းမှာ မေမေသိပ်ချစ်တဲ့ ရင်သွေးလေးတွေနဲ့ မခွဲမခွာနေရပါစေလို့ သားတို့ဆုတောင်းလိုက်ပါတယ် မေမေ. . .

'မေမေ. . ကိုယ့်အမေဟာ ဖြူသလား မည်းသလားလို့ ဒီနေ့မှမြင်ဖူးတာပါဗျာ. . မေမေက သားတို့ကို ထားပြီး ထွက်သွားပြီလား'





တုံတုံလေးရဲ့မချိတင်ကဲဝမ်းနည်းစကားတွေ. .

'ကျွန်တော့်ကိုမြင်ပြီး မေမေ စိတ်ပျက်သွားတာမဟုတ်လားဟင်. . ကျွန်တော် သိတယ်. . စိတ်ချပါ မေမေ. . ကျွန်တော် မေမေမွေးခဲ့တဲ့အတိုင်း ယောကျ်ားစစ်စစ်ဖြစ်အောင် နေပါ့မယ်'

ဘောလုံးရဲ့ကတိပေးနှုတ်ဆက်သံ. .

'အမေကို အမေမှန်းမသိဘဲ ပိုက်ဆံတွေယူခဲ့တဲ့သားမိုက်၊ ဒီတစ်သက်လုံးကျွန်တော် ဖြေလို့ရပါဦးမလား မေမေ. . ကျွန်တော် လူကောင်းဖြစ်အောင် ကြိုးစားမှာပါ မေမေ'

စုဘူးရဲ့ဝမ်းနည်းနှုတ်ဆက်စကားများ. .

နီတွတ်လေးက အမေ့ရဲ့ပါးလေးတစ်ဘက်ကို မျက်ရည်များဖြင့် နမ်းပြီး နှုတ်ဆက်နေသည်။

အမေကတော့ ကျွန်တော်တို့နဲ့ ဘဝခြားသွားပါပြီ။ အမေ့ဘဝတစ်လျှောက်လုံးမှာ တွေ့ကြုံခံစားရတဲ့ လောကဓံရိုက်ချက်တွေက သိပ်ကိုပြင်းလွန်းပါတယ်. .

အမေချစ်တဲ့ လယ်ကွင်းကလေးထဲမှာ ထာဝရလဲလျောင်းပြီးအိပ်စက်ပါတော့ အမေ. . အနားယူပါတော့နော်. . ညီလေးတွေကို သားစောင့်ရှောက်ပါ့မယ်. . သားတို့ညီအစ်ကိုတွေ တကွဲတပြားစီ မဖြစ်စေရတော့ဘူးဆိုတာ မေမေ ယုံလိုက်တော့နော်. .



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ကြီးမှာမိုးတွေညိုနေသည်။ မိုးတိမ်တောင်တွေ တလိပ်လိပ်တက်လာနေသည်။ လယ်ကွင်းတစ်ပြင်လုံး ငြိမ်သက်နေသည်။

လယ်ကွင်းထဲမှာပဲ မွေးပြီး လယ်ကွင်းထဲမှာပဲ အသက်စွန့်သွားတဲ့ ဒေါ်ရင်ငွေ. . ကျဉ်းမြောင်းလှတဲ့ဘဝထဲမှာမှ သူမ၏သစ္စာတရားက စံတင်လောက်ပေသည်။

စွန့်လွှတ် ပေးဆပ်ရဲတဲ့စိတ်ကလည်း လေးစားလောက်ပေသည်။

ဒေါ်ရင်ငွေ၏သားကြီးစာဝါက ရှေ့ဆုံးမှနေပြီး အမေ့ခေါင်းပုံကို ကိုင်ကာ လျှောက်လာနေသည်။ သူ့မျက်ဝန်းမှာ မျက်ရည်တွေနဲ့ပေါ့။

သူ့နောက်မှာတော့ ကျန်တဲ့သားလေးယောက်က အမေ့ရုပ်အလောင်းကို ထမ်းပြီး လျှောက်လာကြသည်။

သူတို့လေးယောက်လုံး အသံတိတ်ငိုကြွေးနေကြတာ ဘယ်သူသိလို့လဲ။

လောကမှာ အသုံးမဝင်တော့တဲ့ ဘယ်ပစ္စည်းမဆို စွန့်ပစ်ကြတာ ဓမ္မတာဆိုပေမယ့် အခု သူတို့စွန့်ပစ်ရမှာက နို့ချိုတိုက်ကျွေးပြီး သူတို့ကို မွေးခဲ့တဲ့အမေလေ. . ဘယ်စွန့်ချင်ပါ့မလဲ. . စိတ်ချပါ





အမေ. . နွဲ့ရုပ်ပေမယ့်လည်း တန်ဖိုးရှိတဲ့ နွဲ့ရုပ်၊ ကမ္ဘာကျော်မယ့် နွဲ့ရုပ်တွေဖြစ်အောင် သားတို့ကြိုးစားမှာပါ။

မိုးက သဲသဲမဲမဲရွာချလိုက်သည်။ မိုးရေတွေနှင့်အတူ စီးကျသွားတဲ့ သူတို့မျက်ရည်တွေ. . မေမေ အေးချမ်းစွာအနားယူအိပ်စက်ပါတော့နော်. . .

မုပိုင်နှင်းဆီ
8:57 PM,
18th ,January,
2010, Monday

မုပိုင်နှင်းဆီကို Facebook ပေါ်တွင်လည်း အားပေးနိုင်ပါသည်။

Find "Mu Paing Rose"on Facebook and become a fan



www.burmeseclassic.com